# မြန်မာနိုင်ငံ၏ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု

ဗားရှင်း ၁.၅ - ၂၀၂၀ ခုနှစ် ဧပြီလ

**ကိုးကားဖော်ပြချက်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ UN-REDD အစီအစဉ် (၂၀၂၀)၊ မြန်မာနိုင်ငံ၏ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု Working document, version 1.5, April 2020.

**ကျေးဇူးတင်လွှာ**

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ရေးဆွဲရာတွင် ပါဝင်ကူညီပေးခဲ့ကြသော မြန်မာနိုင်ငံ အကျိုးစပ်ဆက်သက်ဆိုင်သူများ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-SES) အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ UN-REDD အစီအစဉ် စီမံခန့်ခွဲမှုအဖွဲ့တို့အား ကျေးဇူးတင်ရှိပါသည်။ ဤ စာတမ်းပြုစုရာတွင် ကူညီပေးခဲ့သော Dr.သောင်းနိုင်ဦး (သစ်တောသုတေသနဌာန)၊ Alexis Corblin နှင့် Steven Swan (ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်)၊ Charlotte Hicks၊ Cordula Epple နှင့် Judith Walcott (UNEP-WCMC)၊  Kin Yii Yong (UNDP) နှင့် Kristin Devalue (FAO) တို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဆက်သွယ်ရန် -**

Dr. သောင်းနိုင်ဦး
ညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)
ရေဆင်း
နေပြည်တော်၊ မြန်မာ
ဖုန်း - + ၉၅ ၆၇ ၃၄၁၆၅၂၃၊ ၀၆၇ ၃၄၁၆၅၂၄၊ ဖက်စ် - +၉၅ ၆၇ ၃၄၁၆၅၂၁

## မာတိကာ


အတိုကောက်ဝေါဟာရစကားလုံးများ

အနှစ်ချုပ်

၁။ နိဒါန်း

၂။ REDD+ အတွက် ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဥ်း သော နောက်ခံအကြောင်းအရာများ

၂.၁။ ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်စပ်စည်းကမ်းချက်များ

၂.၂။ အခြားသော ဆက်စပ်မှုရှိသည့် ကာကွယ်စောင့်ရှောက်မှုစည်းကမ်းသတ်မှတ်ချက်များ

၂.၃။ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဥ်းကပ်ဆောင်ရွက်မှု နည်းလမ်းဆိုသည်မှာ အဘယ်နည်း

၃။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဥ်းကပ်ဆောင်ရွက်မှုနည်းလမ်း ရေးဆွဲချမှတ်ရာတွင် အသုံးပြုသော နည်းစနစ်များ

၄။ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဆင့်များနှင့် ထွက်ပေါ်လာသည့် ရလဒ်များ

၄.၁။ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဥ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာကို သတ်မှတ်ခြင်း

၄.၂။ အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကျားမရေးရာ

၄.၃။ REDD+ မူဝါဒများနှင့် နည်းလမ်းများမှ ရရှိနိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ဆန်းစစ်လေ့လာခြင်း

၄.၄။ တည်ဆဲမူဝါဒများ၊ ဥပဒေများနှင့် စည်းမျဥ်းစည်းကမ်းများ (PLRs) ကို ပြန်လည်သုံးသပ်ခြင်း

၄.၅။ REDD+ ကာကွယ်စောင့်ရှောက်မှုများအား အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းခြင်း

၄.၆။ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် (SIS)အတွက် သတင်းလိုအပ်ချက်များ နှင့် အသုံးပြုနိုင်ခြေရှိသည့် ညွှန်ကိန်းများကို သတ်မှတ်ဖော်ထုတ်ခြင်း

၄.၇။ SIS စနစ်အတွက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ လုပ်ငန်းဆောင်တာများနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း

၅။ ဆောင်ရွက်ဆဲလုပ်ငန်းများ

၅.၁။ ကာကွယ်စောင့်ရှောက်မှုများအား လေးစားလိုက်နာကြောင်း သေချာစေရန် အစီအမံများ

၅.၂။ ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း

၅.၃။ REDD+ အတွက် နစ်နာမှုများ တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ် (GRM) တစ်ခု ဒီဇိုင်းရေးဆွဲခြင်း

၅.၄။ အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အားကောင်းစေခြင်းနှင့် ကျားမတန်းတူညီမျှရေး တုံ့ပြန်ဆောင်ရွက်မှုများကို အားပေးမြှင့်တင်ခြင်း

၅.၅။ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် လည်ပတ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ခြင်း

၆။ နိဂုံးနှင့် ရှေ့လုပ်ငန်းစဉ်များ

နောက်ဆက်တွဲ (၁) - မြန်မာနိုင်ငံအတွက် UNFCCC REDD+ ကာကွယ်စောင့် ရှောက်မှုများ (ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများ) ကို နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်၊

# အတိုကောက်ဝေါဟာရစကားလုံးများ

| | |
|---|---|
| BUR | Biannual Update Report<br>နှစ်နှစ်တစ်ကြိမ်တင်သွင်းရသော အစီရင်ခံစာ |
| CHRO | Chin Human Rights Organization<br>ချင်းလူ့အခွင့်အရေးအဖွဲ့ |
| CSO | Central Statistical Organization<br>ဗဟိုစာရင်းအင်းအဖွဲ့ |
| EAO | Ethnic Armed Organization<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| ECD | Environmental Conservation Department<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| EIA | Environmental Impact Assessment<br>ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း |
| ESF | Environmental and Social Framework<br>ပတ်ဝန်းကျင်နှင့်လူမှုရေးမူဘောင် |
| FPIC | Free, Prior and Informed Consent<br>ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သောသဘောထား တောင်းခံခြင်း |
| GAD | General Administration Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GCF | Green Climate Fund<br>အစိမ်းရောင်ရာသီဥတုရန်ပုံငွေအဖွဲ့ |
| GRM | Grievance Redress Mechanism<br>နစ်နာမှုများအတွက် တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးသော လုပ်ငန်းစဉ် |

| | |
|---|---|
| MOALI | Ministry of Agriculture, Livestock and Irrigation<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MOEA | Ministry of Ethnic Affairs<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| MONREC | Ministry of Natural Resources and Environmental Conservation<br>သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| MOPF | Ministry of Planning and Finance<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| M&E | Monitoring and Evaluation<br>စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း |
| NCU | National Coordination Unit<br>နိုင်ငံအဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ |
| NFMS | National Forest Monitoring System<br>အမျိုးသားအဆင့် သစ်တောသယံဇာတစောင့်ကြည့်စစ်ဆေးခြင်းစနစ် |
| NRS | National REDD+ Strategy<br>နိုင်ငံအဆင့် REDD+ မဟာဗျူဟာ |
| PaMs | Policies and Measures<br>မူဝါဒများနှင့် နည်းလမ်းများ |
| PLRs | Policies, Laws and Regulations<br>မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ |
| REDD+ | Reducing Emissions from Deforestation and forest Degradation, plus the conservation and enhancement of forest carbon stocks, and the sustainable management of forests<br>သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုများ လျှော့ချခြင်းအပြင် သစ်တောများ ရေရှည် |

| | |
|---|---|
| | တည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောကာဗွန်ပမာဏ လျော့ပါးမသွားစေရန် ထိန်းသိမ်းခြင်းနှင့် သစ်တောကာဗွန်များ တိုးမြှင့်သိုလှောင်ခြင်း |
| SDG | Sustainable Development Goal<br>စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ |
| SIS | Safeguards Information System<br>ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် |
| SoI | Summary of Information<br>သတင်းအချက်အလက်အနှစ်ချုပ်အစီရင်ခံစာ |
| TWG-SES | Technical Working Group on Stakeholder Engagement and Safeguards<br>အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ |
| UAGO | Union Attorney General's Office<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| UNEP-WCMC | UN Environment Programme World Conservation Monitoring Centre<br>ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းမှု စောင့်ကြည့်ရေးဌာန |
| UNFCCC | United Nations Framework Convention on Climate Change<br>ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ မူဘောင် ကွန်းဗင်းရှင်း |
| UN-REDD Programme | United Nations Collaborative Programme on Reducing Emissions from Deforestation and Forest Degradation in Developing Countries |

| | |
|---|---|
| | ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး ကုလသမဂ္ဂပူးပေါင်းဆောင်ရွက်မှုအစီအစဉ် |
| VFV Land | Vacant, Fallow and Virgin Land |
| | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ |
| WCS | Wildlife Conservation Society |
| | သားငှက်ထိန်းသိမ်းရေးအဖွဲ့ |

# အနှစ်ချုပ်

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကာလအတွင်းတွင် မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ မူဘောင်ကွန်ဗင်းရှင်း (UNFCCC) အောက်တွင် သဘောတူညီထားသည့်အတိုင်း REDD+ အတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို အားပေးမြှင့်တင်ပံ့ပိုးနိုင်ရန် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းတစ်ခုကို ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်၍ ရေးဆွဲခဲ့ပါသည်။ 'ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများ' ဟူ၍လည်း လူသိများသော အဆိုပါကာကွယ်စောင့်ရှောက်မှုများသည် လုပ်ဆောင်မှုများကြောင့် ပေါ်ပေါက်လာနိုင်သော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို နည်းနိုင်သမျှနည်းအောင် လျှော့ချရန်နှင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခုကို ချမှတ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် UNFCCC ၏ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံရှိ အမျိုးသားအဆင့်ပန်းတိုင်များ၊ နိုင်ငံ၏ အခြေအနေများနှင့်အညီ တည်ဆဲမူဝါဒများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ (PLRs)၊ အဖွဲ့အစည်းများနှင့် သတင်းစနစ်များပေါ်တွင် တတ်နိုင်သမျှအားပြုလျက် ရေးဆွဲလျက်ရှိသော REDD+ မူဝါဒများနှင့် နည်းလမ်းများ (PaMs)၊ ယင်းတို့နှင့် ဆက်စပ်၍ ရရှိနိုင်သော အခွင့်အလမ်းများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံမှ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းကိုဖော်ထုတ်သတ်မှတ်ရန်၊ ရေးဆွဲချမှတ်ရန်နှင့် ပို၍အားကောင်းအောင် လုပ်ဆောင်ရန်လိုအပ်သည့် အဓိကအစိတ်အပိုင်းများမှာ -

၁။ ကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်သည့် မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများ၊

၂။ ကာကွယ်စောင့်ရှောက်မှုများအား လေးစားလိုက်နာလျက်ရှိကြောင်း သေချာအောင် လုပ်ဆောင်ပေးနိုင်မည့် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည်များ၊

၃။ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် မည်သို့ ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သို့ လေးစားလိုက်နာနေကြောင်း သတင်းအချက်အလက်များကို ရရှိအောင် ဆောင်ရွက်ပေးနိုင်မည့် ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်တို့ ဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ ဤစာတမ်းကို ရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်နေမှု အနေအထားများအား ဖော်ပြပေးနိုင်သည့် အသေးစိတ်သတင်းအချက်အလက်များကို ပံ့ပိုးပေးရန် ဖြစ်ပါသည်။ ဥပမာ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ အဓိကအစိတ် အပိုင်းများအတွက် ဆောင်ရွက်နေမှုများနှင့် ထွက် ပေါ်လာသော အဓိကရလဒ်များအကြောင်း အချက်အလက်များဖြစ်ပါသည်။ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင် ရွက်မှုနည်းလမ်း၏ အစိတ်အပိုင်းများကို ဖော်ပြထား သည့်အပြင် အဆိုပါနည်းလမ်းကို ပိုမိုအားကောင်း၍ ထိရောက်မှုရှိစေရန် ဆောင်ရွက်လျက်ရှိသော လုပ်ထုံးလုပ်နည်းနှင့် အထောက် အကူအချို့ကိုလည်း တင်ပြထားပါသည်။ ဥပမာ ဒေသခံပြည်သူများ နှင့် တိုင်းရင်းသားလူနည်းစုများမှ အမျိုးသမီး၊ အမျိုးသားနှင့် လူငယ်များ အပါအဝင် သင့်လျော်သည့် အကျိုးဆက်စပ်သက်ဆိုင်သူများ အားလုံး ပါဝင်ဆောင်ရွက်စေနိုင်မည့် နည်းလမ်းများအား ရှာဖွေခြင်း နှင့် REDD+ စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများတွင် ၎င်းတို့၏ သာတူညီမျှစွာနှင့် အဓိပ္ပါယ်ပြည့်ဝထိရောက်စွာ ပါဝင် ဆောင်ရွက်နိုင်ရေး အားပေးကူညီခြင်းတို့သည် မြန်မာနိုင်ငံရှိ REDD+ လုပ်ငန်းစဉ်၏ အဓိကကျသော လုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ဤစာတမ်းတွင် တင်ပြထားသော ရလဒ်များ အားလုံးသည် အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေး နွေးဆောင်ရွက်ခြင်းနှင့် ကာကွယ် စောင့် ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-SES) ၏ ကြီးကြပ်မှုဖြင့် အားထုတ် ကြိုး ပမ်းခဲ့မှုများမှ ထွက်ပေါ်လာသော ရလဒ်များဖြစ်ပြီး အကျိုးဆက်စပ်သက်ဆိုင်သူများထံမှ အကြံပြုချက်များစွာကို ရယူ၍ ပြုစုထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့်ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းကို ရေးဆွဲချမှတ်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များသည် ယခုအခါတွင် ဆောင်ရွက်ပြီးစီး ခဲ့ပြီဖြစ်သည် -

- ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာကို သတ်မှတ် ခြင်း - ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာကို ကနဦးသဘောတူချမှတ်ပြီးဖြစ်ကာ

အနာဂတ်တွင် ရရှိလာသည့် အသိပညာနှင့် အတွေ့အကြုံသစ်များပေါ်မူတည်၍ ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။

- REDD+ PaM များကြောင့် ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ဖြစ်ပေါ် နိုင်ခြေရှိသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်ခြင်း - မြန်မာနိုင်ငံတွင် ကာကွယ်စောင့် ရှောက်မှုများကို လိုက်နာကျင့်သုံးရာ၌ ဦးစားပေးရမည့် အကြောင်းကိစ္စရပ်များကို သတ်မှတ်နိုင်ရန်အတွက် အရေးကြီးသော အချက်အလက်များကို ဤအဆင့်မှ ရရှိခဲ့ပါသည်။ ထို့ပြင် နိုင်ငံအဆင့် REDD+ မဟာဗျူဟာအတွင်း ထည့်သွင်းရန် အဆိုပြုထားသော PaM များကို ပြန်လည်မွမ်းမံ ပြင်ဆင်ရာတွင် လိုအပ်သည့် အချက်အလက်များကိုလည်း ရရှိစေခဲ့ပါသည်။
- ကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်နွယ်မှုရှိသည့် တည်ဆဲ PLR များကို ပြန်လည်သုံးသပ်ခြင်း - ကာကွယ်စောင့်ရှောက်မှုများအတွက် တည်ဆဲ PLR မှဘောင်မှ မည်သည့်အတိုင်းအတာအထိ အထောက်အကူပြုနိုင်ကြောင်းနှင့် မည်သည့်နယ်ပယ်များတွင် ပို၍အားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း သိရှိနိုင်ရန် ဆန်းစစ်လေ့လာမှု တစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။
- REDD+ ကာကွယ်စောင့်ရှောက်မှုများအား အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုခြင်း - မြန်မာနိုင်ငံ၏ အခြေအနေများအရ ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများသည် မည်သည့် အဓိပ္ပါယ်ဆောင်ကြောင်း အကျိုးဆက်စပ်သက်ဆိုင်သူများအားလုံးကြား တူညီသော နားလည်သိရှိမှု ရရှိစေရန်အတွက် နိုင်ငံအခြေအနေများနှင့် လိုက်လျောညီထွေသည့် အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုမှုကို ပြုလုပ်ခဲ့ပါသည်။ ယင်းသည် ကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ စွမ်းရည်မြှင့်တင်မှု နှင့် လမ်းညွှန်မှုများအတွက် အရေးပါသည့် အခြေခံတစ်ခု ဖြစ်သလို ကာကွယ်စောင့်ရှောက်မှု သတင်းစနစ် (SIS) နှင့်စပ်လျဉ်းသည့် လုပ်ငန်းများအတွက်လည်း လမ်းညွှန်တစ်ခု ဖြစ်ပါ သည်။
- SIS အတွက် လိုအပ်သော သတင်းအချက်အလက် အမျိုးအစားများနှင့် အသုံးပြုနိုင်ခြေရှိသော ညွှန်ကိန်းများကို ဖော်ထုတ်ခြင်း - မြန်မာနိုင်ငံသည် UNFCCC ၏ SIS စနစ် ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံသည် ကာကွယ်စောင့်ရှောက်မှုများကို မည်သို့ ကိုင်တွယ်ဆောင်ရွက်နေကြောင်း၊ လေးစားလိုက်နာလျက်ရှိကြောင်း ပြသနိုင်ရန် လိုအပ်သည့် သတင်းအချက်အလက် အမျိုးအစားများကို ဖော်ထုတ်နိုင်ရန် ဆန်းစစ်လေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် SIS စနစ်အတွက် အသုံးပြုနိုင်ခြေရှိသော ညွှန်ကိန်းများကိုလည်း ရေးဆွဲခဲ့ပါသည်။

- SIS စနစ်အတွက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို သတ်မှတ်ခြင်း - မြန်မာနိုင်ငံ၏ SIS စနစ်ကို ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအမံများအား အဆိုပြုထားသည့် အဆိုပြုလွှာတစ်ခုအား အကျိုးသက်ဆိုင်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အနီးကပ်တိုင်ပင်ဆွေးနွေး၍ ပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ၏ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ရေးဆွဲချမှတ်စဉ် ကာလတစ်လျှောက်လုံးတွင် ဒေသခံပြည်သူများ၊ အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစု များ၊ အစရှိသည့် ထိခိုက်လွယ်သော အကျိုးဆက်စပ်သက်ဆိုင်သူအုပ်စုများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် ဆန်းစစ်လေ့လာမှုများအပြင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက် အနှစ်ချုပ် အစီရင်ခံ စာ (SoI) ကို ရေးသားပြုစုနေစဉ်အတွင်းတွင်လည်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ရာ မြန်မာ နိုင်ငံအနေဖြင့် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို လက်တွေ့ ဖော်ဆောင်နိုင်ရေး သင့်လျော်သည့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများနှင့် တာဝန်ခွဲဝေမှုများကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် ဆက်လက်ဆွေးနွေး ဆောင် ရွက်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို အသေးစိတ် ရေးဆွဲရန်နှင့် ပိုမိုအားကောင်းစေရန်အတွက် အောက်ပါတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည် -

- ကာကွယ်စောင့်ရှောက်မှုများကို လေးစားလိုက်နာကြောင်း သေချာစေရန် လုပ်ဆောင်နိုင်မည့် အစီအမံများ ချမှတ်ခြင်း - လုပ်ငန်းကဏ္ဍများနှင့် တာဝန်များကို ရှင်းရှင်းလင်းလင်း ခွဲဝေသတ်မှတ်ခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ဥပမာ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်များပြုစုခြင်းနှင့် အသိမြှင့်တင်ပေးခြင်းတို့ ဖြစ်ပါသည်။
- ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားရယူခြင်း (FPIC) လမ်းညွှန်ချက်များ ပြုစုခြင်း - REDD+ PaM များအတွက် စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေးများနှင့် ဦးစားပေးကိစ္စများကို လေးစားလိုက်နာကြောင်း သေချာစေရန် ထိုလမ်းညွှန်ချက်များက ဆောင်ရွက်ပေးနိုင်ပါသည်။

- REDD+ အတွက် နစ်နာမှုများကို တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ် (GRM) တစ်ခု ရေးဆွဲချမှတ်ခြင်း - ဤလုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ REDD+ PaM များကြောင့် ဒေသခံပြည်သူများအပေါ် ထိခိုက်မှုများနှင့် ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်မှုများနှင့်စပ်လျဉ်းသည့် နစ်နာကြောင်း တိုင်ကြား ချက်များနှင့် အကြံပြုချက်များကို လက်ခံစုဆောင်း၍ ကိုင်တွယ်ဖြေရှင်းပေးရန် ဖြစ်ပါသည်။
- REDD+ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ကျားမရေးရာရှုထောင့်ကို အပြည့်အဝ ပေါင်းစပ်ထည့်သွင်းနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်း ဆွေးနွေးဆောင်ရွက်မှုများ အားကောင်းစေခြင်းနှင့် နည်းလမ်းများ ချမှတ်ခြင်း၊
- ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် လုပ်ငန်းလည်ပတ်နိုင်အောင် ဆောင်ရွက်ခြင်း - မြန်မာ နိုင်ငံ၏ SIS ဒီဇိုင်းကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် သဘောတူညီ ချက်များ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များကို သတ်မှတ်ဖော်ထုတ်ခြင်းအား ဆောင် ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၎င်း၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းကို တစ်ဆင့်ချင်းစီ ဖော်ဆောင်ရင်း ကောင်းသထက်ကောင်းအောင် ပြုပြင်ပြောင်းလဲ လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားသည်နှင့်အညီ အနာဂတ်တွင် အစိတ်အပိုင်းအသစ်များ ထပ်မံထည့်သွင်း နိုင်သည်ဟု မျှော်လင့်ရပါသည်။ သို့သော် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းတွင် ပါဝင်သည့် အဓိကအစိတ်အပိုင်းများကို သတ်မှတ်ရာတွင် ယနေ့အချိန်အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သော လုပ်ငန်းများမှ ကြီးမားသော တိုးတက်မှုများ ရရှိထားပြီးဖြစ်သဖြင့် အမျိုးမျိုးသော အကျိုးသက်ဆိုင်သူများ၏ ရှုထောင့်အမြင်များကို ကိုယ်စားပြုပြီး နိုင်ငံတွင်းတွင် REDD+ အား ကျယ်ကျယ်ပြန့်ပြန့် လက်ခံမှု ရရှိစေရန်နှင့် ရေရှည်တွင် တည်တံ့ခိုင်မြဲမှုရှိစေရန် အခြေခံအုတ်မြစ်များကို ချမှတ်ထားပြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

# ၁။ နိဒါန်း

မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးသဘောတူညီချက် (UNFCCC) အရ ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေးအတွက် နိုင်ငံတကာမှ သဘောတူဆောင်ရွက်သော REDD+[1] အစီအစဉ်တွင် ပါဝင်နိုင်ရန် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်နေပါသည်။

REDD+ ၏ အဓိကရည်မှန်းချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သစ်တောကာဗွန်ပမာဏများကို လျော့ပါးမသွားစေရန် ထိန်းသိမ်းခြင်းနှင့် တိုးမြှင့်ခြင်း နည်းလမ်းများဖြင့် လေထုတွင်းရှိ မှန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှုကို လျှော့ချရန် ဖြစ်ပါသည်။ UNFCCC ၏ REDD+ ဆိုင်ရာ ဆုံးဖြတ်ချက်များတွင် REDD+ လုပ်ငန်းများသည် ရာသီဥတုပြောင်းလဲမှု လျော့ချရေးထက်မကသော လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများ ရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် အလားအလာကို အသိအမှတ်ပြုထားပါသည်။ ဥပမာ သစ်တောများကို မှီခိုသော လူမှုအသိုင်းအဝိုင်းများအတွက် သက်မွေးမှုလုပ်ငန်းများ တိုးတက်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော သစ်တောဧရိယာများကို ထိန်းသိမ်းစောင့်ရှောက် နိုင်ရန် အထောက်အကူပြုခြင်းနှင့် ရေထိန်းညှိပေးခြင်းကဲ့သို့ သစ်တောများမှ ပေးအပ်သော အခြား ဂေဟစနစ်ဝန်ဆောင်မှုများကို တိုးတက်စေခြင်းတို့မှ တစ်ဆင့် ကောင်းကျိုးပြုနိုင်ပါသည်။ ထို့ပြင် အဆိုပါဆုံးဖြတ်ချက်များတွင် လူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို တားဆီးကာကွယ်ပေးရန် လိုအပ်ကြောင်းကိုလည်း အလေးအနက် ဖော်ပြထားပါသည်။ ဥပမာ REDD+ ဆောင်ရွက်ချက်များကြောင့် မြေယာ လုပ်ပိုင်ခွင့်၊ အရင်းအမြစ်များ လက်လှမ်းမှီ အသုံးပြုခွင့်တို့နှင့်စပ်လျဉ်း၍ ပဋိပက္ခများ ဖြစ်ပေါ်လာလျှင် သို့မဟုတ် မြေအသုံးချမှုဖိအားများကို တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားစေမည်ဆိုလျှင် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာ နိုင်ပါသည်။

နိုင်ငံများအနေဖြင့် REDD+ ကို အကောင်အထည်ဖော်ရာတွင် အကျိုးရှိသောရလဒ်များ ပေါ်ထွက်လာ စေမည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်အောင် လမ်းညွှန်ပေးရန်အတွက် ၂၀၁၀ ခုနှစ် မက္ကစီကိုနိုင်ငံ၊ ခန်ခွန်းမြို့တွင် ကျင်းပသော ၁၆ ကြိမ်မြောက် UNFCCC အဖွဲ့ဝင်နိုင်ငံများ

[1] UNFCCC အောက်တွင် REDD+ ၏ အစိတ်အပိုင်းများအဖြစ် သီးခြားဆောင်ရွက်ရန် သတ်မှတ်ထားသော လုပ်ငန်းများမှာ - သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုများ လျှော့ချခြင်းအပြင် သစ်တောများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောကာဗွန်ပမာဏ လျော့ပါးမသွားစေရန် ထိန်းသိမ်းခြင်းနှင့် သစ်တောကာဗွန်များ တိုးမြှင့်သိုလှောင်ခြင်းတို့ ဖြစ်ပါသည်။ (UNFCCC Decision 1/CP.16 paragraph 70); အပိုင်း (၂) အောက်မှ ရှင်းလင်းချက်ကိုလည်း ဖတ်ရှုနိုင်ပါသည်။

ညီလာခံတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို လက်ခံအတည်ပြုခဲ့ကြပါသည်။ အဆိုပါ ကာကွယ်စောင့်ရှောက်မှုများ (ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများဟူ၍လည်း လူသိများ) ကို နိုင်ငံအဆင့်တွင် ထိရောက်၍ ပွင့်လင်းမြင်သာစွာ ကျင့်သုံးနိုင်မည့် လုပ်ငန်းစဉ်တစ်ခုကို ချမှတ်ကျင့် သုံးခြင်းဖြင့် နိုင်ငံများသည် သစ်တောနှင့် မြေအသုံးချမှုကဏ္ဍအတွင်းရှိ ရာသီဥတုပြောင်းလဲမှု လျော့ပါးရေး လုပ်ဆောင်ချက်များကို ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုနှင့် လူမှုရေးသာတူညီမျှမှုတို့ကို အထိခိုက်ခံ၍ လုပ်ဆောင်မည်မဟုတ်ကြောင်း အာမခံချက်ပေးနိုင်မည်ဖြစ်ပြီး ယုံကြည်မှုကိုတည်ဆောက်နိုင်မည် ဖြစ်ပါသည်။ [2]

မြန်မာနိုင်ငံအစိုးရသည် ဇီဝမျိုးစုံမျိုးကွဲများကဲ့သို့ ကမ္ဘာ့ပတ်ဝန်းကျင်အရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကုန်းမြေပျက်စီးမှုများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ကူညီခြင်း၊ ကျေးလက်နေဆင်းရဲနွမ်းပါးသူများ၏ သက်မွေးမှုလုပ်ငန်းများ တိုးတက်စေရန် ကူညီခြင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်မှုများကို အထောက်အပံ့ပြု ခြင်းဖြင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် REDD+ ကို အခွင့်အလမ်းတစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ကြေညာထားပြီး ဖြစ်ပါသည်။[3] ထို့ကြောင့် မြန်မာနိုင်ငံ အတွက် နိုင်ငံအဆင့် REDD+ မဟာဗျူဟာတစ်ရပ် ရေးဆွဲရာတွင် ကာကွယ်စောင့်ရှောက်မှုများ ဆိုင်ရာ လုပ်ငန်းများသည် အရေးပါပြီး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယခုအခါ ထိုမဟာ ဗျူဟာကို အပြီးသတ်ရေးဆွဲနေပြီ ဖြစ်သည်။ မဟာဗျူဟာမူကြမ်းတွင် ကာဗွန်ထုတ်လွှတ်မှုများကို လျှော့ချခြင်း သို့မဟုတ် သစ်တောကာဗွန်ပမာဏ တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်မည့်၊ REDD+ အကောင်အထည်ဖော်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို ပြုလုပ်နိုင်မည့် မူဝါဒများနှင့် နည်းလမ်းများ (PaMs) ပါရှိပါသည်။ ထို့ပြင် မဟာဗျူဟာတွင်လည်း မြန်မာနိုင်ငံမှ ကာကွယ်စောင့် ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းနှင့်စပ်လျဉ်းသည့် အစီအစဉ်အနှစ်ချုပ်ပါ ရှိပါသည်။

---

[2] UN-REDD အစီအစဉ် ကာကွယ်စောင့်ရှောက်မှုများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (၂၀၁၆) သဘောတရားရှင်းလင်းချက် - နိုင်ငံများ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ (UN-REDD Programme Safeguards Coordination Group (2016) Concept brief: Country approaches to safeguards) Technical Brief 02. UN-REDD Programme, Geneva. http://bit.ly/CASgds ကိုလည်း ကြည့်ပါ။

[3]မြန်မာနိုင်ငံ၏ REDD+ အဆင့်သင့်ဖြစ်ရေးလမ်းပြမြေပုံ (၂၀၁၃) ကို ကြည့်ပါ။ http://www.myanmar-redd.org/ps-admin/uploads/ reddusermanual/1442500360.pdf

ဤကာကွယ်စောင့်ရှောက်မှုများဆိုင်ရာစာတမ်းသည် မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ လက်ရှိအခြေအနေ၊ ဆိုလိုသည်မှာ ထိုနည်းလမ်းကိုရေးဆွဲပုံနှင့် နိုင်ငံအနေဖြင့် REDD+ အတွက် ကာကွယ်စောင့်ရှောက်မှုများကို 'ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် လေးစားလိုက်နာခြင်း' တို့ကို မည်သို့မည်ပုံ ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်းတို့နှင့် စပ်လျဉ်း၍ ပိုမိုပြည့်စုံသော အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးရန် ရည်ရွယ်ပါသည် (ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် လေးစားလိုက်နာခြင်းဟူသော အသုံးအနှုန်းများ အတွက် အဓိပ္ပါယ်ဖွင့် ဆိုချက်ကို အောက်ဖော်ပြပါ အပိုင်း ၂.၁ တွင် တွေ့ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့် ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းကို တစ်ဆင့်ချင်းစီ ရေးဆွဲဆောင်ရွက် နေခြင်းဖြစ်သောကြောင့် အနာဂတ်တွင် အစိတ်အပိုင်းအချို့ကို ထပ်မံဖြည့်စွက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်နိုင်ပါသည်။

ဤစာတမ်းကို အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-SES) ၏ ကြီးကြပ်မှုဖြင့် ရေးသားပြုစုခဲ့ ခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်းသည့် လေ့လာမှုနှင့် လုပ်ဆောင်မှုအချို့ပေါ်တွင်အခြေခံပြီး ထိုလေ့လာလုပ်ဆောင်မှုတိုင်းတွင် TWG-SES အစည်းအဝေး များ၊ အကျိုးသက်ဆိုင်သူများ ပါဝင်တက်ရောက်သော အလုပ်ရုံဆွေးနွေးပွဲများ၊ စာဖြင့်ရေးသား ပေးပို့မှုများမှတစ်ဆင့် လက်ခံရရှိသည့် အကျိုးသက်ဆိုင်သူများ၏ အကြံပြုချက်နှင့် အချက်အလက် များစွာ ပေါင်းစပ်ထည့်သွင်းထားပါသည်။ အပြီးသတ်ရေးဆွဲပြီးဖြစ်သော နိုင်ငံအဆင့် ကာကွယ်စောင့် ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတွင် ပါဝင်သော အစိတ် အပိုင်းများအပြင် ဤနည်းလမ်းကို ပို၍ အားကောင်းစေရန် ရည်မှန်း၍ ထပ်ဆောင်းဆောင်ရွက် လျက်ရှိသော လုပ်ထုံးနည်းလမ်းနှင့် နည်းလမ်းအထောက်အကူအချို့ကိုလည်း တင်ပြပေးထားပါ သည်။

ဤစာတမ်းတွင် အောက်ပါအကြောင်းအရာများကို တင်ပြထားပါသည် -

၁။ REDD+ အတွက် ကာကွယ်စောင့်ရှောက်မှုများအကြောင်း နောက်ခံသတင်းအချက်အလက်များနှင့် '**ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း**' ၏ အခြေခံသဘောတရား၊

၂။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ရေးဆွဲရာတွင် အသုံးပြုသည့် **နည်းစနစ်** သို့မဟုတ် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဆင့်များ၊

၃။ မြန်မာနိုင်ငံ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ **ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာ၊**

၄။ **အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းနှင့် ကျားမရေးရာ** ကိစ္စရပ်များကို စိစစ်လေ့လာထားချက်များ၊

၅။ မြန်မာနိုင်ငံတွင် REDD+ ကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လေ့လာဆန်းစစ်ချက်၊

၆။ ကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လေးစားလိုက်နာခြင်းတို့နှင့် ဆက်စပ်သက်ဆိုင်သည့် **မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ** (PLRs) ကို **ပြန်လည်သုံးသပ်လေ့လာချက်**နှင့် ယင်းမှ ပေါ်ထွက်လာသည့် အဓိကကျသော အကြံပြုချက်များ၊

၇။ **ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်** မြန်မာနိုင်ငံမှ **အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်၊**

၈။ **REDD+ ကာကွယ်စောင့်ရှောက်မှုများအား လေးစားလိုက်နာကြောင်း သေချာစေရေး** အတွက် အစီအစဉ်များ ရေးဆွဲချမှတ်နေမှု အခြေအနေ၊

၉။ မြန်မာနိုင်ငံတွင် အသုံးပြုမည့် ကာကွယ်စောင့်ရှောက်မှုများအတွက် နည်းလမ်း အထောက်အကူများထဲမှ တစ်ခုဖြစ်သော **ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC)** ဆိုင်ရာ လမ်းညွှန်ချက်များ ပြုစုမှု၊

၁၀။ မြန်မာနိုင်ငံအတွက် အဆိုပြုသော REDD+ ဆိုင်ရာ **နစ်နာမှုများအား တရားသဖြင့် ဖြစ်စေရန် ကိုင်တွယ်ဖြေရှင်းမှုလုပ်ငန်းစဉ်** (GRM)၊

၁၁။ REDD+ အတွက် **အားလုံးပါဝင်နိုင်သော၊ ကျားမတန်းတူညီမျှရေးကို အလေးထားသော**[4] **လုပ်ငန်းစဉ်များ** ပို၍အားကောင်းလာစေရန် အဆိုပြုထားသော ရှေ့လုပ်ငန်းစဉ်များ၊

---

[4] ကျားမတန်းတူညီမျှရေးကို အလေးထားသော ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခုတွင် ကျားမရေးရာ ကွာဟချက်များကို ကြိုတင်သိရှိအောင် ဖော်ထုတ်၍ နားလည်အောင် လေ့လာပြီး ကိုင်တွယ်ဖြေရှင်းနိုင်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သလို မူဝါဒများနှင့် ဆောင်ရွက်မှုများတွင် အစဉ်အလာဖြစ်နေသော ကျားမရေးရာ ဘက်လိုက်မှုများကို ကျော်လွှားနိုင်ရန် လုပ်ဆောင်ပါသည်။ ကျားမတန်းတူညီမျှရေး အလေးထား ဆောင်ရွက်ခြင်း ဆိုသည်မှာ အမျိုးသမီးများနှင့် အမျိုးသားများ၏ ကျားမရေးရာအခန်းကဏ္ဍများနှင့် ဆက်နွှယ် ပတ်သက်မှုများကို ပြန်လည်သတ်မှတ်ပေးရန် ကြိုးပမ်းပြီး ကျားမတန်းတူညီမျှမှု တိုးတက်မြင့်မားစေရေး တမင်ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကျားမတန်းတူညီမျှရေးကို အလေးထားသော မူဝါဒ၊ အစီအစဉ်၊ စီမံကိန်း သို့မဟုတ် စီမံချက်တစ်ခုသည် 'ဆိုးကျိုးသက်ရောက်မှုမရှိစေခြင်း' ထက်မက 'ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိအောင် ဆောင်ရွက်ရန်' ရည်ရွယ်ပါသည်။ (UN-REDD Methodological Brief on Gender, 2017)

၁၂။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် (SIS) ဒီဇိုင်းနှင့် ယင်းကို လက်တွေ့ ဆောင်ရွက်ရန် အစီအစဉ်များ၊

၁၃။ **သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ။**

# ၂။ REDD+ အတွက် ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်းသော နောက်ခံအကြောင်းအရာများ

## ၂.၁။ ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်စပ်စည်းကမ်းချက်များ

မက္ကစီကိုနိုင်ငံ၊ ခန်ခွန်းမြို့တွင် ကျင်းပသည့် ၁၆ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများညီလာခံ (COP16) တွင် လက်ခံအတည်ပြုခဲ့သည့် UNFCCC ၏ REDD+ အတွက် ကာကွယ်စောင့်ရှောက်မှု များ သည် လူမှုရေး၊ ပတ်ဝန်းကျင်နှင့် အုပ်ချုပ်ရေးဆိုင်ရာ အပိုင်းကဏ္ဍများကို လွှမ်းခြုံသည့် ကျယ်ပြန့်သော အခြေခံစည်းမျဉ်း ခုနစ်ခု ရှိပါသည်။ ကာကွယ်စောင့်ရှောက်မှုများအကြောင်း ဖော်ပြချက် အပြည့်အစုံ ကို အောက်ပါ အကွက် (၁) တွင် ဖတ်ရှုနိုင်ပါသည်။

သက်ဆိုင်ရာ UNFCCC ဆုံးဖြတ်ချက်များအရ REDD+ ကို အကောင်အထည်ဖော်သော နိုင်ငံများသည် ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ အဓိကစည်းကမ်းသတ်မှတ်ချက် သုံးခုကို ပြည့်မီသင့် ပါသည်[5] -

၁။ REDD+ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မည်သည့်ရင်းမြစ်မှ ရန်ပုံငွေ ရရှိသည်ဖြစ်စေ၊ မည်သည့်ရန်ပုံငွေအမျိုးအစားဖြစ်စေ အကောင်အထည်ဖော်စဉ်တစ်လျှောက်လုံးတွင် ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများကို အားပေးမြှင့်တင်ရန်နှင့် ပံ့ပိုးရန်၊

၂။ ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများကို မည်သို့ ကိုင်တွယ်ဆောင်ရွက်နေကြောင်းနှင့် မည်သို့ လေးစားလိုက်နာလျက်ရှိကြောင်း သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည့် စနစ်တစ်ခု (ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်၊ SIS ကို ဆိုလိုခြင်းဖြစ်) ထူထောင်ရန်၊

[5] UN-REDD အစီအစဉ် ကာကွယ်စောင့်ရှောက်မှုများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (၂၀၁၆) သဘောတရားရှင်းလင်းချက် - နိုင်ငံများ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ (UN-REDD Programme Safeguards Coordi-nation Group (2016) Concept brief: Country approaches to safeguards) Technical Brief 02. UN-REDD Programme, Geneva. http://bit.ly/CASgds

၃။ REDD+ လုပ်ငန်းများ အကောင်အထည်ဖော်စဉ်တစ်လျှောက်လုံးတွင် ခန်ခွန်းကာကွယ် စောင့်ရှောက်မှုများအားလုံးကို မည်သို့ ကိုင်တွယ်ဆောင်ရွက်နေကြောင်းနှင့် လေးစား လိုက်နာလျက်ရှိကြောင်း သတင်းအချက်အလက်အနှစ်ချုပ်အစီရင်ခံစာများကို တင်သွင်း ရန် ဖြစ်ပါသည်။

UNFCCC ဆုံးဖြတ်ချက်များတွင် 'ကိုင်တွယ်ဆောင်ရွက်ခြင်း' နှင့် 'လေးစားလိုက်နာခြင်း' ဟူသော ဝေါဟာရစကားလုံးများကို အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိဘဲ ထိုစကားလုံးများ၏ အဓိပ္ပါယ်ကို နိုင်ငံများမှ မိမိတို့နိုင်ငံ၏ အခြေအနေများပေါ် မူတည်၍ သတ်မှတ်ရန် ဖြစ်သော်လည်း အများလက် ခံထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် - [6]

- ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ်ဆောင်ရွက်ခြင်း ဆိုသည်မှာ REDD+ များမှ ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ထည့် သွင်းစဉ်းစား လျက် နိုင်ငံ၏ အခြေအနေများနှင့် လျော်ညီစွာ ကာကွယ်စောင့်ရှောက်မှုများကို ကျင့်သုံး ဆောင်ရွက်နိုင်ရေး အထောက်အပံ့ပြုသည့် အစပ်အဟပ်မိသော PLR များနှင့် ယင်းတို့နှင့်နှီး နွှယ်သည့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများရှိအောင် ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။
- ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများကို လေးစားလိုက်နာခြင်းဆိုသည်မှာ ကာကွယ်စောင့် ရှောက်မှုများကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်နိုင်ပြီး မြေပြင်တွင် စစ်မှန်သည့် ကောင်းကျိုးများ အမှန်တကယ် ဖြစ်ထွန်းနိုင်စေရန်အတွက် သက်ဆိုင်သည့် အဖွဲ့အစည်း ဆိုင်ရာ အစီအမံများ (နှင့် ပြုမူဆောင်ရွက်မှုများ) မှတစ်ဆင့် မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးခြင်းကို ဆိုလိုပါသည်။

[6] UN-REDD Programme. REDD+ ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ကြည့်ပါ။ https://www.unredd.net/knowledge/glossary.html

***Box အမှတ် (၁) - ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများ***

[REDD+] လုပ်ငန်းများကို ဆောင်ရွက်သောအခါတွင် အောက်ပါကာကွယ်စောင့်ရှောက်မှုများကို အားပေး မြှင့်တင် ၍ ပံ့ပိုးကူညီသင့်ပါသည် -

(က) လုပ်ဆောင်ချက်များသည် နိုင်ငံအဆင့် သစ်တောအစီအစဉ်များ၊ သက်ဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း များ၊ သဘောတူညီချက်များကို အထောက်အပံ့ပြုခြင်း သို့မဟုတ် ကိုက်ညီမှုရှိခြင်း၊

(ခ) နိုင်ငံရှိ ဥပဒေများနှင့် အချုပ်အခြာအာဏာပိုင်မှုကို ထည့်သွင်းစဉ်းစားလျက် နိုင်ငံ၏ သစ်တောအုပ်ချုပ်ရေး လုပ်ငန်းစဉ်အတွင်း ပွင့်လင်းမြင်သာ၍ ထိရောက်သော ဖွဲ့စည်းပုံများ ထားရှိခြင်း၊

(ဂ) သက်ဆိုင်ရာ နိုင်ငံတကာတာဝန်များ၊ နိုင်ငံ၏ အခြေနေများနှင့် ဥပဒေများကို ထည့်သွင်းစဉ်းစား၍ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းကို လက်ခံအတည်ပြုခဲ့ခြင်းကို သတိချပ်လျက် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အသိပညာဗဟုသု တနှင့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားခြင်း၊

(ဃ) ဆက်စပ်ပတ်သက်သည့် အကျိုးသက်ဆိုင်သူများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူ များမှ အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှု၊

(င) လုပ်ဆောင်ချက်များသည် သဘာဝတောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်း များနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီး [REDD+] လုပ်ဆောင်ချက်များကို အကြောင်းပြု၍ သဘာဝတောများအား ပြောင်းလဲအသုံးပြုခြင်းမရှိစေဘဲ သဘာဝတောများနှင့် ၎င်းတို့၏ ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်း သိမ်းကာကွယ်စောင့်ရှောက်ချင်လာအောင်၊ အခြားသော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ တိုးပွားအောင် လုပ်ဆောင်ချင်စိတ်ရှိလာအောင် ဆွဲဆောင်အားပေးရန်အတွက် ဖြစ်စေရပါမည်။[1]

(စ) ရရှိထားသော အောင်မြင်မှုများ မူလအခြေအနေသို့ ပြန်လည်ဆိုက်ရောက်နိုင်ခြေအန္တရာယ်ကို ကိုင်တွယ် ဖြေရှင်းသည့် လုပ်ဆောင်ချက်များ၊

(ဆ) ကာဗွန်ထုတ်လွှတ်မှုများ နေရာပြောင်းရွှေ့ဖြစ်ပေါ် နိုင်ခြေ အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ဆောင် ချက်များ၊

*[1] ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ မိခင်ကမ္ဘာမြေ နေ့တို့နှင့်အညီ နိုင်ငံအများစုရှိ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ရေရှည်လုပ်ကိုင် စားသောက်နိုင်သော သက်မွေးမှုလုပ်ငန်းများ လိုအပ်မှုနှင့် ၎င်းတို့၏ သစ်တောများပေါ်တွင် အပြန်အလှန်မှီခိုရမှုတို့ကို ထည့်သွင်း စဉ်းစားလျက်၊*

*ရည်ညွှန်းချက် - UNFCCC Dec. 1/CP.16*

## ၂.၂။ အခြားသော ဆက်စပ်မှုရှိသည့် ကာကွယ်စောင့်ရှောက်မှုစည်းကမ်း သတ်မှတ်ချက်များ

နိုင်ငံများအနေဖြင့် UNFCCC အောက်ရှိ ရလဒ်များကို အခြေခံ၍ပေးအပ်သော ရန်ပုံငွေများ[7] ရရှိရန် အရည်အချင်းပြည့်မီစေရေးအတွက် ခန်ခွန်းကာကွယ်စောင့်ရှောက်မှု ခုနစ်ခုကို လိုက်နာကျင့်သုံးရန်မှာ အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ သို့သော် REDD+ မူဝါဒများနှင့် နည်းလမ်းများ (PaMs) အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို အားပေးလိုသော နိုင်ငံများအဖို့ ရန်ပုံငွေရရှိနိုင်ခြေရှိသည့် ရင်းမြစ်များပေါ်တွင် မူတည်၍ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စံနှုန်းများကို ထပ်ဆောင်းလိုက်နာဆောင်ရွက်ရန် စဉ်းစားဖို့ လိုအပ်ပါလိမ့်မည်။

ဥပမာ အစိမ်းရောင်ရာသီဥတုရန်ပုံငွေအဖွဲ့ (GCF) သည် REDD+ PaM များအတွက် ရန်ပုံငွေပံ့ပိုးပေးသည့် အဖွဲ့အစည်းဖြစ်ပြီး ရလဒ်များပေါ် အခြေခံသည့် ရန်ပုံငွေများကိုလည်း ပေးအပ်ပါသည်။ GCF သည် ၂၀၁၈ ခုနှစ်တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ မူဝါဒတစ်ရပ်ကို လက်ခံအတည်ပြုခဲ့ပြီး[8] ထိုမူဝါဒတွင် ရန်ပုံငွေအဖွဲ့သည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နိုင်ခြေအန္တရာယ်များနှင့် အကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲရန်နှင့် ရလဒ်များ တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်သည့် ၎င်း၏ ဆုံးဖြတ်ချက်ချမှတ်မှုများနှင့် လုပ်ငန်းလည်ပတ်မှုများတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကြောင်းအချက်များကို မည်သို့မည်ပုံ ပေါင်းစပ် ထည့်သွင်းစဉ်းစားမည်ဆိုသည်ကို သတ်မှတ်ပြ ဋ္ဌာန်းထားပါသည်။ REDD+အတွက် GCF ထံမှ ရန်ပုံငွေများ ရယူလိုသော နိုင်ငံများအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ဆောင်ချက်များသည် အဆိုပါမူဝါဒနှင့် ကိုက်ညီမှုရှိကြောင်း ပြသရန် လိုအပ်ပါ သည်။

REDD+ နှင့် ယင်းနှင့် ဆက်စပ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များအတွက် ရန်ပုံငွေပံ့ပိုးပေးနိုင်ခြေရှိသော အဖွဲ့အစည်းများတွင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော ဖွံ့ဖြိုးရေးဘဏ်များ ပါဝင်ပါသည်။ ထိုဘဏ်နှစ်ခုစလုံးသည် ၎င်းတို့ ပံ့ပိုးသော ရန်ပုံငွေများကို ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ခြေရှိသည့် လုပ်ငန်းများအတွက် သုံးစွဲခြင်း မရှိစေရန်

---

[7] ရလဒ်များပေါ်အခြေခံ၍ ပေးအပ်သော ရန်ပုံငွေဆိုသည်မှာ ကာဗွန်ထုတ်လွှတ်မှုများကို အောင်မြင်စွာ လျှော့ချနိုင်ခဲ့ကြောင်း ပြသနိုင်သည့် နိုင်ငံများသို့ ပေးအပ်သော ရန်ပုံငွေများကို ဆိုလိုပါသည်။ ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်သည့် အတိုင်းအတာပေါ်မူတည်၍ ပေးအပ်မည့် ရန်ပုံငွေပမာဏကို ဆုံးဖြတ်ပါသည်။

[8] Green Climate Fund (GCF)၊ ၂၀၁၈ မတ်၊ ပတ်ဝန်းကျင်နှင့်လူမှုရေးမူဝါဒ (Environmental and social policy)၊ ဆုံးဖြတ်ချက်အမှတ် B.19/10. https://www.greenclimate.fund/documents/20182/574763/GCF_policy_-_Environmental_and_Social_Policy.pdf/aa092a12-2775-4813-a009-6e6564bad87c

၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်များကို ချမှတ်အသုံးပြုပါသည်။ ဥပမာ ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေပံ့ပိုးသော စီမံချက် များသည် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့် လူမှုရေးမူဘောင် (ESF)[9] တွင် ပြဋ္ဌာန်းထားသော ကာကွယ် စောင့်ရှောက်မှုများဆိုင်ရာ တာဝန်များကို လိုက်နာရန် လိုအပ်ပါသည်။

ထိရောက်မြန်ဆန်၍ ကုန်ကျစရိတ်သက်သာစေရန်အတွက် နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဒီဇိုင်းရေးဆွဲရာတွင် UNFCCC နှင့် အခြား သက်ဆိုင်ရာ ရန်ပုံ ငွေပံ့ပိုးသော အဖွဲ့အစည်းများ၏ သတ်မှတ်ချက်များကို ပြည့်မီရေး ပေါင်းစပ်ဆောင်ရွက်နိုင်အောင် ဒီဇိုင်းရေးဆွဲနိုင်ပါသည်။

## ၂.၃။ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်း ဆိုသည်မှာ အဘယ်နည်း

REDD+ ကာကွယ်စောင့်ရှောက်မှုများကို UNFCCC ၏ သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ကျင့်သုံး နိုင်ရန်အတွက် နိုင်ငံတစ်နိုင်ငံတွင် အထောက်အကူ သို့မဟုတ် အားပေးထောက်ပံ့သော အခြေအနေ သုံးမျိုးသုံးစား ရှိရန် လိုအပ်ပါသည် -

၁။ ကာကွယ်စောင့်ရှောက်များအတွက် ကိုင်တွယ်ဆောင်ရွက်ပေးသည့် မူဝါဒများ၊ ဥပဒေ များနှင့် စည်းမျဉ်းစည်းကမ်းများ (PLRs)၊

၂။ ကာကွယ်စောင့်ရှောက်မှုများကို လေးစားလိုက်လျက်ရှိကြောင်း သေချာအောင် ဆောင် ရွက်ပေးရန် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ၊ လုပ်ထုံးလုပ်နည်းများ နှင့် စွမ်းရည်များ၊

၃။ REDD+ ကာကွယ်စောင့်ရှောက်မှုများကို မည်သို့ ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ လေးစားလိုက်နာနေကြောင်း သတင်းအချက်အလက်များကို ပေးအပ်နိုင်သည့် ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်၊

အဆိုပါအထောက်အကူများနှင့် အားပေးထောက်ပံ့သော အခြေအနေများသည် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပင်မအစိတ် အပိုင်းများဟု ရှုမြင်နိုင်ပါသည်။[10] နိုင်ငံတစ်နိုင်ငံ၏ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း တစ်ခုအတွက်

---

[9] ကမ္ဘာ့ဘဏ်၏ ESF ဆိုင်ရာ အသေးစိတ်အချက်အလက်များကို အောက်ပါလင့်ခ်တွင် လေ့လာနိုင်ပါသည် - https://projects-beta.worldbank.org/en/projects-operations/environmental-and-social-policies

[10] UN-REDD အစီအစဉ် ကာကွယ်စောင့်ရှောက်မှုများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (၂၀၁၆) သဘောတရားရှင်းလင်းချက် - နိုင်ငံများ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ (UN-REDD Programme Safeguards Coordination

သင့်လျော်သည့် အခြေခံအုတ်မြစ်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အလို့ငှာ REDD+ ကာကွယ်စောင့် ရှောက်မှုများဆိုင်ရာ လုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ကာကွယ်စောင့် ရှောက်မှုများနှင့်သက်ဆိုင်သည့် နိုင်ငံတကာမူဘောင်များသည် နိုင်ငံ၏ အခြေအနေအရ မည်သို့ အဓိပ္ပါယ်ဆောင်ပြီး မည်သည့်နည်းဖြင့် လက်တွေ့ကျင့်သုံး နိုင်မည်ဆိုသည်ကို သုံးသပ်ဆုံးဖြတ်ရန် လိုအပ်ပါသည်။ နိုင်ငံများသည် တည်ဆဲ PLR များ၊ အဖွဲ့အစည်းများနှင့် သတင်းစနစ်များပေါ်တတ်နိုင်သမျှ အားပြု၍ သီးသန့်ရေးဆွဲထားသည့် REDD+ PaM များ၊ ယင်းတို့နှင့် ဒွန်တွဲနေသည့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို ထည့်သွင်း စဉ်းစားလျက် ကာကွယ်စောင့်ရှောက်မှုများအတွက် မိမိတို့နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းသည် နိုင်ငံ၏ ပန်းတိုင်များ၊ အခြေအနေများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်နိုင်ပါသည်။


ဤနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် လုပ်ငန်းထပ်ခြင်းများကို ရှောင်ရှားနိုင်သည်သာမက ထိရောက်မြန်ဆန်မှုကို မြင့်မားစေနိုင်ပါသည်။ ထို့ပြင် ပြည်တွင်းရှိ အကျိုးဆက်စပ်သက်ဆိုင်သူများ ကြား REDD+ အပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာအောင် လုပ်ဆောင်နိုင်သည့်အတွက် REDD+ PaM များ ရေရှည်တည်တံ့မှု ပိုရှိစေရန် အားပေးကူညီမှုများ ပိုမိုရရှိစေနိုင်ပါသည်။ ထို့မျှသာမကရှိ နှင့်ပြီးဖြစ်သော မူဘောင်များနှင့် စနစ်များပေါ်တွင် အခြေခံထားသည့် နိုင်ငံအဆင့် ချဉ်းကပ် ဆောင်ရွက်မှုနည်းလမ်းတစ်ခုသည် အဆိုပါမူဘောင်များ/စနစ်များကို အကောင်အထည်ဖော်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများအတွက် အင်အားသစ်များ ရရှိစေပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခြင်းဖြင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွင်း ပိုမိုကျယ်ပြန့်သည့် တိုးတက်မှုများကို ရရှိစေသည့် နည်းလမ်းတစ်ခု လည်း ဖြစ်နိုင်ပါသည်။ ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းကို စိုက်ပျိုးရေးနှင့် စွမ်းအင်ကဲ့သို့ REDD+ နှင့် စပ်လျဉ်းသည့် အခြားကဏ္ဍများတွင်လည်း ကျင့်သုံးနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်သဖြင့် သစ်တောကဏ္ဍအတွင်း သာမက အခြားကဏ္ဍများကိုပါ အကျိုးပြုနိုင်ခြေရှိပါသည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အခြေအနေချင်းများစွာ ကွာခြားနိုင်သော်လည်း ယနေ့အချိန်အထိ ရရှိထားသော နိုင်ငံများ၏ အတွေ့အကြုံများအရ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခု ရေးဆွဲချမှတ်ရာတွင် နိုင်ငံတိုင်း ယေဘုယျအားဖြင့် အသုံးပြု နိုင်မည့် အခြေခံအဆင့်အချို့ ရှိနေသည်ကို ထင်ရှားစွာ တွေ့မြင်လာရပါသည်။ အဆိုပါ အဆင့်များကို ပုံ (၁) တွင် တွေ့ရှိနိုင်ပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့်

---

Group (2016) Concept brief: Country approaches to safeguards) Technical Brief 02. UN-REDD Programme, Geneva. http://bit.ly/CASgds

လုပ်ငန်းများ(အောက်ဖော်ပြပါ အပိုင်း များတွင် ဆက်လက်ဖတ်ရှုပါရန်) ကို ယင်းအဆင့်များပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည် ။




*ပုံ (၁) - ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း ရေးဆွဲချမှတ်ရန် သဘောတရားမူဘောင်*[11]

# ၃။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း ရေးဆွဲချမှတ်ရာတွင် အသုံးပြုသော နည်းစနစ်များ

မြန်မာနိုင်ငံသည် REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ရေးဆွဲရာတွင် တည်ဆဲ REDD+များ၊ အဖွဲ့အစည်းများနှင့် သတင်းစနစ်များပေါ်တွင် တတ်နိုင်သမျှ အားပြု၍ တစ်ဆင့်ချင်းစီ ရေးဆွဲခဲ့ပြီး အကြိမ်ကြိမ် ပြန်လည်ပြင်ဆင်မွမ်းမံသည့် နည်းစနစ်ကို အသုံးပြုခဲ့ပါသည်။ ယခုအချိန်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအားလုံးတွင်

[11] UN-REDD အစီအစဉ် ကာကွယ်စောင့်ရှောက်မှုများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (၂၀၁၆) သဘောတရားရှင်းလင်းချက် - နိုင်ငံများ ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ (UN-REDD Programme Safeguards Coordi-nation Group (2016) Concept brief: Country approaches to safeguards) Technical Brief 02. UN-REDD Programme, Geneva. http://bit.ly/CASgds

နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များရှိ အကျိုးသက်ဆိုင်သူအမျိုးမျိုးနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပါဝင် ဆောင်ရွက်စေခြင်းတို့ ပြုလုပ်ခဲ့သလို REDD+ PaM များအား ဒီဇိုင်း ရေးဆွဲမှု၊ နိုင်ငံအဆင့် REDD+ မဟာဗျူဟာ (NRS) ရေးဆွဲမှုတို့နှင့်လည်း အနီးကပ် ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။[12]

နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းများမှ ထွက်ပေါ်လာသော အဓိက လုပ်ငန်းရလဒ်များမှာ ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုချက်နှင့် နိုင်ငံအဆင့် ကာကွယ်စောင့်ရှောက်မှု သတင်းစနစ် (SIS) ဒီဇိုင်းတို့ ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းရလဒ်များ ထွက်ပေါ်လာစေရန်အတွက် တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အပံ့ပြုသော လုပ်ငန်းအဆင့်များကို ဆောင်ရွက်ခဲ့ပြီး ကျွမ်း ကျင်ပညာရှင်များ၊ အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများအပေါ် စိစစ်လေ့ လာမှု များကို ပေါင်းစပ်ပြုလုပ်ခဲ့ပါသည်။ အသုံးပြုမည့်နည်းစနစ်ကို သတ်မှတ်ရွေးချယ်ရာတွင် အဓိကထည့် သွင်းစဉ်းစားသည့်အချက်မှာ ရွေးချယ်မှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ စာရွက်စာတမ်းများ ပြုစုရာတွင်လည်းကောင်း မြန်မာနိုင်ငံရှိ REDD+ နှင့် စပ်လျဉ်းသည့် အခြေအနေများကိုသာမက အစိုး ရနှင့် အစိုးရမဟုတ်သော အကျိုးဆက်စပ်သက် ဆိုင်သူများ (CSO များ၊ ဒေသခံပြည်သူများနှင့် ထိခိုက် လွယ်သောအုပ်စုများ အပါအဝင်) ၏ အမြင်များနှင့် ဦးစားပေးများကိုပါ အပြည့်အဝ သုံးသပ်ထင်ဟပ် ထည့်သွင်းနိုင်အောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းကို ရေးဆွဲရာ တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် အဓိကကျသော လုပ်ငန်းအဆင့်များကို အောက်တွင်ဖော်ပြထား

[12] ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုနှင့် လုပ်ငန်းစဉ်အမျိုးမျိုးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အကျိုး ဆက်စပ်သက်ဆိုင်သူများထဲတွင် TWG-SES အဖွဲ့ဝင်များသာမက အခြားသော အကျိုးဆက်စပ်သက်ဆိုင်သူများလည်း ပါဝင်ပါသည်။ ဥပမာ အစိုးရဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်များတွင် လုပ်ဆောင်နေကြသော မြန်မာ NGO များ၊ တိုင်းရင်းသား အုပ်စုများ/ဌာနေတိုင်းရင်းသားများကို ကိုယ်စားပြုသော အဖွဲ့များအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း များနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ဒေသခံပြည်သူကိုယ်စားလှယ်များနှင့် တစ်ခါတစ်ရံတွင် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ TWG-SES အတွင်းနှင့် ၂၀၁၇ မှ ၂၀၂၀ အထိကာလတစ်လျှောက် ကျင်းပခဲ့သော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အခြားတိုင်ပင်ဆွေးနွေးပွဲများတွင် ကျင်းပသည့် အစီအစဉ်ပေါ်တွင် မူတည်၍ အမျိုးသမီးများ၏ ပါဝင်တက် ရောက်မှုနှုန်းသည် ၂၀-၄၅% ရှိပါသည်။ ကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းသည့် အချို့သောဆွေးနွေးမှုများသည် တိုင်းဒေသ ကြီး/ပြည်နယ်အဆင့်တွင် ဆွေးနွေးမှုများအပါအဝင် NRS အတွက် တိုင်ပင် ဆွေးနွေးမှုများအတွင်း အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်ပါသည် (ဥပမာ PaM မူကြမ်းများ၏ အကောင် အထည်ဖော်ရန် ဖြစ်နိုင်မှု အခြေအနေ၊ ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများဆိုင်ရာ ဆွေးနွေးမှုများ)။ NRS အတွက် တိုင်ပင်ဆွေးနွေးမှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် ၂၀၁၇ ခုနှစ်တွင် ၂၁% ရှိရာမှ ၂၀၁၉ ခုနှစ် တွင် ၄၂% အထိ တိုးတက်မြင့်မားလာခဲ့ပါသည်။

ပြီး အပိုင်း (၄) တွင် ပိုမိုအသေးစိတ် တင်ပြပေးထားပါသည်။ အဆိုပါလုပ်ငန်း အဆင့်များမှ ထွက်ပေါ်လာသော လုပ်ငန်းရလဒ်များကိုလည်း အပိုင်း (၄) တွင် ချိတ်ဆက် တင်ပြထားပါသည်။

**အဆင့် (၁) - ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာကို သတ်မှတ်ခြင်း**

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာတို့ကို ၂၀၁၇ ခုနှစ် နိုင်ငံအဆင့် ကာကွယ်စောင့်ရှောက်မှုများ ဆိုင်ရာ လမ်းပြမြေပုံရေးဆွဲစဉ်အတွင်း REDD+ အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်၍ ကနဦးသဘောတူသတ်မှတ်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်မည့် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်း ရေးဆွဲခြင်းအတွက် ထိန်းကျောင်းလမ်းညွှန်ပေးခဲ့ပါသည်။ နောက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများအတွင်း ထိုကနဦးပန်းတိုင်နှင့် လွှမ်းခြုံမှုအတိုင်းအတာတို့ ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ပါသည်။

**အဆင့် (၂) - အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကျားမရေးရာ ကိစ္စများကို စိစစ်လေ့လာခြင်း**

REDD+ အတွက် အကျိုးဆက်စပ်သက်ဆိုင်သူများ၏ အခန်းကဏ္ဍနှင့် ကျားမရေးရာ အခြေအနေများ ကို စိစစ်လေ့လာမှုအချို့ ပြုလုပ်ခဲ့ပါသည်။ REDD+ ကို အကောင်အထည်ဖော်ရာတွင် အကျိုးဆက်စပ် သက်ဆိုင်သူများနှင့် လုံလောက်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများ ရှိစေရန် နှင့် ကျားမရေးရာကို ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်သည့် လမ်းညွှန်ချက်များနှင့် နည်းလမ်းများကို ရေးဆွဲရန် အတွက်လည်း ဖြစ်ပါသည်။

**အဆင့် (၃) - REDD+ PaM များမှ ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ကို ဆန်းစစ်လေ့လာခြင်း**

နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့မှလည်းကောင်း၊ ကဏ္ဍအသီးသီးမှ လည်းကောင်း၊ အကျိုးဆက်စပ်သက်ဆိုင်သူအမျိုးမျိုး ပါဝင်တက်ရောက်ဆွေးနွေးသော လုပ်ငန်းစဉ်မှ တစ်ဆင့် NRS မူကြမ်းတွင် အဆိုပြုထားသည့် PaM များမှ ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် အုပ်ချုပ်ရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများနှင့် အကျိုးကျေးဇူးများကို စိစစ်လေ့လာမှု များ ပြုလုပ်ခဲ့ပါသည်။ NRS နှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းတို့ကို ဆက်လက်ရေးဆွဲရာတွင် ထိုစိစစ်လေ့လာမှုများကို ထည့်သွင်းစဉ်းစားရေးဆွဲခဲ့ပြီး

SIS စနစ်တွင် ပါဝင်သင့်သည့် အကြောင်းအရာ အချက်အလက်များကို သတ်မှတ်ရာတွင် ပထမအဆင့် အဖြစ်လည်း ရှုမြင်နိုင်ပါသည်။

## အဆင့် (၄) - ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်းသည့် PLR များကို ပြန်လည်သုံးသပ်လေ့လာခြင်း

REDD+ PaM များကို ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် အတွက် ဆက်စပ်သက်ဆိုင်မှု အရှိဆုံးသော PLR များကို ဖော်ထုတ်သတ်မှတ်နိုင်ရန် မြန်မာနိုင်ငံရှိ တည်ဆဲမူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့သုံးသပ်လေ့လာရာတွင် ရှေ့အဆင့်တွင် ဖော်ထုတ်သတ်မှတ်ခဲ့သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန် ကူညီပေးနိုင်သော PLR များနှင့် ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများကို အားပေးမြှင့်တင်နိုင်သော PLR များကို အထူးအလေးပေး သုံးသပ်ပါသည်။ မြန်မာနိုင်ငံရှိ REDD+ အကောင်အထည်ဖော်မှုနှင့်သက်ဆိုင်မှုရှိသော PLR များကို ယေဘုယျသုံးသပ်မှုအား ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းက စတင်ပြုလုပ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို သီးသန့်ဆွဲထုတ်၍ အကျိုးသက်ဆိုင်သူများ၏ အကြံပြုချက်များနှင့် ကျွမ်းကျင်ပညာရှင်များမှ ပံ့ပိုးသော အချက်အ လက်များကို ပေါင်းစပ်ထည့်သွင်း၍ သီးခြား အစီရင်ခံ စာတစ်စောင် ပြုစုခဲ့ပါသည်။ တည်ဆဲ PLR မူဘောင်တွင် ကောင်းစွာ လွှမ်းခြုံနိုင်ခြင်း မရှိသော ကိစ္စရပ်များအတွက် ကွာဟချက် စိစစ်လေ့လာမှုတစ်ခုကိုလည်း ထည့်သွင်းတင်ပြခဲ့ပါသည်။

## အဆင့် (၅) - ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းခြင်း

ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်တစ်ခုတွင် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများ၏ အခြေခံစည်းမျဉ်းဥပဒေသများသည် နိုင်ငံ၏ အခြေအနေတွင် မည်သို့ အဓိပ္ပါယ်ဆောင်ကြောင်း ရှင်းပြထားပြီး နိုင်ငံတွင်းရှိ ပရိတ်သတ်များ နားလည်လက်ခံသည့် စကားလုံးအသုံးအနှုန်းများကို အသုံးပြုထားကာ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းအတွက် ဦးစားပေးရမည့် ကိစ္စများကို ဖော်ထုတ်သတ်မှတ်ပေးထားပါသည်။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်ကို ၂၀၁၈ ခုနှစ် တွင် အကျိုးသက်ဆိုင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုမှတစ်ဆင့် ပြုလုပ်ခဲ့ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်

ပထမမူကြမ်းကို အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ဆန်းစစ်လေ့လာချက်၊ PLR များ ပြန်လည်သုံးသပ်လေ့လာမှုတို့မှ ရလဒ်များ၊ ကာကွယ်စောင့်ရှောက်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း ဆိုင်ရာ အလေ့အကျင့်ကောင်းများအတွက် UN-REDD လမ်းညွှန်တို့ပေါ်တွင် အခြေခံ၍ ပြုစုခဲ့ပါ သည်။ ထိုမူကြမ်းကို အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသည့် အကျိုးဆက်စပ်သက်ဆိုင်သူများ၏ အကြံပြု ချက်များ၊ အချိန်ကာလတစ်ခု သတ်မှတ်၍ အွန်လိုင်းမှ အများပြည်သူ၏ သုံးသပ်အကြံပြုချက်များ ရယူခဲ့မှုနှင့် တိုက်ရိုက်ပေးပို့လာသော အကြံပြုချက်များနှင့် အချက်အလက်များပေါ်တွင် အခြေခံ၍ ပြန်လည် မွမ်းမံပြင်ဆင်ခဲ့ပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်ကို အပြီးသတ်ပြုစုနိုင် ခဲ့ပါသည်။

## အဆင့် (၆) - SIS စနစ်အတွက် သတင်းလိုအပ်ချက်များနှင့် အသုံးပြုနိုင်ခြေရှိသော ညွှန်ကိန်းများ

ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်း လင်း ချက်အား အစမှတ်တစ်ခုအဖြစ် အသုံးပြုလျက် မြန်မာနိုင်ငံသည် ကာကွယ်စောင့်ရှောက် မှုများကို မည်သို့မည်ပုံ ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ လေးစားလိုက်နာနေကြောင်း လက်တွေ့ပြသ နိုင်ရန် လိုအပ်မည့် သတင်းအချက်အလက် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ဆန်းစစ်လေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ဆန်းစစ်မှုမှ ထွက်ပေါ်လာသော သတင်းလိုအပ်ချက် များစာရင်းကို အကျိုးဆက်စပ်သက်ဆိုင်သူများထံ တင်ပြခဲ့ပြီး သတင်းလိုအပ်ချက်များအတွက် သာမ က သင့်လျော်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ခြေရှိသည့် သတင်းရင်းမြစ်များ အတွက်ပါ အကြံပြုချက်များကို ရယူခဲ့ပါသည်။ ဤပေါ်တွင် မူတည်၍လည်းကောင်း၊ SIS စနစ်အတွက် သင့်လျော်သည့် သတင်းစနစ်များနှင့် ရင်းမြစ်များကို ထပ်ဆောင်းလေ့လာမှု တစ်ခုပေါ်တွင် မူတည်၍ လည်းကောင်း SIS စနစ်အတွက် ဖြစ်နိုင်ခြေရှိသည့် ညွှန်ကိန်းများစာရင်းကို ရေးဆွဲခဲ့ပြီး အကျိုးဆက် စပ်သက်ဆိုင်သူများ၏ အကြံပြုချက် များကို ရယူ၍ မွမ်းမံပြင်ဆင်ခဲ့ပါသည်။

## အဆင့် (၇) - SIS စနစ်အတွက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို သတ်မှတ်ခြင်း

တစ်ဦးချင်း တိုင်ပင်ဆွေးနွေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တိုင်ပင်ဆွေးနွေးမှုများ မှတစ်ဆင့် မြန်မာနိုင်ငံ၏ SIS စနစ် လည်ပတ်ဆောင်ရွက်နိုင်ရေးတွင် ပါဝင်ကူညီပေးနိုင်သည့် အဖွဲ့အစည်းများ ၏ အခန်းကဏ္ဍများနှင့် ယင်းတို့အတွက် လုပ်ငန်းဆောင်များ၊ တာဝန် ဝတ္တရားများကို ဖော်ပြထား သည့် အဆိုပြုလွှာတစ်ခုကို ပြုစုခဲ့ပါသည်။

ယခုဆက်လက်တင်ပြမည့်အပိုင်းတွင် အထက်တွင် ဖော်ပြခဲ့သော အဆင့်တစ်ဆင့်ချင်းစီအား အသေး စိတ်စိစစ်ဆွေးနွေး၍ ထိုအဆင့်များတွင် ထွက်ပေါ်လာသော ရလဒ်များ၊ နီးနွယ်ဆက်စပ်သော လုပ်ငန်းများမှ ရလဒ်များအကြောင်းကို တင်ပြပေးထားပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့် ဆိုရှင်းလင်းချက်အား ပြုစုခြင်းနှင့် စပ်လျဉ်း၍ ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက် အနှစ်ချုပ်အစီရင်ခံစာ (SoI) အတွက် အဓိကကျသော အချက်အလက်များကို ရရှိစေခဲ့သည့် ရင်းမြစ် တစ်ခုလည်း ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း အနှစ်ချုပ် အချက်အလက်များကို အကျိုးသက်ဆိုင် သူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် စုစည်းခဲ့သည့် လုပ်ငန်းစဉ်တစ်ခု ပြီးဆုံးသည့်နောက်တွင် SoI နောက်ဆုံးမူကြမ်းကို အများပြည်သူ ဖတ်ရှုနိုင်အောင် ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းကို လက်တွေ့ကျင့်သုံးဖော်ဆောင်နိုင်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ရှင်းရှင်းလင်းလင်း သတ် မှတ်ခြင်း၊ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်းသည့် PLR စနစ် အတွင်းရှိ ကွာဟချက်များကို ဖြည့်ဆည်းနိုင်သော လုပ်ငန်းစဉ်များကို ထပ်ဆောင်းချမှတ်ခြင်းနှင့် မြန်မာ နိုင်ငံ၏ SIS စနစ် လက်တွေ့လည်ပတ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ခြင်းတို့အတွက် လုပ် ဆောင်နေဆဲဖြစ်ပြီး ထိုလုပ်ငန်းများအကြောင်းကို အပိုင်း (၅) တွင် တင်ပြထားပါသည်။

# ၄။ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဆင့်များနှင့် ထွက်ပေါ်လာသည့် ရလဒ်များ

## ၄.၁။ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာကို သတ်မှတ်ခြင်း

ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစောပိုင်းမှစ၍ ၎င်းတို့ အတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခု၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှု အတိုင်း အတာတို့အကြောင်း အကျိုးဆက်စပ်သက်ဆိုင်သူများကြား တူညီစွာနားလည်သိရှိ အောင်လုပ် ဆောင်ခြင်း(REDD+ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် အကြောင်းအချက် အသစ်များကို နားလည်သိရှိမှုလာပြီး စီမံကိန်းအသစ်များ ပေါ်ထွက်လာပါက ပြောင်းလဲပြင်ဆင်မှုများကို နောက် ပိုင်း ထပ်မံပြု လုပ်နိုင်ကြောင်းကိုလည်း လက်ခံသိရှိလျက်)သည် အဓိကကျသော

လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာကို ဖွင့်ဆိုရန် ကနဦးတိုင်ပင်ဆွေးနွေးမှုများကို ၂၀၁၇ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သည့် ကာကွယ်စောင့်ရှောက်မှုများအတွက် လမ်းပြမြေပုံဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအတွင်း ပြုလုပ်ခဲ့ပါသည်။[13] အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။[14]

က) ပန်းတိုင်များ ချမှတ်ခြင်း

မည်သည့်နိုင်ငံမဆို ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း အတွက် အရေးအကြီးဆုံး ပန်းတိုင်များထဲမှ တစ်ခုမှာ UNFCCC မှ ချမှတ်ပေးထားသော ကာကွယ်စောင့် ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီရေးပင် ဖြစ်ဖွယ်ရှိပါသည် (အပိုင်း ၂ ကို ကြည့်ပါရန်)။ သို့သော် နိုင်ငံများအနေဖြင့် ၎င်းတို့ ပြည့်မီအောင် ဆောင်ရွက်လိုသော အခြားရည်ရွယ်ချက်များ ကိုလည်း ချမှတ်နိုင်ပါသည်။ ဥပမာ REDD+ သည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများနှင့်စပ် လျဉ်းသည့် နိုင်ငံ၏ မူဝါဒပန်းတိုင်များ ပြည့်မီရေး အထောက်အပံ့ပြုရန် သို့မဟုတ် REDD+ ဆိုင်ရာ လုပ်ဆောင်ချက်များသည် အလှူရှင်များ သို့မဟုတ် ဘဏ္ဍာငွေဖြည့်ဆည်းပေးသော အဖွဲ့အစည်းများ ၏ ကာကွယ်စောင့်ရှောက်မှုများ ဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီရေး အားဖြည့်ထောက်ကူပေးရန်၊ စသည်တို့ ဖြစ်ပါသည်။

ခ) လွှမ်းခြုံမှုအတိုင်းအတာကို သတ်မှတ်ခြင်း

ပုံမှန်အားဖြင့် REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းသည် REDD+ PaMများအားလုံးအတွက် အကျုံးဝင်ရန် သင့်ပါသည်။ သို့သော် သစ်တော ကဏ္ဍနှင့် မြေအသုံးချမှုကဏ္ဍများအတွင်းရှိ မည်သည့်ဆောင်ရွက်ချက်များ သည် PaM များတွင် ပါဝင်သင့်ကြောင်း အစဉ်အမြဲရှင်းလင်းမှုရှိမည် မဟုတ်ပါ။ ကာကွယ်စောင့်ရှောက်မှုများအား ကျင့်သုံး မှုအတိုင်းအတာအား သတ်မှတ်ရန် ရိုးရှင်းလွယ်ကူသော နည်းလမ်းတစ်ခုမှာ နိုင်ငံအဆင့်

---

[13] MONREC နှင့် မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၇၊ မြန်မာနိုင်ငံ REDD+ ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံ၊ Working document, version Sept. 2017. https://www.unredd.net/documents/global-programme-191/safeguards-multiple-benefits-297/studies-reports-and-publications-1/16544-myanmar-redd-safeguards-roadmap-english.html

[14] UN-REDD အစီအစဉ် (၂၀၁၅)၊ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံများမှ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ၊ ကမ္ဘာလုံးဆိုင်ရာ ကနဦးအတွေ့အကြုံများနှင့် သင်ခန်းစာသစ်များအား သုံးသပ်လေ့လာချက် (Country Approaches to REDD+ Safeguards. A Global Review of Initial Experiences and Emerging Lessons) ကိုလည်း ကြည့်ပါရန်။ Technical Resource Series 2. UN-REDD Programme Secretariat, Geneva, Switzerland.

REDD+ မဟာဗျူဟာ သို့မဟုတ် REDD+ လုပ်ငန်းစီမံချက်တွင် ဖော်ပြထားသည့် ဆောင်ရွက်ချက်များ အား လုံးကို လွှမ်းခြုံမည်ဟု သတ်မှတ်ရန် ဖြစ်ပါသည်။ တစ်ဖက်တွင် နိုင်ငံအချို့သည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူစေရန်နှင့် စံနှုန်းများ တစ်ခုနှင့်တစ်ခု အစပ်အဟပ်မိမိ ဖြစ် စေရန်အလို့ငှာ ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းကို သစ်တော ကဏ္ဍနှင့်/သို့မဟုတ် အခြားသော မြေအသုံးချမှုနှင့် ဆက်နွှယ်သည့် ကဏ္ဍများရှိ ပိုမိုကျယ်ပြန့်သော ဆောင်ရွက်ချက်များအတွက်ပါ အသုံးပြုရန် ဆုံးဖြတ်နိုင်ပါသည်။[15] နိုင်ငံတစ်နိုင်ငံတွင် ဆောင်ရွက် မည့် REDD+ PaM များကို ပြည့်စုံစွာ သတ်မှတ်ပြီးပြီဆိုလျှင် ကာကွယ်စောင့် ရှောက်မှုများကို ကျင့်သုံး ရန် အတိုင်းအတာအား သတ်မှတ်ရန်မှာ ပိုမိုလွယ်ကူသွားပြီ ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာ

လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲအတွင်း ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှု အတိုင်းအတာတို့ကို ကနဦးအနေဖြင့် အများသဘောတူဖွင့်ဆိုသတ်မှတ်ခဲ့ကြပါသည်။ ထို့ပြင် နောက်ပိုင်းတွင် ထိုဖွင့်ဆိုသတ်မှတ်ချက်များကို နိုင်ငံ၏ REDD+ လုပ်ငန်းစဉ်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြန်လည်သုံးသပ်ပြင်ဆင်သွားရန်လည်း သဘောတူညီခဲ့ကြပါသည်။ သို့သော် ကနဦးအသုံးအနှုန်း များကို ပြင်ဆင်မှုများ ယခုထက်တိုင် မပြုလုပ်ရသေးပါ။

ကနဦးချမှတ်ထားသည့် ပန်းတိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- UNFCCC ၏ REDD+ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီစေရန်၊

---

[15] UN-REDD အစီအစဉ် (၂၀၁၅)၊ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံများမှ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း များ၊ ကမ္ဘာလုံးဆိုင်ရာ ကနဦးအတွေ့အကြုံများနှင့် သင်ခန်းစာသစ်များအား သုံးသပ်လေ့လာချက် (Country Approaches to REDD+ Safeguards. A Global Review of Initial Experiences and Emerging Lessons) ကိုလည်း ကြည့်ပါရန်။ Technical Resource Series 2. UN-REDD Programme Secretariat, Geneva, Switzerland. https://www.unredd.net/documents/un-redd-partner-countries-181/africa-335/south-south-learning-event-accra-ghana-12-13-june/15044-technical-resource-series-2-country-approaches-to-redd-safeguards-a-global-review-of-initial-experiences-and-emerging-lessons.html

- ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အပိုင်းကဏ္ဍများ၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေမှုတို့ကို အထောက်အပံ့ဖြစ်စေရန်၊
- ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုရန်နှင့် မြေယာနှင့် သစ်တောလုပ်ကိုင်ခွင့် အခြေအနေများ တိုးတက်ကောင်းမွန်စေရန်၊
- ကာကွယ်စောင့်ရှောက်မှုများအား ကျင့်သုံးဆောင်ရွက်ခြင်းသည် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများအပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရန်၊
- ရန်ပုံငွေပေးအပ်နိုင်ခြေရှိသော ဖွံ့ဖြိုးမှုမိတ်ဖက်များ (ဥပမာ အစိမ်းရောင် ရာသီဥတု ရန်ပုံငွေ -GCF) ၏ ကာကွယ်စောင့်ရှောက်မှုမူဘောင်များနှင့် ကိုက်ညီမှုရှိအောင် ကူညီပံ့ပိုးပေးရန်၊

ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ လွှမ်းခြုံမှုအတိုင်းအတာနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများကြား တိုင်ပင်ဆွေးနွေးပြီး သည့်နောက် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းလမ်းသည် ကနဦးအနေဖြင့် NRS တွင် ပါရှိသည့် REDD+ PaM များအတွက်သာ ကျင့်သုံးသင့်ကြောင်း တင်ပြလာပါသည်။ သစ်တောများမှ ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ပေးချေမှုများနှင့်စပ်လျဉ်းသည့် မူဝါဒများနှင့် နည်းလမ်းများကို နောက်ပိုင်းအဆင့်တစ်ဆင့်ကျမှသာ တိုးချဲ့ထည့်သွင်းရန် သဘောတူခဲ့ကြပါသည်။

## ၄.၂။ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကျားမရေးရာ

မြန်မာနိုင်ငံတွင် REDD+ အတွက် အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍနှင့် ကျားမရေးရာ အခြေအနေတို့ကို ဆန်းစစ်လေ့လာရန်နှင့် REDD+ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတွင်လည်းကောင်း၊ အကျိုးဆက်စပ်သက်ဆိုင်သူများ နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုနှင့် ကျားမရေးရာကို သတိပြုနား လည်စွာဆောင်ရွက်မှုတို့ လုံလောက်စွာ ရှိစေရန် လိုအပ်သည့် လမ်းညွှန်ချက်များနှင့် နည်းလမ်းများကို ရေးဆွဲနိုင်ရန်အတွက် လုပ်ငန်းအဆင့်အချို့ကို ဆောင်ရွက်ခဲ့ပါသည်။

**အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံ၏ ၂၀၁၃ ခုနှစ် REDD+ အဆင့်သင့်ဖြစ်ရေး လမ်းပြမြေပုံ ရေးဆွဲစဉ်အတွင်း REDD+ အတွက် အကျိုးဆက်စပ်သက်ဆိုင်သူများဆိုင်ရာ လေ့လာမှုတစ်ခုအား နိုင်ငံအဆင့်တွင် ပြုလုပ်ခဲ့ပါ

သည်။ အကျိုးဆက်စပ်သက်ဆိုင်သူများအား ၎င်းတို့၏ စိတ်ဝင်စားမှုများနှင့် REDD+ တွင် ပါဝင်ဆောင်ရွက်နိုင်ခြေရှိသော အခန်းကဏ္ဍများအလိုက် အမျိုးအစားခွဲခြားခဲ့ပါသည်။ ဤလေ့လာမှုအား လုပ်ဆောင်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံအဆင့် လမ်းပြမြေပုံအတွက် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်အတွင်း အဆိုပါ အကျိုးဆက်စပ်သက်ဆိုင်သူများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့ကို အားပေးမြှင့်တင်ရန် နှင့် နိုင်ငံအဆင့် REDD+ ကွန်ရက်အတွင်း အဖွဲ့ဝင်များအဖြစ် ပါဝင်စေခြင်းဖြင့် အနာဂတ်လမ်းပြမြေပုံအကောင်အထည်ဖော်မှုတွင် ၎င်းတို့ ပါဝင်ဆောင်ရွက်ကြောင်း သေချာစေရန် ဖြစ်ပါသည်။ NRS မူကြမ်းရေးဆွဲမှုကို အထောက်အကူပြုစေရန် ၂၀၁၈ ခုနှစ်တွင် REDD+ အစီအစဉ် အတွင်း အမျိုးသမီးများ၏ အကျိုးစီးပွားနှင့် ပါဝင်ဆောင်ရွက်နိုင်ရန် အလားအလာရှိသော အခန်း ကဏ္ဍများအကြောင်း စာတမ်းတိုတစ်စောင်ကိုလည်း ပြုစုခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် 'သစ်တောများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် REDD+ အတွက် မူဝါဒများနှင့် အစီအစဉ်များတွင် အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အတွက် လမ်းညွှန်ချက်များ' ကို ပြုစုခဲ့ပါသည်။ ကျားမရေးရာနည်းလမ်းတစ်ခုကို အသုံးပြုကာ ထိုလမ်းညွှန်ချက်များတွင် အကျိုးဆက်စပ်သက်ဆိုင်သူဟူသည် "သစ်တောများနှင့်ဆက်စပ်၍ အကျိုးစီးပွား/စိတ်ဝင်စားမှု/အခွင့်အရေးတစ်ခု ရှိကြပြီး REDD+ လုပ်ငန်းများကြောင့် ဆိုးကျိုး သို့မဟုတ် ကောင်းကျိုး သက်ရောက်မှုခံကြရမည့်သူများ" ဟု အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ ထို့ပြင် အစိုးရအဖွဲ့အစည်းများ (ဥပမာ သစ်တောဦးစီးဌာန၊ MONREC၊ MOALI နှင့် MOPF)၊ သစ်တောများကို တရားဝင်အသုံးပြုသူများနှင့် ကျပန်းအသုံးပြုသူများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဌာနေတိုင်းရင်းသားများနှင့် အခြားသော သစ်တောကို မှီခိုနေသည့် လူမှုအသိုင်းအဝိုင်းများအား REDD+ ဒီဇိုင်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည့် အဓိကအကျိုး ဆက်စပ်ပတ်သက်သူ များအဖြစ် ဖော်ထုတ်သတ်မှတ်ထား ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်လည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွား မည်ဖြစ်သည်။ ရေးဆွဲပြုစုဆဲဖြစ်သည့် REDD+ FPIC လမ်းညွှန်ချက် များတွင်လည်း REDD+ PaM များအတွက် အစီအစဉ်များ ရေးဆွဲရာတွင် အကျိုးဆက်စပ်သက်ဆိုင်သူ များကို ပါဝင်ဆောင် ရွက်စေရမည်ဟု သတ်မှတ်ထားပါသည် (အပိုင်း ၅.၂ ကို ကြည့်ပါရန်)။

အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ REDD+ လုပ်ငန်းစဉ်အတွင်း အကျိုးဆက်စပ်သက်ဆိုင်သူများ

ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ယနေ့အချိန်အထိ ဖော်ထုတ်အသုံးပြုခဲ့သော လုပ်ငန်းစဉ် သို့မဟုတ် အခွင့်အလမ်းအချို့မှာ -

- နိုင်ငံအဆင့်တွင် REDD+ အထူးလုပ်ငန်းအဖွဲ့ (REDD+ Task Force) ၊ REDD+ နည်းပညာလုပ်ငန်းအဖွဲ့များ (TWG-SES အပါအဝင်) နှင့် REDD+ အကျိုးဆက်စပ်သက်ဆိုင်သူများ ကွန်ရက်တို့အပါအဝင် စီမံကိန်းများ ရေးဆွဲသည့် လုပ်ငန်းစဉ်များအတွင်း အကျိုးဆက်စပ်သက်ဆိုင်သူများ၏ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် ၎င်းတို့နှင့် ဆွေးနွေးညှိနှိုင်း မှုများ ပြုလုပ် နိုင်အောင် ကူညီပေးနိုင်သည့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်အချို့ရှိပါသည်။
- NRS မဟာဗျူဟာ ရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်းတွင် အကြံပြုအလုပ်ရုံဆွေးနွေးပွဲ ပေါင်း ၄၀ ကျော်အား နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များ၌ ပုဂ္ဂလိကကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ EAO များနှင့် ကျင်းပခဲ့ပြီး ဖြစ်သည်။
- REDD+ နှင့် NRS အကြောင်း အသိပညာပေးသည့် စာစောင်များ၊ အထောက်အကူပစ္စည်းများ ကို မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာစကား ၁၀ မျိုး (ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ကိုးကန့်၊ မွန်၊ ပအိုးဝ်၊ 'ဝ'၊ ရှမ်းနှင့် ပလောင်) ဖြင့် ပြုစုထုတ်ဝေခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ် ရန်ကြိုးပမ်းခဲ့ပြီး အထူးသဖြင့် NRS အတွက် တိုင်ပင် ဆွေးနွေးရန် ဖြစ်ပါသည်။

**ကျားမရေးရာ**

မြန်မာနိုင်ငံတွင် ကျားမရေးရာ သာတူညီမျှမရှိမှုများကို ကိုင်တွယ်ဖြေရှင်းရေးသည် REDD+ အတွက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ် ဆောင်ရွက်မှုနည်းလမ်းတွင် အရေးကြီးသော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ အာရှပစိဖိတ်ဒေသရှိ အခြား နိုင်ငံများနည်းတူ မြန်မာ့လူမှုအဖွဲ့အစည်းနှင့် စီးပွားရေးကဏ္ဍအတွင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများကြား တန်းတူညီမျှမရှိမှုများ ရှိနေပါသည်။[16] ထို့ပြင် မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ အတွင်းတွင်လည်း အမျိုးသားများနှင့်

[16] ကျားမရေးရာတန်းတူညီမျှမှု ကွန်ရက် (၂၀၁၅) – "ကန့်လန့်ကာကို မတင်ခြင်း - မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုစံများ၊ လူမှုရေး အစဉ်အလာများနှင့် ကျားမတန်းတူညီမျှမှု (The Gender Equality Network (2015). "Raising the Curtain: Cultural Norms, Social Practices and Gender Equality in Myanmar)"

အမျိုးသမီးများ ကြား သစ်တောများနှင့် အခြားသဘာဝသယံ ဇာတများ အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့ ကွဲပြားခြားနားပြီး ကျားမတန်းတူညီမျှမရှိမှုအမျိုးမျိုးကိုလည်း တွေ့ရပါသည်။[17]

ဥပဒေမူဘောင် (ဥပမာ လယ်ယာမြေဥပဒေ၊ သစ်တောဥပဒေ) သည် ကျားမခွဲခြားထားခြင်း မရှိဟု ယူဆရမည်ဖြစ်သော်လည်း အဆိုပါဥပဒေများအောက်တွင် အမျိုးသမီးများနှင့် အမျိုးသားများသည် မြေယာနှင့် အရင်းအမြစ်များဆိုင်ရာ ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးရန် သို့မဟုတ် တောင်းဆိုရန် တန်းတူညီမျှ အခွင့်အရေးများ ရှိကောင်းမှ ရှိမည်ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ သည် မကြာခဏဆိုသလို ၎င်းတို့၏ အခွင့်အရေးများအကြောင်း သတင်းအချက် အလက်များ ရရှိခြင်း မရှိကြဘဲ သစ်တောလုပ်ငန်း စီမံကိန်းရေးဆွဲမှုနှင့် စီမံအုပ်ချုပ်မှု အစည်းအဝေးများနှင့် ဆုံးဖြတ်ချက် ချမှတ်မှုလုပ်ငန်းစဉ်များတွင် ကိုယ်စားပြုပါဝင်မှုများ နည်းပါးနေဆဲ ဖြစ်ပါသည်။ သစ်တောလုပ်ငန်း ကဏ္ဍအအတွင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် အခန်းကဏ္ဍများ၊ ပါဝင်ကူညီမှုများဆိုင်ရာ ကျား/မခွဲခြားကောက်ယူထားသော အချက်အလက်များနှင့် သုတေသနများ နည်းပါးနေခြင်းက ထိုအ ခြေအနေကို ပိုမို ဆိုးရွားစေပါသည်။[18] မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများအတွင်းတွင်လည်း အလားတူကျားမတန်းတူညီမျှမရှိမှုများ ရှိနေပြီး ထိုလူမျိုးစုအများအပြားသည်လည်း သစ်တောကို မှီခိုသူများ ဖြစ်ကြပါသည်။[19]

မြန်မာနိုင်ငံ၏ NRS မဟာဗျူဟာနှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့်ချဉ်းကပ် ဆောင်ရွက်မှုနည်းလမ်းတို့အား ရေးဆွဲရာတွင် ကျားမရေးရာရှုထောင့်များကို ထည့်သွင်းရေးဆွဲရခြင်း ၏ ရည်ရွယ်ချက်မှာ REDD+ မူဘောင်သည် နိုင်ငံတကာဥပဒေများအရ နိုင်ငံမှပြုထားသော ကတိက ဝတ်များနှင့် ကာကွယ်စောင့်ရှောက်မှုများကို လေးစားလိုက်နာကြောင်း သေချာစေရန်နှင့် REDD+ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုတို့တွင် အမျိုးသမီးများ၏ အဓိက ကျသော အခန်းကဏ္ဍမှပါဝင် ဆောင်ရွက်နေမှုကို အသိအမှတ်ပြုရန် ဖြစ်ပါသည်။ ယခုအချိန်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်း အဆင့်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

---

[17] အာရှဖွံ့ဖြိုးရေးဘဏ်၊ UNDP၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် UN Women (၂၀၁၆) - "မြန်မာနိုင်ငံရှိ ကျားမတန်းတူ ညီမျှမှုနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ - အခြေအနေဆန်းစစ်လေ့လာချက် (Gender Equality and Women's Rights in Myanmar: A Situation Analysis)"

[18] RECOFTC (၂၀၁၅)၊ "မြန်မာနိုင်ငံရှိ သစ်တောလုပ်ငန်းနှင့် အစီအစဉ်အတွင်းရှိ လူမှုရေးနှင့် ကျားမသာတူညီမျှရေး ကိစ္စ ရပ်များ (Social and gender equity issues in forestry and REDD+ in Myanmar). Discussion paper". ဤနေရာတွင် ရရှိနိုင် သည် - https://www.recoftc.org/project/grassroots-capacity-building-redd/issue-papers/social-and-gender-equity-issues-forestry-and-redd-myanmar

[19] Ibid

- REDD+ အဆင်သင့်ဖြစ်ရေး လမ်းပြမြေပုံအတွက် ဆောင်ရွက်ခဲ့သော အကျိုးဆက်စပ် သက်ဆိုင်သူများအား လေ့လာမှုတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်း စုများကို ကူညီပံ့ပိုးပေးနေသော သို့မဟုတ် ကိုယ်စားပြုနေသော အကျိုးဆက်စပ်သက်ဆိုင် သူများကို ဖော်ထုတ်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၃ ခုနှစ် လမ်းပြမြေပုံသည် အောက်ပါလိုအပ်ချက် များကိုလည်း အသိအမှတ်ပြုထားပါသည် - က) REDD+ အဆင် သင့်ဖြစ်ရေး လုပ်ဆောင်မှု များတွင် ကျားမတန်းတူညီမျှရေး အားပေးမြှင့်တင်ခြင်းနှင့် တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအား လေးစားခြင်းတို့ရှိကြောင်း သေချာစေခြင်းနှင့် ခ) REDD+ အကောင် အထည်ဖော်ရာတွင် ကျားမရေးရာနှင့် တိုင်းရင်းသား လူနည်းစုများဆိုင်ရာ ကိစ္စများကို အားပေးမြှင့်တင်ခြင်းနှင့် ပေါင်းစပ်ထည့်သွင်းခြင်း တို့ကို ပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။
- သစ်တောများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် REDD+ အတွက် မူဝါဒများ နှင့် အစီအစဉ်များတွင် အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အတွက် လမ်းညွှန်ချက်များ သည် REDD+ ဒီဇိုင်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှု အဆင့်များအားလုံးတွင် အမျိုးသားများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် အခြားအကျိုးဆက် စပ်သက်ဆိုင်သူများ သာတူညီမျှစွာနှင့် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ် ပါသည်။
- REDD+ အသိပညာစီမံခန့်ခွဲမှုနှင့် ဆက်သွယ်ရေးမဟာဗျူဟာ (၂၀၁၈ ခုနှစ်တွင် အသစ် ပြင်ဆင်ဖြည့်စွက်) အရ အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ ကဲ့သို့ ပစ်ပယ်ခံရသော အုပ်စုများအပါအဝင် အကျိုးဆက်စပ်သက်ဆိုင်သူအုပ်စုများ အားလုံး၏ လိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် ကိုက်ညီမှုရှိသည့် အထောက်အကူပစ္စည်းများကို ဒီဇိုင်းရေးဆွဲ၍ ထုတ်ဝေပေးမည်ဖြစ်သည်။
- တိုင်ပင်ဆွေးနွေး အကြံပြုချက်ရယူသည့် လုပ်ငန်းစဉ်များ (ဥပမာ NRS အတွင်းတိုင်း ဒေသကြီး/ပြည်နယ်အဆင့် ဆွေးနွေးပွဲများ (၂၀၁၇ နိုဝင်ဘာလ - ၂၀၁၈ ဧပြီလ) နှင့် ကာကွယ် စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းရေးဆွဲစဉ် အတွင်း) တွင် အမျိုး သမီးများ၏ ပါဝင်တက်ရောက်ဆွေးနွေးမှုကို အားပေးပြီး ပါဝင်ဆွေးနွေးနိုင်အောင် ဆောင် ရွက်ပေးခဲ့သည်။
- သစ်တောကဏ္ဍအတွင်းရှိ ကျားမရေးရာကိစ္စများနှင့် REDD+ ဒီဇိုင်းရေးဆွဲမှုတွင် အမျိုးသမီး များ၏ ပါဝင်ဆောင်ရွက်မှု နည်းပါးခဲ့ခြင်းကို အသိအမှတ်ပြုလျက် REDD+ အထူးလုပ်ငန်း အဖွဲ့ အတွင်းရေးမှူးရုံးမှ မြန်မာနိုင်ငံရှိ REDD+ အစီအစဉ်အတွင်း အမျိုးသမီးများ၏ အခန်း

ကဏ္ဍနှင့် ရှေ့ဆက်ဆောင်ရွက်မည့် REDD+ လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာအောင် မည်သို့ကူညီပံ့ပိုးပေးနိုင်မည်ဆိုသည်တို့နှင့် စပ်လျဉ်းသည့် စာတမ်းတို တစ်စောင်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ပြုစုထုတ်ပြန်ခဲ့ပါသည်။ ထိုစာတမ်းတိုပါ အကြံပြုချက်များကို အထူးလုပ်ငန်းအဖွဲ့၏ ပဥ္စမအကြိမ်မြောက် အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ ထိုအချိန်မှစ၍ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်များတွင် ကျားမမျှတစွာ ပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရန် အလေးအနက်ထား လုပ်ဆောင်ခဲ့သောကြောင့် နိုင်ငံအဆင့် မဟာဗျူဟာအတွက် တိုင်ပင် ဆွေးနွေးမှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် ၂၀၁၇ က ၂၁ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၄၂ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာပါသည်။

- NRS (၂၀၁၉) မူကြမ်းတွင်လည်း ကျားမရေးရာနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားထားမှုများရှိပြီး သစ်တောများအတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် REDD+အတွင်း ကျားမရေး ရာ ရှုထောင့်ကို ထည့်သွင်းရန် အရေးကြီးမှုတို့ကို အလေးပေးဖော်ပြထားပါသည်။ ထို့ပြင် အမျိုးသမီးအုပ်စုများနှင့် ဌာနေတိုင်းရင်းသားများ၏ အကျိုးစီးပွားနှင့် ပါဝင်ဆောင်ရွက်နိုင်ရန် အလားအလာရှိသော အခန်းကဏ္ဍများကိုလည်း ပိုမိုအသေးစိတ် စိစစ်လေ့လာထားပါသည်။ ထို့မှသာမက ကျားမတန်းတူညီမျှရေးကို သတိပြုနားလည်မှုရှိစွာ ရေးဆွဲထားသော PaM အချို့ကိုလည်း အဆိုပြုထားပါသည်။

အနာဂတ်တွင် ကာကွယ်စောင့်ရှောက်မှုများကို အကောင်အထည်ဖော်ကျင့်သုံးခြင်းအပါအဝင် REDD+ လုပ်ငန်းစဉ်များအတွင်း ကျားမရေးရာရှုထောင့်ကို ထည့်သွင်းနိုင်ရေးနှင့် သာတူညီမျှ ကိုယ်စားပြုမှု ရှိစေရေးတို့အတွက် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။ REDD+ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအတွင်း အမျိုးသမီးအုပ်စုများ ကိုယ်စားပြုမှုမှုနှင့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုတို့ သင့်လျော်သည့်အတိုင်းအတာအထိ ရရှိအောင် ဆက်လက်အားထုတ် ကြိုးပမ်းသွားရန် လိုပေလိမ့်မည် (ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို အပိုင်း ၅.၄ တွင် ဖော်ပြပေးထား ပါသည်)။

## ၄.၃။ REDD+ မူဝါဒများနှင့် နည်းလမ်းများမှ ရရှိနိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ဆန်းစစ်လေ့လာခြင်း

REDD+ ၏ အဓိကရည်ရွယ်ချက်မှာ တစ်ကမ္ဘာလုံးရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် ပါဝင်ကူညီပေးရန် ဖြစ်သော်လည်း အခြားသော လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ အကျိုး

ကျေးဇူးများကိုပါ ရရှိစေနိုင်သည့်အလားအလာ ကြီးမားစွာရှိပါသည်။ သစ်တော များသည် ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာ၊ လောင်စာနှင့် အမျှင်များ၊ ရေထိန်းညှိခြင်း နှင့် မြေဆီလွှာ တိုက်စားမှု ထိန်းချုပ်ခြင်းတို့ ကဲ့သို့ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအမျိုးမျိုး ကို ပံ့ပိုးပေးပါသည်။ REDD+ PaM များသည် အဆိုပါ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ကာကွယ်စောင့်ရှောက် ပေးခြင်း သို့မဟုတ် တိုးမြှင့်ပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါသည်။ ဥပမာ အချို့ PaM များသည် သစ်တောဂေဟစနစ်များနှင့် ယင်းတို့၏ ဇီဝမျိုးစုံမျိုးကွဲများ အတန်းအစားကျဆင်းခြင်းကို တားဆီး ကာကွယ်ပေးနိုင်ပါသည်။ ကောင်းစွာဒီဇိုင်းရေးဆွဲထားမည်ဆိုလျှင် REDD+ PaM များသည် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေ ရေးနှင့် ကျားမတန်း တူညီမျှမှုကဲ့သို့ သော ပိုမိုကျယ်ပြန့်သည့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူး များကိုလည်း ရရှိစေနိုင်ပါသည်။ သို့သော် REDD+ PaM များသည် မည်သို့မည်ပုံ အကောင်အထည်ဖော်သနည်းဟူသည့်အပေါ် မူတည်၍ ထိခိုက်ဆုံးရှုံးမှုအချို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ ဥပမာ ဒေသခံပြည်သူများမှ သစ်တောဧရိယာများ သို့မဟုတ် သယံဇာတနများကို လက်လှမ်းမီ အသုံးပြုနိုင်မှု လျော့နည်းသွားခြင်း၊ အချို့သော လူအုပ် စုများ ပစ်ပယ်ခံရမှု ပိုများလာခြင်း သို့မဟုတ် သစ်တောများအပေါ် ကျရောက်သော ဖိအားများသည် အခြားနေရာများသို့ ရွှေ့ပြောင်းဖြစ်ပေါ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများသည် REDD+ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံး နိုင်ခြေ များကို နည်းနိုင်သမျှနည်းအောင် လျှော့ချ၍ ဆောင်ရွက်ချက်များကြောင့် ရရှိလာသည့် အခြား လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ နိုင်ငံတစ် နိုင်ငံ၏ အခြေအနေများနှင့်အညီ ရေးဆွဲထားသော PaM များမှ ရရှိလာနိုင်သည့် အကျိုးကျေးဇူး များနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ရှင်းရှင်းလင်းလင်း နားလည်သိရှိထားခြင်းသည် PaM များ၏ ဒီဇိုင်းကို ပိုမိုကောင်းမွန်အောင် ရေးဆွဲနိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန် သို့မဟုတ် ကောင်းကျိုးရလဒ်များကို မြှင့်တင်ရန် မည်သည့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် နည်းလမ်းများ ထပ်ဆောင်းလိုအပ်မည်ဆိုသည်ကို သိရှိဖော်ထုတ်နိုင် ရန် အထောက်အကူပြုပါသည်။ မြန်မာနိုင်ငံ တွင် NRS မူကြမ်းတွင် အဆိုပြုထားသည့် PaM များမှ ရရှိနိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ဆန်းစစ်လေ့လာမှုကို ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းက ဆောင်ရွက်ခဲ့ပါ သည်။

## အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်လေ့လာရန် ဆောင်ရွက်ပုံ

မြန်မာနိုင်ငံ၏ NRS မဟာဗျူဟာမူကြမ်းပါ PaM များမှ ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ဆန်းစစ်မှုကို ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် စတင်ခဲ့ပါသည်။ စာရွက်စာ

တမ်း၊ စာအုပ်များကို လေ့လာ၍ အဆိုပြုထားသော PaM များအတွက် ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ကနဦးစာရင်းကို ပြုစုခဲ့ပြီး အများစုသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်တွင် အကောင်အထည်ဖော်ရန် လိုအပ်သည့် PaM များအတွက် ဖြစ်ပါသည်။ ဆန်းစစ်လေ့လာရာတွင် တိုင်းရင်းသားအုပ်စုများနှင့် အမျိုးသမီးများ အပါအဝင် ထိခိုက်လွယ်သော အကျိုးဆက်စပ်သက်ဆိုင်သူအုပ်စုများ၏ အခြေအနေများနှင့် စပ်လျဉ်းသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်နိုင်ရန် အထူးအလေးဂရုပြုဆောင်ရွက်ခဲ့ပါသည်။ ဖော်ထုတ် တွေ့ရှိသော ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို PaM များ အကြောင်း အချက်အလက်များထဲတွင် ပေါင်းစပ်ထည့်သွင်း၍ နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး /ပြည်နယ်အဆင့်ရှိ PaM များနှင့်စပ်လျဉ်းသည့် တိုင်ပင်ဆွေးနွေးပွဲများတွင် ထိုအချက်အလက် များပေါ် အခြေခံ၍ ဆွေးနွေးခဲ့ကြပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဧပြီလကြားတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုင်ပင်ဆွေးနွေးပွဲ ၁၅ ခု[20] ကို ကျင်းပနိုင်ရန် မြန်မာနိုင်ငံ UN-REDD အစီအစဉ်မှ ကူညီပံ့ပိုးပေးခဲ့ပြီး အဆိုပြု ထားသော PaM များနှင့် REDD+ အကောင်အထည်ဖော်မှုနှင့်သက်ဆိုင်သည့် အခြားအကြောင်း အရာများအတွက် အကျိုးသက်ဆိုင်သူများ၏ အကြံပြုချက်များကို စုဆောင်းရယူခဲ့ပါသည်။ အစိုးရဝန် ကြီးဌာနများ၊ CSO များ၊ တိုင်းရင်းသားအဖွဲ့များ/ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးခဲ့သော အကြံပြုအလုပ်ရုံဆွေးနွေးပွဲများအတွင်း သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးနှင့် သက်ဆိုင်သည်ဟု ယူဆသည့် PaM များမှ ရရှိနိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေး ပွဲတက်ရောက်လာသူများသည် အဖွဲ့များခွဲ၍ အဆိုပြုထားသော PaM များကို အကောင်အထည် ဖော်ရန် ဖြစ်နိုင်ခြေရှိ/မရှိနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆွေးနွေး ခဲ့ကြပြီး PaM များ၏ ဒီဇိုင်းကို ပိုမိုကောင်းမွန်အောင် ရေးဆွဲနိုင်ရန် အကြံပြုချက်များ ပေးခဲ့ကြသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆွေးနွေးပွဲများအနက် ပထမသုံးခုမှ ရရှိသည့် ရလဒ်များကို

[20] မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊

စုစည်း၍ (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော[21]) REDD+ မှ ရရှိနိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းတင်ပြဆွေးနွေး ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ဖော်ထုတ်တွေ့ရှိထားသော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံး ရှုံးနိုင်ခြေများကို ပြင်ဆင်မွမ်းမံခဲ့ကြပြီး တက်ရောက်လာသူများမှ အကျိုးကျေးဇူးများကို မြှင့်တင် နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန် ထပ်ဆောင်းလုပ်ဆောင်ရမည့် နည်းလမ်းများ ကို အကြံပြုတင်ပြခဲ့ကြပါသည်။

ကျန်ရှိနေသေးသည့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆွေးနွေးပွဲများကို ပြီးဆုံးအောင် ဆက်လက်ကျင်းပခဲ့ပြီးနောက် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများအားလုံးမှ ရလဒ်များကို တစ်စုတည်း စုစည်း၍ နောက်ပိုင်း ဆက်လက်လုပ်ဆောင်သည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများထဲတွင် ထည့်သွင်းခဲ့သည်။ ဥပမာ မြန်မာနိုင်ငံရှိ PLR များကို ပြန်လည်သုံးသပ်လေ့လာမှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းမှုတို့တွင် ဖြစ်သည်။ ထို့ပြင် အနာဂတ်တွင် မြန်မာနိုင်ငံတွင်း REDD+ အကောင်အထည်ဖော်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရေးဆွဲရာတွင် အဆိုပြု PaM များ၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ အကြံပြုချက်များ ပေးအပ်ရန်အတွက် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ဆိုင်ရာသတင်းအချက် အလက်များကိုလည်း အသုံးပြုခဲ့ပါသည်။

## ထွက်ပေါ်လာသော ရလဒ်များ

ဆန်းစစ်လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များကို ပုံစံနှစ်မျိုးဖြင့် ရရှိနိုင်ပါသည် -

၁။ ကာကွယ်စောင့်ရှောက်မှုတစ်ခုချင်းစီနှင့်စပ်လျဉ်း၍ ဖော်ထုတ်ထားသော ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ပါဝင်သည့် အနှစ်ချုပ်စာတမ်း[22]

၂။ သက်ဆိုင်ရာ PaM များအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန်နှင့် အကျိုးကျေးဇူးများကို မြှင့်တင်ရန် နည်းလမ်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ၊[23]

---

[21] အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံကို အောက်ပါလင့်ခ်တွင် ရရှိနိုင်ပါသည် - https://www.unredd.net/documents/global-programme-191/safeguards-multiple-benefits-297/studies-reports-and-publications-1/16661-workshop-report-national-workshop-for-assessing-benefits-and-risks-of-redd-in-myanmar/file.html

[22] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၉၊ ကာကွယ်စောင့်ရှောက်မှုများအလိုက် ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို အနှစ်ချုပ်တင်ပြချက် (Summary of benefits and risks by safeguard)၊ http://www.myanmar-redd.org/wp-content/uploads/2017/10/Myanmar-benefits-and-risks-summary-by-safeguards-July-2019.pdf

[23] ဤစာတမ်းကို ဖြန့်ဝေခြင်းမရှိသော်လည်း တောင်းခံလာပါက ပေးအပ်နိုင်ပါသည်။

ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုချက်ကို ပြုလုပ်စဉ်အတွင်း မြန်မာနိုင်ငံ၏ အခြေအနေများအရ ဦးစားပေးဆောင်ရွက်ရမည့် အကျိုးကျေးဇူးများကို ဖော်ထုတ်၍ အကျိုးဆက်စပ်သက်ဆိုင်သူများကြား သဘောတူညီမှု ရယူခဲ့ကြ ပါသည်။ ထိုအကျိုးကျေးဇူးများမှာ -

- မြေယာအခွင့်အရေးများကို မြှင့်တင်အားပေးခြင်း၊
- ဆင်းရဲနွမ်းပါးသော၊ ထိခိုက်လွယ်သော နှင့်/သို့မဟုတ် ပစ်ပယ်ခံရသော လူအုပ်စုများ၏ ဘဝဖူလုံရေးကို မြှင့်တင်ပေးခြင်း၊
- ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအတွက် ရေရှည်လုပ်ကိုင်စားသောက်နိုင်သော သက်မွေးမှုလုပ်ငန်းများ ရရှိအောင် ပံ့ပိုးကူညီခြင်း၊
- ကျားမတန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊
- လူမှုအဖွဲ့အစည်းအေးချမ်းတည်ငြိမ်မှုကို ပံ့ပိုးခြင်း၊
- တန်ဖိုးမြင့်မားသည့် ဇီဝမျိုးစုံမျိုးကွဲများ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုများ (အထူးသဖြင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်း) ရှိ၍ ထိန်းသိမ်းစောင့်ရှောက်မှုများစွာ လိုအပ်နေသည့် နယ်မြေများကို ထိန်းသိမ်းကာကွယ်ခြင်း၊
- နေရင်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်မှု မြင့်မားလာအောင် ဆောင်ရွက်ခြင်း၊
- ကုန်းမြေပျက်စီးမှု လျှော့ချခြင်း သို့မဟုတ် ပြန်လည်ကောင်းမွန်လာစေခြင်း၊
- ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချခြင်းနှင့်
- အစိုးရဝန်ထမ်းများနှင့် ဒေသခံအကျိုးဆက်စပ်သက်ဆိုင်သူများကို စွမ်းရည်မြှင့်တင်ပေးခြင်း (ဥပမာ တည်ဆဲဥပဒေများကို ကျင့်သုံးရန်/ လိုက်နာရန်၊ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့စေသော မြေအသုံးချမှု အလေ့အထများကို လက်ခံ ကျင့်သုံးရန်)။

## ၄.၄။ တည်ဆဲမူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ (PLRs) ကို ပြန်လည် သုံးသပ်ခြင်း

နိုင်ငံတစ်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်သည် ကာကွယ်စောင့်ရှောက်မှုများ အတွက် မည်မျှအတိုင်းအတာအထိ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပြီးဖြစ်သည်ဆိုသည်နှင့် အနာဂတ်တွင် မည်သည့်နေရာများ၌ ပိုကောင်းအောင် ပြင်ဆင်ရန် လိုအပ်မည်ဆိုသည်ကို သိရှိရန်အတွက် REDD+ ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သည့် တည်ဆဲ PLR များကို ဆန်းစစ်လေ့လာရန် လိုအပ်ပါ

သည်။ ထို့ပြင် ထိုဆန်းစစ်လေ့လာမှုသည် ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းချက်တွင် ရည်ညွှန်းကိုးကားသင့်သည့် PLR မူဘောင်၏ အစိတ်အပိုင်းများကို ဖော်ထုတ်သိရှိနိုင်ရန်လည်းကောင်း၊ SIS စနစ်အတွက် ဖြစ်နိုင်ခြေရှိသည့် သတင်းရင်းမြစ်များနှင့် ဆက်စပ်မှုရှိသော PLR များ (ဥပမာ အချို့သော သတင်းအချက်အလက် အမျိုးအစားများ အများပြည်သူ သိရှိအောင် ထုတ်ပြန်ပေးရန် လိုအပ်သည့် PLR များ) ကို ဖော်ထုတ် သိရှိရန်လည်းကောင်း အထောက်အကူ ပြုနိုင်ပါသည်။

## အသုံးပြုသည့် နည်းလမ်း

မြန်မာနိုင်ငံရှိ REDD+ နှင့် သက်ဆိုင်သည့် PLR များကို ပြန်လည်သုံးသပ်လေ့လာမှုအား ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ စာရွက်စာတမ်းများအား လေ့လာမှု၊ သတင်းအချက်အလက် ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှု၊ အကျိုးသက်ဆိုင်သူများ ပါဝင်တက်ရောက်ဆွေးနွေးသော အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်သည်။ သုံးသပ်လေ့လာမှုအား အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည် -

- REDD+ PaM များ အကောင်အထည်ဖော်မှုအား လက်ရှိ PLR မူဘောင်မှ အထောက်အပံ့ ပြုရန် လုံလောက်မှုအတိုင်းအတာကို ဆန်းစစ်အကဲဖြတ်ရန်၊
- ကိုင်တွယ်ဆောင်ရွက်နေသည့် ကာကွယ်စောင့်ရှောက်မှုများကို PLR မူဘောင်မှ အထောက်အပံ့ပြုနိုင်မှု အတိုင်းအတာနှင့် ထိုကာကွယ်စောင့်ရှောက်မှုများကို အကောင် အထည်ဖော်မည့် အဖွဲ့အစည်းများနှင့် အစီအမံများကို ဆန်းစစ်လေ့လာရန်၊
- REDD+ အကောင်အထည်ဖော်မှုအတွက် PLR မူဘောင်ကို အားကောင်းစေရန်နှင့် ကာကွယ် စောင့်ရှောက်မှုများကို ကိုင်တွယ်ဖြေရှင်းကြောင်း၊ လေးစားလိုက်နာကြောင်း သေချာစေရန် ဆောင်ရွက်သင့်သည်များကို အကြံပြုရန်၊
- REDD+ ၏ နစ်နာမှုများအတွက် တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးသော လုပ်ငန်းစဉ် (GRM) တစ်ခု ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်မှုရှိမည့် PLR များ၊ အဖွဲ့ အစည်းများနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန်နှင့် REDD+ အကောင်အထည်ဖော်ခြင်း ကြောင့် ပေါ်ပေါက်လာသည့်၊ ပေါ်ပေါက်လာနိုင်ခြေရှိသည့် နစ်နာမှုများနှင့် ပဋိပက္ခများကို ဖော်ထုတ်ရန် ဖြစ်ပါသည် (ဤစာတမ်း၏ အပိုင်း ၅.၃ ကိုလည်း ကြည့်ပါရန်) ။

ပိုမိုကျယ်ပြန့်သည့် ဤ PLR သုံးသပ်လေ့လာမှု ပြီးဆုံးပြီးနောက်တွင် ကာကွယ်စောင့်ရှောက်မှု များနှင့် ဆက်စပ်မှုရှိသည့် ရလဒ်များကို သီးသန့်ဆွဲထုတ်၍ တစ်စုတစ်စည်းတည်း စုစည်းကာ

ပြန်လည်မွမ်းမံခြင်းနှင့် နောက်ဆုံးရအချက်အလက်များ ဖြည့်စွက်ခြင်းတို့ကို အကျိုးသက်ဆိုင်သူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ထပ်မံတိုင်ပင်ဆွေးနွေးခြင်း၊ စာရွက်စာတမ်းများ ထပ်ဆောင်းလေ့လာသုံးသပ်ခြင်းတို့မှတစ်ဆင့် ဆောင်ရွက်ခဲ့ပါသည်။

ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သော PLR များကို ကနဦးသုံးသပ်လေ့လာရာတွင် ကမ္ဘာလုံးဆိုင်ရာအဆင့်ရှိ UN-REDD အစီအစဉ်မှ ပြုစုထားသော ကာကွယ်စောင့်ရှောက်မှုတစ်ခုချင်း စီအတွက် အဓိကကျသော ယေဘုယျအစိတ်အပိုင်းများ စာရင်းနှင့်အညီ လေ့လာခဲ့ပါသည်။[24] မြန်မာနိုင်ငံ၏ NRS မဟာဗျူဟာမူကြမ်းတွင် ထည့်သွင်းရန်အဆိုပြုထားသော REDD+ PaM များမှ ရရှိနိုင်ခြေရှိသည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါသည် (အပိုင်း ၄.၂ ကို ကြည့်ပါ)။

သုံးသပ်လေ့လာမှုမှ ရရှိသော ရလဒ်များကို ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက် ရေးဆွဲရာတွင် (အပိုင်း ၄.၄ ကို ကြည့်ပါ) လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက်အနှစ်ချုပ်အစီရင်ခံစာ မူကြမ်းတွင်လည်းကောင်း ထည့်သွင်းခဲ့ပါသည်။

အောက်ပါအပိုင်းတွင် သုံးသပ်လေ့လာမှုမှ သက်ဆိုင်ရာ PLR များကို ဖော်ထုတ်ထားသည့် ရလဒ်များနှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ်ဆောင်ရွက်မှုနှင့် လေးစားလိုက်နာမှုအတိုင်းအတာကို မြှင့်တင်နိုင်ရန် PLR မူဘောင်အား အားကောင်းအောင် လုပ်ဆောင်နိုင်မည့် အကြံပြုချက်များကို အနှစ်ချုပ်တင်ပြပေးထားပါသည်။

## PLR သုံးသပ်လေ့လာမှုမှ ရလဒ်များ

PLR သုံးသပ်လေ့လာမှုမှ အဓိကရလဒ်နှစ်ခု ထွက်ပေါ်ခဲ့ပါသည်။ ၎င်းတို့မှာ REDD+ အတွက် ဥပဒေနှင့် မူဝါဒမူဘောင်များအား ယေဘုယျလေ့လာသုံးချက်[25] နှင့် ကာကွယ်စောင့်ရှောက်မှုများနှင့်

---

[24] UN-REDD အစီအစဉ် (၂၀၁၆) - ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း - ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများအား အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းရန်အတွက် မူဘောင် (Country Approach to Safeguards: Framework for clarifying the Cancun safeguards)၊ ၂၀၁၆ ဒီဇင်ဘာ ဗားရှင်း - https://unredd.net/documents/global-programme-191/safeguards-multiple-benefits-297/15925-country-approach-to-safeguards-framework-for-clarifying-the-cancun-safeguards-v112.html

[25] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၉၊ မြန်မာနိုင်ငံရှိ REDD+ (သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုများကို လျှော့ချခြင်း) အကောင်အထည်ဖော်မှုအတွက် ဥပဒေနှင့် မူဝါဒမူဘောင်များအား သုံးသပ်လေ့လာမှု [Review of legal and policy frameworks for REDD+ (Reducing Emission from Deforestation and Forest Degradation) implementation in Myanmar]. http://www.myanmar-redd.org/wp-content/uploads/2018/10/Report-on-PLR-review.pdf

သက်ဆိုင် သော PLR များနှင့်စပ်လျဉ်းသည့် တွေ့ရှိချက်များ အနှစ်ချုပ်တို့ ဖြစ်ပါသည်။[26] ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်းသည့် သုံးသပ်လေ့လာမှုများအရ လက်ရှိ PLRမူဘောင်မှ လုံလောက်စွာ လွှမ်းခြုံမှုရှိပြီးဖြစ်သော နယ်ပယ်များနှင့် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို အပြည့်အဝကိုင်တွယ်ဖြေရှင်း၊ လေးစားလိုက်နာနိုင်စေရန် ထပ်ဆောင်းအားထုတ်မှုများ (ဥပမာ PLR ပြုပြင်ပြောင်းလဲမှုများ သို့မဟုတ် REDD+ အတွက် သီးသန့် လုပ်ထုံးလုပ်နည်းများ) ပြုလုပ်သင့်သည့် နယ်ပယ်များကို တွေ့ရှိခဲ့ပါသည်။ သုံးသပ်လေ့လာမှုမှ ကာကွယ်စောင့်ရှောက်မှုတစ်ခုချင်းစီအတွက် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ပေးအပ်ခဲ့ပါသည် -

- ကာကွယ်စောင့်ရှောက်မှုအတွက် ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် အဓိက PLR များနှင့် ၎င်းတို့၏ အဓိကပြဋ္ဌာန်းချက်များကို သုံးသပ်လေ့လာချက်၊
- သုံးသပ်လေ့လာမှုပြုသည့် အချိန်တွင် ရရှိနိုင်သော သတင်းအချက်အလက်များပေါ်အခြေခံ၍ ဖြေရှင်းနိုင်ခြင်း မရှိသည့် PLR မူဘောင်နှင့်စပ်လျဉ်းသော မေးခွန်းများ၊
- တည်ဆဲ PLR မူဘောင်သည် က) ကာကွယ်စောင့်ရှောက်မှု၏ အစိတ်အပိုင်းများအားလုံး ကို အပြည့်အဝလွှမ်းခြုံမှု ရှိ/မရှိနှင့် ခ) REDD+ လုပ်ငန်းအမျိုးအစားများအားလုံးကို လွှမ်းခြုံမှု ရှိ/မရှိ သို့မဟုတ် ကွာဟချက်များ ရှိ/မရှိ ဆန်းစစ်အကဲဖြတ်မှု အနှစ်ချုပ်၊ သတင်းအချက်အလက်များရရှိနိုင်ပါက ဖော်ထုတ်ထားသော PLR များကို လက်တွေ့အကောင်အထည်ဖော်နိုင်မှု အတိုင်းအတာနှင့် စွမ်းရည်ကန့်သတ်ချက်များကိုလည်း တင်ပြထားပါသည်။
- PLR သုံးသပ်လေ့လာမှုနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများနှင့် ဆွေးနွေးတိုင်ပင်မှုများမှ ထွက်ပေါ်လာသော အကြံပြုချက်များ၊

သုံးသပ်မှုမှ တွေ့ရှိချက်များ မြန်မာနိုင်ငံ၏ ပထမဆုံးသော SoI[27] မူကြမ်းပြုစုစဉ်အတွင်း ပြုလုပ်ခဲ့သော ဆွေးနွေးမှုများပေါ်တွင် အခြေခံ၍ ဆန်းစစ်ခဲ့သော တည်ဆဲ PLR အမြောက်အများထဲမှ

[26] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၉၊ မြန်မာနိုင်ငံရှိ REDD+ အတွက် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်အထောက်အကူပြုနိုင်သည့် မူဝါဒများ၊ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများ (ကာကွယ်စောင့်ရှောက်မှုအလိုက် အနှစ်ချုပ်တင်ပြချက်) [Policies, Laws and Regulations (PLRs) that can help to address the Cancun safeguards for REDD+ in Myanmar (Summary by safeguard)] http://www.myanmar-redd.org/wp-content/uploads/2018/10/PLR-Review-Safeguards-Summary-Report-May-2019-final.pdf

[27] မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်မှုများအား ကိုင်တွယ်ဖြေရှင်းပုံနှင့် လေးစားလိုက်နာပုံ ပထမဆုံး သတင်းအချက် အလက်အနှစ်ချုပ်အစီရင်ခံစာ၊ နောက်ဆုံးမူကြမ်း ၂၀၁၉ ဒီဇင်ဘာ၊ အစီရင်ခံစာအနှစ်ချုပ် - http://www.myanmar-redd.org/final-draft-soi-is-ready-to-submit-myanmar-and-english-versions-are-available-here.html

အောက်ပါတို့အား မြန်မာနိုင်ငံရှိ ကာကွယ်စောင့်ရှောက်မှုများ ကျင့်သုံးမှုနှင့် အထူးဆက်စပ်သက်ဆိုင်မှုရှိကြောင်း သတ်မှတ်ခဲ့ပါသည် -

- အမျိုးသားမြေအသုံးချမှုမူဝါဒ (ကာကွယ်စောင့်ရှောက်မှု ခ၊ ဂ၊ ဃ၊ င၊ စ နှင့် ဆ)
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (ကာကွယ်စောင့်ရှောက်မှု ခ)၊
- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (ကာကွယ်စောင့်ရှောက်မှု ခ နှင့် ဃ)၊
- ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဥပဒေ (ကာကွယ်စောင့်ရှောက်မှု ဂ နှင့် ဃ)၊
- ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (ကာကွယ်စောင့်ရှောက်မှု ဂ နှင့် ဃ)၊
- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (ကာကွယ်စောင့်ရှောက်မှု ဂ)၊
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (ကာကွယ်စောင့်ရှောက်မှု ဂ၊ ဃ၊ င၊ စ နှင့် ဆ)၊
- တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ (ကာကွယ်စောင့်ရှောက်မှု ဂ)၊
- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) (ထိုစီမံကိန်းတွင် အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အပိုင်း တစ်ပိုင်း ပါဝင်) (ကာကွယ်စောင့်ရှောက်မှု ဃ နှင့် င)၊

ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သည့် PLR များဆိုင်ရာ အစီရင်ခံစာမှ အကြံပြုချက်များကို အောက်ပါဇယား ၁ တွင် အကျဉ်းချုပ် တင်ပြထားပါသည်။ မြန်မာနိုင်ငံ၏ PLR မူဘောင်နှင့် ယင်းမူဘောင်အား လက်တွေ့ကျင့်သုံးမှုတို့ အားကောင်းရေးဆိုင်ရာ ထပ်ဆောင်းအကြံပြုချက်များကို SoI မူကြမ်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

***ဇယား (၁) - ကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် လေးစားလိုက်နာခြင်းဆိုင်ရာ PLR များ သုံးသပ်လေ့လာမှုမှ ထွက်ပေါ်လာသော အကြံပြုချက်များ အကျဉ်းချုပ်***

| **ကာကွယ်စောင့်ရှောက်မှု** | **အကြံပြုချက်များ** |
|---|---|
| က။ လုပ်ဆောင်ချက်များသည် နိုင်ငံအဆင့် သစ်တောအစီအစဉ်များ၊ သက်ဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများ၊ သဘော တူညီချက်များကို အထောက်အပံ့ပြုခြင်း သို့မဟုတ် ကိုက်ညီမှုရှိခြင်း၊ | • REDD+ PaM များကို ဤကာကွယ်စောင့်ရှောက်မှုနှင့်အညီ ဒီဇိုင်းရေးဆွဲနိုင်ရန်အတွက် တည်ဆဲ နှင့်/သို့မဟုတ် အလားအလာရှိသော ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များအတွက် ဆွေးနွေးမှုနှင့် ဆန်းစစ်မှုတို့ ဆက်လက်ပြုလုပ်ရန် လိုအပ်ပါသည်။<br>• REDD+ PaM များအနေဖြင့် ကိုက်ညီအောင် ရေးဆွဲသင့်သည့် ဦးစားပေး မူဝါဒများ/အစီအစဉ်များနှင့် နိုင်ငံတကာသဘောတူညီချက်များအား သတ်မှတ်ဖော်ထုတ်ခြင်းကို ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းမှု ပြုလုပ်ခြင်းမှတစ်ဆင့် ဆောင်ရွက် သင့်သည်။ |
| ခ။ နိုင်ငံရှိ ဥပဒေများနှင့် အချုပ်အခြာအာဏာ ပိုင်မှုကို ထည့်သွင်းစဉ်းစားလျက် နိုင်ငံ၏ သစ်တောအုပ်ချုပ်ရေး လုပ်ငန်းစဉ်အတွင်း ပွင့်လင်းမြင်သာ၍ ထိရောက်သော ဖွဲ့စည်း ပုံများ ထားရှိခြင်း၊ | • အကျိုးဆက်စပ်သက်ဆိုင်သူများအား REDD+ စီမံကိန်းများအကြောင်း ပြည့်စုံစွာ အသိပေးနိုင်စေရန် လုပ်ငန်းစဉ်များ၊ ယန္တရားများ ချမှတ်ဆောင်ရွက်သင့်သည်။ မည်သည့် သတင်းအချက်အလက်များကို မျှဝေပေးရမည်ဆိုသည်ကို သတ်မှတ်ပြဋ္ဌာန်းထားသင့်ပြီး REDD+ ဆိုင်ရာ ယေဘုယျ သတင်းအချက် အလက်များ၊ တိုင်ကြားမှုနှင့် အကြံပြုမှု ယန္တရားများအပါအဝင် သက်ဆိုင်ရာ ဥပဒေမူဘောင်နှင့် အစီအစဉ် ရေးဆွဲထားသော REDD+ PaM ဆိုင်ရာ သတင်းအချက် အလက်များကို ထည့်သွင်းမျှဝေပေးနိုင်ပါသည်။<br>• အမျိုးသားမြေအသုံးချမှုမူဝါဒအား အကောင်အထည်ဖော်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် မိရိုးဖလာမြေယာလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုခြင်းကို အကောင်အထည်ဖော် သင့်သည်။ ကြားဖြတ်ကာလတွင် မြေယာအခွင့်အရေးများအတွက် စာရွက်စာတမ်း အထောက်အထားမရှိသော လူအုပ်စုများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်သည့် REDD+ PaM များကို ဒီဇိုင်းရေးဆွဲ ဆောင်ရွက်သင့်သည်။ |

| | |
|---|---|
| | • REDD+ PaM များအတွက် EIA ကို အသုံးပြုသင့်သည့် အတိုင်းအတာအား ရှင်းရှင်းလင်းလင်း သတ်မှတ်ရန် လိုအပ်သည်။ လူမှုရေးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်း တို့တွင် ကျန်ရှိနေ သည့် ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်များ၊ ယန္တရားများ လိုအပ်နိုင်သည်။<br>• မြေအသုံးချမှုနှင့်စပ်လျဉ်းသည့် ကဏ္ဍများနှင့် အစိုးရအဆင့်များကြား ပေါင်းစပ်ညှိနှိုင်းမှု လိုအပ်ပြီး လက်ရှိ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များကို လုပ်ငန်းများ အပြည့်အဝလုပ်ဆောင်နိုင်ရန် ကူညီဆောင်ရွက် ပေးသင့် သည်။<br>• REDD+ PaM များကို အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားမျှတမှု ရှိရေး အတွက် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် လမ်းညွှန်ချက်များ ပြုစုပြီး အများပြည်သူများ သိရှိနိုင်ရန် အတွက် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည်။ အထူးသဖြင့် မြေယာနှင့် အရင်း အမြစ်များ အသုံးပြုခွင့် ခွဲဝေပေးရေးနှင့် အကျိုးခံစားခွင့်များ ခွဲဝေခြင်းတို့ကို အလေးထား ဆောင်ရွက်သင့် သည်။<br>• ဥပဒေအာဏာသက်ရောက်မှု တိုးတက်မြင့်မားရေး လုပ်ဆောင်သော PaM များသည် ထိခိုက်လွယ် သော အကျိုးသက်ဆိုင်သူများအပေါ် တစ်ဖက်စောင်းနင်း ထိခိုက်နစ်နာစေခြင်း မရှိအောင် ဂရုပြု ဆောင်ရွက် သင့်သည်။<br>• ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ စီမံခန့်ခွဲရေး ဥပဒေ၊ EIA လုပ်ထုံးလုပ်နည်း (နှင့်/သို့မဟုတ် PaM များ၏ လူမှုရေးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများကို ဆန်းစစ်ရန် အသုံးပြုမည့် အခြား လုပ်ထုံးလုပ်နည်းများ) ၊ မြေယာနှင့် သက်ဆိုင်သော အချက်အလက်များ မျှဝေခြင်းတို့နှင့်စပ်လျဉ်း၍ ဖော်ထုတ်တွေ့ရှိထားသော စွမ်းရည်ကွာဟချက်များနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့ရသော အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်း များအား ဖော်ထုတ်သင့်သည်။ |
| ဂ။သက်ဆိုင်ရာ နိုင်ငံတကာတာဝန်များ၊ နိုင်ငံ ၏ အခြေနေများနှင့် ဥပဒေများကို ထည့်သွင်းစဉ်းစား၍ ကုလသမဂ္ဂအထွေထွေ ညီလာခံမှ ဌာနေတိုင်းရင်းသားများ၏ | • ဤကာကွယ်စောင့်ရှောက်မှုကို အကောင်အထည်ဖော်ရန်အတွက် အရေးကြီးသော ပထမခြေလှမ်းတစ်ခုမှာ (EIA လုပ်ထုံးလုပ်နည်းတွင် ဖွင့်ဆိုထားသော) "ဌာနေတိုင်းရင်းသားများ" အတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြုမည်လား (ယင်းသည် လက်ရှိ EIA လုပ်ငန်းစဉ်အပေါ် အားပြုဆောင်ရွက်မှုကို လွယ်ကူ စေလိမ့် မည်)၊ သို့မဟုတ် အခြားအဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုကို အသုံးပြုသင့်သလား သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုချက် အသစ်တစ်ခု |

<table>
<tr>
<td>အခွင့် အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာ စာတမ်းကို လက်ခံအတည် ပြုခဲ့ခြင်းကို သတိချပ်လျက် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူ များ၏ အသိပညာဗဟုသုတ နှင့် အခွင့်အရေးများကို အသိအမှတ်ပြု လေးစားခြင်း၊</td>
<td>လိုအပ်မည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဆောင်ရန် ဖြစ်သည်။ အကြံပြုအလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးကြသူများက ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အတွက် အားလုံးပါဝင်နိုင်သည့် စေ့စပ်သေချာစွာ ဆွေးနွေးမှုလုပ်ငန်းစဉ်တစ်ခု လိုအပ်မည်ဟု ထုတ်ဖော် ပြောဆိုခဲ့ကြပါသည်။ လတ်တလောတွင် လုပ်ဆောင်နိုင်သော နည်းလမ်းတစ်ခုမှာ “ဌာနေတိုင်းရင်း သားများ” ဟူသော အသုံးအနှုန်းကို အသုံးမပြုဘဲ ဒေသခံပြည်သူများအားလုံးကို တူညီသော အခွင့်အရေး ရှိသူများအဖြစ် သဘောထား၍ ဆောင်ရွက်ပေးရန် ဖြစ်သည် (“ဌာနေတိုင်းရင်းသားများ” ဟူသော အသုံးအနှုန်းအပေါ် အငြင်းပွားဖွယ်ဖြစ်နေသော နိုင်ငံအချို့တွင် ဤနည်းလမ်းကို လက်ခံကျင့်သုံး ခဲ့ကြပါ သည်)။
<ul>
<li>“ဒေသခံပြည်သူများ” ဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍လည်း ရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ဆောင်သင့်သည်။ အထူးသဖြင့် သက်ဆိုင်ရာနေရာဒေသတစ်ခုတွင် အနည်းဆုံးအနေဖြင့် အချိန်ကာလ မည်မျှ တစ်ဆက်တည်းနေထိုင်ရမည်ဟူသည့် သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ဖြစ်သည်။</li>
<li>REDD+ PaM များအတွက် အစီအစဉ်များ/စီမံကိန်းများ ရေးဆွဲရာတွင် ဒေသခံ အကျိုးဆက်စပ်သက်ဆိုင် သူများ ပါဝင်နိုင်ရန် သင့်လျော်သည့် လုပ်ငန်းစဉ်များကို ချမှတ်သင့်ပြီး ၎င်းတို့၏ အခွင့်အရေးများကို ထိခိုက်စေသော အသုံးချခွင့် ကန့်သတ်ချက်များ သို့မဟုတ် တားမြစ်ချက်များ ပြုလုပ်ရသော ဖြစ်ရပ်များ တွင် လျော်ကြေးပေးအပ်သင့်သည်။ ထိခိုက်လွယ်သောအုပ်စုများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား ပြီး သင့်လျော်သည့် နေရာများတွင် FPIC ဆိုင်ရာ သတ်မှတ်ချက်များကို လေးစားလိုက်နာသည့် တရားမျှ တပြီး ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းစဉ်တစ်ခုကို ချမှတ်သင့်သည်။</li>
<li>REDD+ PaM များတွင် ထိခိုက်နစ်နာနိုင်သည့် အကျိုးဆက်စပ်သက်ဆိုင်သူများ၏ FPIC ကို တောင်းခံရန် လုပ်ငန်းစဉ်များအတွက် ရှင်လင်းတိကျသည့် လမ်းညွှန်ချက်များ ပြုစုသင့်သည်။ FPIC ကို မည်သည့်အချိန် တွင် တောင်းခံသင့်သည်၊ ထိုလုပ်ငန်းစဉ်ကို မည်သို့ ဆောင်ရွက်သင့်သည်ဟူသည့် လမ်းညွှန်များလည်း ပါဝင်ရပါမည်။</li>
<li>အားလုံးပါဝင်ဆောင်ရွက်သော စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အစိုးရဝန်ထမ်းများ အား စွမ်းရည်မြှင့်တင်ပေးသင့်ပြီး ဒေသခံပြည်သူများအား (အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများ) REDD+ လုပ်ထုံးလုပ်နည်းများ၊ REDD+တွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများနှင့် ၎င်းတို့၏ အခွင့် အရေးများကို</li>
</ul>
</td>
</tr>
</table>

| | |
|---|---|
| | လေးစားလိုက်နာခြင်းမရှိဟု ခံစားရပါက တိုင်ကြားနိုင်သော နည်းလမ်းများ (ဥပမာ GRM) အကြောင်း အသိမြှင့်တင်မှုများ ပြုလုပ်ပေးသင့်သည်။<br>• REDD+ လုပ်ဆောင်မှုအမျိုးအစား အမျိုးမျိုးတွင် EIA နှင့်/သို့မဟုတ် SEA ကို ဆောင်ရွက်ရန် သင့်/မသင့် (မည်သို့ဆောင်ရွက်မည်) ဟူသည်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်သင့်သည်။ အကယ်၍ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေးများကို ထိခိုက်နိုင်သော PaM အမျိုးအစား အချို့တွင် EIA/SEA ကို ဆောင်ရွက်ခြင်း မပြုပါက ဖြစ်နိုင်ခြေရှိသည့် အကျိုးသက်ရောက်မှုများကို စီမံကိန်း ရေးဆွဲစဉ်အဆင့်အတွင်း ဆန်းစစ်အကဲဖြတ်နိုင်ရန်နှင့် သင့်လျော်သည့် နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်သည့် အခြား လုပ်ငန်းစဉ်များကို ရှာဖွေဖော်ထုတ်ထားသင့်သည်။<br>• အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်ပြီး မြေအသုံးချခွင့် စာရွက် စာတမ်းများ၊ လက်မှတ်များ မရှိသည့်သူများ (မိရိုးဖလာမြေအသုံးချခွင့်များကို ကျင့်သုံးနေသူများ အပါအဝင်) ၏ အခြေအနေကို ဖြေရှင်းပေးသည့် ပြဋ္ဌာန်းချက်များအား ထိုဥပဒေတွင်း ထည့်သွင်းရေးဆွဲ ပေးသင့်သည်။<br>• ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်သည့် စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ (ဥပမာ သစ်တော ဥပဒေနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဥပဒေအောက်မှ) ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပို၍ အားကောင်းအောင် လုပ်ဆောင်သင့်သည်။ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ထိုညွှန်ကြားချက်များက ဥပဒေတစ်ခုတွင် အသိအမှတ်ပြုပြဋ္ဌာန်းပေးခြင်းဖြင့် အားကောင်းအောင် လုပ်ဆောင်ခြင်းနှင့် ထိုညွှန်ကြားချက်များကို သတ်မှတ်ထားသော သစ်တောဧရိယာပြင်ပတွင်ပါ အသုံးပြုနိုင်မှု တိုးပွား လာအောင် လုပ်ဆောင်ခြင်းနည်းလမ်းများအား စဉ်းစားသင့်သည်။<br>• မြေယာ၊ သယံဇာတများနှင့် နယ်မြေဒေသများဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ကိုင်တွယ်ဖြေ ရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သင့်သည်။ မြေယာလုပ်ပိုင်ခွင့်၊ မြေအမျိုးအစားသတ် မှတ်ချက်နှင့် |

| | |
|---|---|
| | မြေအသုံးချမှုအခွင့်အရေးများ ဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီမှုနှင့် စွမ်းရည်မြှင့်တင်မှုတို့အားကောင်းလာအောင် လုပ်ဆောင်မှုများလည်း အပါအဝင်ဖြစ်သည်။<br>• REDD+ မှ ရရှိသော အကျိုးခံစားခွင့်များကို ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအပါအဝင် အကျိုးဆက်စပ်သက်ဆိုင်သူများထံ ခွဲဝေပေးရန်အတွက် အားလုံးပါဝင်နိုင်ပြီး သာတူညီမျှရှိသော နည်းလမ်းတစ်ခုကို ရေးဆွဲချမှတ်ဆောင်ရွက်သင့်သည်။ |
| ဃ။ ဤဆုံးဖြတ်ချက်၏ အပိုဒ် ၇၀ နှင့် ၇၂ တွင် ရည်ညွှန်းဖော်ပြထားသော လုပ်ငန်းများ* ၌ ဆက်စပ်ပတ်သက်သည့် အကျိုးသက်ဆိုင် သူများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသား များနှင့် ဒေသခံ ပြည်သူများမှ အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှု၊<br><br>** REDD+ လုပ်ငန်းများအားလုံးကို ဆိုလိုပါသည်။ ဆုံးဖြတ်ချက်အမှတ် 1/CP.16 ၏ အပိုဒ် ၇၀ တွင် REDD+ ၏ အစိတ်အပိုင်းများဖြစ်သည့် 'လုပ်ဆောင်မှု' ငါးခု၏ တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက် ပါဝင်ပါသည်။* | • ကာကွယ်စောင့်ရှောက်မှုအမျိုးမျိုးအောက်တွင် ဖော်ပြထားသော ကွာဟချက်များနှင့် စွမ်းရည်ကန့်သတ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများအား ရှာဖွေဖော်ထုတ်သင့်သည်။ REDD+ အကောင်အထည်ဖော်မှုအား ကာကွယ်စောင့်ရှောက်မှု (ဃ) နှင့်အညီ ဖြစ်စေရန် ဆောင်ရွက်နိုင်သည့် အလွယ်ကူဆုံး နည်းလမ်းတစ်ခုမှာ အကျိုးဆက်စပ်သက်ဆိုင်သူများ နှင့်/သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များကို ဖော်ထုတ်သတ်မှတ်ရန် လမ်းညွှန်များနှင့် REDD+ PaM အမျိုးမျိုးတွင် အကျိုးဆက်စပ်သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်များ ပြုစုခြင်းကဲ့သို့သောနည်းလမ်းများ ဖြစ်နိုင်ပါသည်။<br>• အကျိုးဆက်စပ်သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်များအတွက် အစိုးရဝန်ထမ်းများနှင့် ဒေသခံ အကျိုးသက်ဆိုင်သူများ (အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများ) ကို စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် လုံလောက်သည့် ပံ့ပိုးကူညီမှုများ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပေးသင့်သည် (အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် အကြံပြုချက်ကို ကာကွယ်စောင့်ရှောက်မှု (င) တွင် ကြည့်ပါရန်) ။<br>• အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများ၏ အကြံပြုချက်အရ အားလုံးပါဝင်ဆောင်ရွက်နိုင်မှု ရှိစေရန်အတွက် အကျိုးသက်ဆိုင်သူများ သို့မဟုတ် အကျိုးသက်ဆိုင်သူအုပ်စုများသည် ၎င်းတို့ကိုယ်တိုင် မည်သူမည်ဝါ သို့မဟုတ် မည်သည့်အုပ်စုဟူသည်ကို "ကိုယ်တိုင်သတ်မှတ်နိုင်သည့်" အခွင့်အရေး ရှိသင့်သည်။ အကျိုးသက်ဆိုင်သူများ၏ ကိုယ်စားလှယ်များသည် ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန် များကို ကောင်းစွာသိရှိပြီး ၎င်းတို့နှင့် ၎င်းတို့ကိုယ်စားပြုသော အုပ်စုကြား သတင်းအချက်အလက် စီးဆင်းမှု နှစ်လမ်းသွား ဖြစ်စေရန် လုပ်ငန်းယန္တရားများ ချမှတ်ဆောင် ရွက်သင့်သည်။ |

| | |
|---|---|
| | • အကျိုးသက်ဆိုင်သူများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များသည် PaM များ ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှု အဆင့်များအားလုံးတွင် (ထိခိုက်နိုင်ခြေများကို ဆန်းစစ်ခြင်း၊ ဒီဇိုင်းနှင့် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း/ အကဲဖြတ်သုံးသပ်ခြင်းအပါအဝင်) ပါဝင်ဆောင်ရွက်နိုင်အောင် ရေးဆွဲထားသော လမ်းညွှန်ချက်များ ဖြစ်သင့်သည်။ EIA ပါဝင်ဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များကို အပြီးသတ်ရေးဆွဲ၍ လက်ခံအတည် ပြုနိုင်မည့် နည်းလမ်းများကို ရှာဖွေသင့်သည်။ |
| င။ လုပ်ဆောင်ချက်များသည် သဘာဝတော များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့် ရှောက်မှု လုပ်ငန်းများနှင့် ကိုက်ညီမှုရှိရမည် ဖြစ်ပြီး ဤဆုံးဖြတ်ချက်၏ အပိုဒ် ၇၀ ပါ လုပ်ဆောင်ချက်များကို အကြောင်းပြု၍ သဘာဝတောများအား ပြောင်းလဲအသုံးပြု ခြင်းမရှိစေဘဲ သဘာဝတောများနှင့် ၎င်းတို့ ၏ ဂေဟစနစ် ဝန်ဆောင်မှုများကို ထိန်း သိမ်းကာကွယ် စောင့်ရှောက်ချင်လာအောင်၊ အခြားသော လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ အကျိုးကျေးဇူးများ တိုးပွားအောင် လုပ်ဆောင်ချင်စိတ်ရှိလာအောင် ဆွဲဆောင် အားပေးရန်အတွက် ဖြစ်စေရပါမည်။ * | • REDD+ ၏ အပိုင်းကဏ္ဍများအားလုံးတွင် အသုံးပြုနိုင်သည့် သဘာဝတောများအတွက် ရှင်းလင်း တိကျသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုကို သဘောတူဖွင့်ဆိုခြင်း၊ တရားဝင် သစ်တောမြေ အတွင်း နှင့် အပြင်ရှိ သဘာဝတောများ ပျံ့နှံ့ပေါက်ရောက်နေမှုဆိုင်ရာ တိကျမှန်ကန်သော အချက်အလက်များ ကို စုဆောင်းခြင်း၊ ထိုသတင်းအချက်အလက်များကို REDD+ PaM များအား စီမံကိန်းရေးဆွဲ၊ အကောင်အထည်ဖော်နေသူများ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်သင့်သည်။<br>• REDD+ PaM များကြောင့် သဘာဝတောများကို ပြောင်းလဲအသုံးပြုခြင်းများ မဖြစ်ပေါ်စေကြောင်း သေချာအောင် လုပ်ဆောင်နိုင်မည့် လုပ်ငန်းယန္တရားတစ်ခုကို ဖော်ထုတ်ချမှတ်သင့်သည်။<br>• စီမံကိန်းရေးဆွဲသည့် အဆင့်အသီးသီးတွင် PaM များ၏ ဖြစ်နိုင်ခြေရှိသော လူမှုရေးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများ (သွယ်ဝိုက်ထိခိုက်မှုများအပါအဝင်) ကို ဆန်းစစ်ရန်အတွက် လုပ်ငန်းစဉ်များ ဖော်ထုတ် ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။<br>• ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် EIA/SEA မှ ပါဝင်ဆောင်ရွက်ပေးနိုင် သော အခန်းကဏ္ဍကို တရားဝင်လုပ်ပိုင်ခွင့်နှင့် ရရှိနိုင်သော စွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစား၍ ဆန်းစစ်သင့်သည်။ အကယ်၍ REDD+ ကြောင့် ထိခိုက်မှုများကို ဆန်းစစ်ရန်အတွက် SEA ကို အဓိကအသုံး ပြုရန် ရွေးချယ်မည်ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွင်းရှိ ဝန်ထမ်းများအား စွမ်းရည်မြှင့် တင်ပေးပြီး SEA အတွက် လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်များ ပြုစုခြင်းအား အမြန်ဆုံးလုပ်ဆောင် မည်ဆိုလျှင် အကျိုးရှိနိုင်ပါသည်။ |

| | |
|---|---|
| ** ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ မိခင်ကမ္ဘာမြေနေ့တို့နှင့် အညီ နိုင်ငံအများစုရှိ ဌာနေတိုင်းရင်းသားများ နှင့် ဒေသခံပြည်သူများ၏ ရေရှည်လုပ်ကိုင် စားသောက်နိုင်သော သက်မွေးမှုလုပ်ငန်းများ လိုအပ်မှုနှင့် ၎င်းတို့၏ သစ်တောများပေါ်တွင် အပြန်အလှန်မှီခိုရမှုတို့ကို ထည့်သွင်း စဉ်းစားလျက်၊* | • စီမံကိန်းရေးဆွဲ၊ အကောင်အထည်ဖော်မှု အဆင့်များအတွင်း PaM များ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို စီမံကိုင်တွယ်ရန်အတွက် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းများ ပြုလုပ်သင့်သည်။ သင့်လျော်သည့် PaM များကို ရွေးချယ်ခြင်း၊ ဦးစားပေး သတ်မှတ်ခြင်း၊ နေရာနှင့် ဒီဇိုင်းရွေးချယ်ခြင်း၊ လိုအပ်သောနေရာများတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချသည့် နည်းလမ်းများ ဖော်ထုတ်ခြင်းဆောင်ရွက်ခြင်းလည်း ပါဝင်သင့်သည်။<br>• REDD+ PaM များ၏ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စီမံကိုင်တွယ်ခြင်းဆိုင်ရာ သီးခြားလမ်းညွှန်တစ်ခု ပြုစုရန် စဉ်းစားသင့်သည်။ ထိုသို့ပြုစုရာတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သော ရရှိနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ဆန်းစစ်လေ့လာမှုပေါ်တွင် အားပြု၍ မြေအသုံးချမှု သွယ်ဝိုက်ပြောင်းလဲခြင်း၏ ထိခိုက်ဆုံးရှုံးနိုင်ခြေကို ဆန်းစစ်ခြင်းနှင့် အကျိုးကျေးဇူးများ တိုးတက်ရရှိအောင် အားပေးမြှင့်တင်ခြင်း ကဲ့သို့ REDD+ကာကွယ်စောင့်ရှောက်မှုများနှင့် အထူးသက်ဆိုင်မှုရှိသော ကိစ္စရပ်များကို ထည့်သွင်းသင့် သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် EIA/SEA သို့မဟုတ် အခြား ထိခိုက်မှုဆန်းစစ်ခြင်း/ ထိခိုက် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ပိုမို ရိုးရှင်းလွယ်ကူ၍ မြန်ဆန်ထိရောက်မှု ရှိစေမည်ဖြစ်သည်။<br>• မြန်မာနိုင်ငံအတွက် ဦးစားပေးအကျိုးကျေးဇူးများ တိုးမြှင့်ရရှိရေး အားပေးသည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သင့်သည်။ ဥပမာ ကာဗွန်နှင့်စပ်လျဉ်းသည့် အကျိုးကျေးဇူးများအပြင် အဆိုပါ ဦးစားပေး အကျိုးကျေးဇူးများကို ရရှိစေမည့် REDD+ PaM များကို ရေးဆွဲအကောင်အထည်ဖော်ချင်လာအောင် ဆွဲဆောင်အားပေးမှုများ ပြုလုပ်ပေးခြင်းဖြင့် ဆောင်ရွက်ခြင်း။<br>• REDD+ PaM များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရန် နှင့်/သို့မဟုတ် အကျိုးခံစားခွင့်ရရှိစေရန် နည်းလမ်းများကို ဖော်ထုတ်သင့်သည်။ ဥပမာ အဆိုပြု PaM များတွင် အမျိုးသမီးများ၏ ပါဝင်ဆောင် ရွက်မှုကို ဟန့်တားနိုင်ခြေရှိသည့် အတားအဆီးများအား စစ်ဆေးခြင်းနည်းလမ်းဖြင့်။<br>• ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရည်မှန်းချက်များနှင့် ကုန်းတွင်းနယ်မြေ (landscape) အဆင့်ရှိ ဂေဟစနစ်ဆိုင်ရာ ချိတ်ဆက်မှုများကို သင့်တင့်လျောက်ပတ်စွာ ထည့်သွင်းစဉ်းစားစေရန်အတွက် မြေအသုံးချမှု |

| | |
|---|---|
| | သို့မဟုတ် စီမံအုပ်ချုပ်မှု စီမံကိန်းများ ရေးဆွဲခြင်းနှင့် သက်ဆိုင်သည့် PaM များကို စွမ်းရည်မြှင့်တင်ခြင်းနှင့် ပွင့်လင်းမြင်သာမှု မြှင့်တင်ခြင်း နည်းလမ်းများဖြင့် ပံ့ပိုးပေးသင့်သည်။<br>• REDD+ PaM များ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများအတွက် သင့်လျော်သည့် စောင့်ကြည့်စစ် ဆေးမှု လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စစ်ဆေးရှာဖွေသင့်သည်။ ဥပမာ REDD+ အတွက် ပိုမိုကျယ်ပြန့်သည့် စောင့်ကြည့်စစ်ဆေးမှုနှင့် သုံးသပ်အကဲဖြတ်မှု လုပ်ငန်းစဉ်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခြင်း။ |
| စ။ ရရှိထားသော အောင်မြင်မှုများ မူလအခြေအနေသို့ ပြန်လည် ဆိုက်ရောက်နိုင် ခြေ (reversal) အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ဆောင်ချက်များ၊ | • ရရှိထားသော အောင်မြင်မှုများ မူလအခြေအနေသို့ ပြန်လည်ဆိုက်ရောက်နိုင်ခြေ (reversal) အန္တရာယ် များကို ဆန်းစစ်မှုတစ်ခုအား REDD+ PaM များ၏ ဒီဇိုင်းရေးဆွဲမှုအဆင့်အတွင်း ထည့်သွင်းဆောင်ရွက်နိုင် ရန် စစ်ဆေးရှာဖွေသင့်သည်။<br>• REDD+ စီမံကိန်းများ ရေးဆွဲရန် တာဝန်ပေးအပ်ထားသူများအတွက် reversal ဖြစ်နိုင်ခြေ အန္တရာယ်များကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးသင့်သည်။<br>• ဆန့်ကျင်ဘက်ဖြစ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် reversal များ ဖြစ်နိုင်ခြေကို လျှော့ချရန် နည်းလမ်းတစ်ခုအဖြစ် အမျိုးသားမြေအသုံးချမှုမူဝါဒအကောင်အထည်ဖော်ခြင်းနှင့် REDD+ PaM များကို မြေအသုံးချမှုစီမံကိန်းများအတွင်း ပေါင်းစပ်ထည့်သွင်းခြင်းတို့အား ကူညီပံ့ပိုးပေးသင့်သည်။<br>• အမျိုးသားသစ်တောသယံဇာတစောင့်ကြည့်စစ်ဆေးခြင်းစနစ်မှတစ်ဆင့် reversal များ ဖြစ်ပေါ်မှုကို ဖော်ထုတ်သိရှိနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သင့်သည်။<br>• Reversal များ ဖြစ်ပေါ်ခြင်းကို ဖော်ထုတ်တွေ့ရှိရသော နေရာများတွင် ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ အား စိစစ်လေ့လာခြင်းဖြင့် REDD+ PaM များ၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုတို့ကို ရရှိသော သင်ခန်းစာများပေါ်တွင် အခြေခံကာ ပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင်ပါသည်။ |
| ဆ။ ကာဗွန်ထုတ်လွှတ်မှုများ နေရာပြောင်းရွှေ့ဖြစ် ပေါ် နိုင်ခြေ (displacement) အန္တရာယ်ကို | • ကာဗွန်ထုတ်လွှတ်မှုများ နေရာပြောင်းရွှေ့ဖြစ်ပေါ် နိုင်ခြေ (displacement) အန္တရာယ်များကို ဆန်းစစ်မှု တစ်ခု အား REDD+ PaM များ၏ ဒီဇိုင်းရေးဆွဲမှုအဆင့်အတွင်း ထည့်သွင်းဆောင်ရွက်နိုင်မည့် နည်းလမ်း များကို စစ်ဆေးရှာဖွေသင့်သည်။ |

| | |
|---|---|
| ကိုင်တွယ်ဖြေရှင်းသည့် လုပ်ဆောင်ချက်များ၊ | • Displacement ဖြစ်နိုင်ခြေ အန္တရာယ်များကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးသင့်သည်။<br>• အမျိုးသားမြေအသုံးချမှုမူဝါဒအကောင်အထည်ဖော်ခြင်းနှင့် REDD+ PaM များကို မြေအသုံးချမှု စီမံကိန်းများအတွင်း ပေါင်းစပ်ထည့်သွင်းခြင်းတို့အား ကူညီပံ့ပိုးပေးသင့်သည်။<br>• REDD+ အား နိုင်ငံ၏ ပိုင်နက်နယ်မြေများအားလုံးတွင် တတ်နိုင်သမျှ အစပ်အဟပ်မိမိ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သင့်ပြီး ထိုအတွက် EAO များ၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများ အတွက် EAO များနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ လိုအပ်နိုင်ပါသည်။<br>• အမျိုးသားသစ်တောသယံဇာတစောင့်ကြည့်စစ်ဆေးခြင်းစနစ်မှတစ်ဆင့် displacement များ ဖြစ်ပေါ်မှုကို ဖော်ထုတ်သိရှိနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သင့်သည်။<br>• ကာဗွန်ထုတ်လွှတ်မှုများ နေရာရွှေ့ပြောင်းဖြစ်ပေါ်မှုကို ဖော်ထုတ်တွေ့ရှိရာမှ ရရှိသော သင်ခန်းစာများအား အနာဂတ် မူဝါဒများနှင့် နည်းလမ်းများအား ဒီဇိုင်းရေးဆွဲမှုတွင် ထည့်သွင်းစဉ်းစား ရေးဆွဲသင့်သည်။ |

## ၄.၅။ REDD+ ကာကွယ်စောင့်ရှောက်မှုများအား အစီပွါယ်ဖွင့်ဆိုရှင်းလင်းခြင်း

ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ UNFCCC ဆုံးဖြတ်ချက်[28] တွင် ကာကွယ်စောင့်ရှောက်မှုများကို တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်သည့် အသုံးအနှုန်းများဖြင့် ယေဘုယျအားဖြင့် ချမှတ်ပေးထားခြင်းဖြစ်ပြီး ထိုကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံအဆင့်တွင် လက်တွေ့လုပ်ဆောင်မှုများအဖြစ် မည်သို့မည်ပုံ အစီပွါယ်ကောက်ယူ ဆောင်ရွက်မည်ဆိုသည်နှင့်စပ်လျဥ်း ၍ လွတ်လပ်ခွင့်အချို့ ပေးထားပါသည်။ ထို့ကြောင့် ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အစီပွါယ်ဖွင့်ဆိုခြင်းသည် မြန်မာနိုင်ငံ၏ ၂၀၁၇ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လမ်းပြမြေပုံတွင် ပါရှိသည့် အဓိကလုပ်ငန်း အဆင့်များထဲမှ တစ်ခုဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အစီပွါယ်ဖွင့်ဆိုရှင်းလင်းချက်တစ်ခုတွင် REDD+ ကာကွယ်စောင့်ရှောက်မှုများ၏ အခြေခံစည်းမျဉ်းများသည် နိုင်ငံ၏ အခြေအနေအရ မည်သို့ အစီပွါယ်သက်ရောက်ကြောင်း ရှင်းလင်းတင်ပြထားပြီး နိုင်ငံတွင်းရှိ ပရိတ်သတ်များ နားလည်သိရှိလက်ခံသည့် အသုံးအနှုန်းများကို အသုံးပြုထားပါသည်။ ထို့ပြင် ဦးစားပေးရမည့်ကိစ္စများ (ဥပမာ REDD+မှ တွဲဖက်ရရှိသည့် မည်သည့် ပတ်ဝန်း ကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများသည် နိုင်ငံအတွက်အရေးအကြီးဆုံး ဖြစ်သည်) ကို ဖော်ထုတ်သတ်မှတ်ထားပြီး နိုင်ငံ၏ တည်ဆဲ PLR မူဘောင်ကို ထည့်သွင်းစဉ်းစားထားပါသည်။ ကာကွယ်စောင့်ရှောက်မှုများကို အစီပွါယ်ရှင်းလင်းဖွင့်ဆိုခြင်းသည် ၎င်းတို့မှ သတ်မှတ်ပြဌာန်းပေးထားသည့် အခွင့်အရေးများနှင့် တာဝန်များကို အကျိုးဆက်စပ်သက်ဆိုင်သူများ အားလုံးတူညီစွာ နားလည်သိရှိမှုကို ရရှိစေသည့်အပြင် SIS စနစ်တစ်ခု ဒီဇိုင်းရေးဆွဲရန် (မည်သည့်သတင်းအချက်အလက် အမျိုးအစားများကို ထည့်သွင်းသင့်ကြောင်း ပိုမို ရှင်းလင်းစေခြင်းဖြင့်) နှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက်အနှစ်ချုပ် အစီရင်ခံစာများ ပြုစုရန် အဓိကကျသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအား အစီပွါယ်ဖွင့်ဆိုရှင်းလင်းချက်ကို မည်သို့အသုံးပြုရန် ရည်ရွယ်ကြောင်း TWG-SES နှင့် အခြားသော အစိုးရနှင့်အစိုးရမဟုတ်သည့် အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးမှုများအတွင်း အစီပွါယ်ဖွင့်ဆိုရှင်းလင်းချက်ကို SIS နှင့် SoI

[28] UNFCCC Dec. 1/CP.16

တို့အတွက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများတွင် အထောက်အပံ့ပြုရန်အပြင် အောက်ပါတို့ အတွက် အသုံးပြုနိုင်ကြောင်း အဆိုပြုခဲ့ကြပါသည် -

- ကာကွယ်စောင့်ရှောက်မှုများအကြောင်း အသိပညာဖြန့်ဝေပေးမှုနှင့် စွမ်းရည်မြှင့်တင်မှု များတွင် ဆက်သွယ်ရေးအထောက်အကူနည်းလမ်း တစ်ခုအဖြစ် အသုံးပြုခြင်း၊
- PaM များ ရေးဆွဲ၊ အကောင်အထည်ဖော်ဆောင်ကြသူများအတွက် ကာကွယ် စောင့်ရှောက် မှုများကို ကျင့်သုံးရန် လမ်းညွှန်ပေးရာတွင် ထည့်သွင်းအသုံးပြုခြင်း၊
- အနာဂတ်တွင် ချမှတ်ဆောင်ရွက်မည့် နစ်နာမှုများအတွက် တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်မှု လုပ်ငန်းစဉ် ဆောင်ရွက်မှုများတွင် ရည်ညွှန်းကိုးကားချက်တစ်ခု အဖြစ် အသုံးပြုခြင်း (အပိုင်း ၅.၃ ကို ကြည့်ပါရန်) တို့ ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းရန် အသုံးပြုသော နည်းစနစ်

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အဓိပ္ပါယ် ဖွင့်ဆိုရှင်းလင်းချက်ကို ၂၀၁၈ ခုနှစ်က TWG-SES မှ ဆုံးဖြတ်ခဲ့သည့်အတိုင်း အခြေခံစည်းမျဉ်းများ နှင့် စံသတ်မှတ်ချက်များ (Principles and Criteria) ပါဝင်သော ဖွဲ့စည်းပုံကို အသုံးပြု၍ ဖွင့်ဆို ရှင်းလင်းခဲ့ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်ကို မူကြမ်းပြုစုရာတွင် ဇယားပုံစံဖြင့် စုစည်းထား သော အဓိကကျသည့် အချက်အလက်အချို့ကို အသုံးပြုခဲ့ပါသည် -

- ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများ (မြန်မာနိုင်ငံအတွက် အခြေခံစည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များအတွက် အခြေခံဖြစ်သည်)၊
- UN-REDD အစီအစဉ်မှ စုစည်းပေးသော ကာကွယ်စောင့်ရှောက်မှုများ၏ နိုင်ငံတကာ တွင် အသုံးပြုနိုင်သည့် ယေဘုယျအစိတ်အပိုင်းများ စာရင်း (ကာကွယ်စောင့်ရှောက်မှု များအား ထပ်မံခွဲခြမ်းစိတ်ဖြာရန် အသုံးပြုခဲ့သည်)၊
- မြန်မာနိုင်ငံတွင် အဆိုပြုထားသော REDD+ PaMများမှ ပေါ်ပေါက်လာနိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများဆိုင်ရာ သတင်းအချက်အလက်များနှင့် ကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ်ဖြေရှင်းပေးရန်နှင့် လေးစားလိုက်နာနိုင် ရန် ဆက်စပ်မှုရှိသည့် PLR များအကြောင်း သတင်းအချက်အလက်များ (ရှေ့တွင် ဖော်ပြခဲ့သော အပိုင်းများတွင် ကြည့်ပါ)။

အဆိုပါအချက်အလက်များပေါ်တွင် မူတည်၍ အခြေခံစည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များ ပထမမူကြမ်းကို ပြုစုပြီး ၂၀၁၈ ခုနှစ် ဇွန်တွင် ကျင်းပသည့် မြန်မာနိုင်ငံရှိ ခန်ခွန်းကာကွယ် စောင့်ရှောက်မှုများအား အမိပ္ပါယ်ဖွင့်ဆိုရှင်းလင်းခြင်းဆိုင်ရာ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲ[29] တစ်ခုတွင် တင်ပြဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးတက်ရောက်သူများထံမှ လက်ခံရရှိသော အကြံ ပြုချက်များနှင့် အချက်အလက်များကို ပေါင်းစပ်ထည့်သွင်း၍ ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ဒုတိယမူကြမ်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပတွင် ကျင်းပခဲ့သော 'REDD+ ကာကွယ်စောင့်ရှောက်မှုများ သတင်းစနစ်တစ်ခု တည်ထောင်ရေးအတွက် သတင်းလိုအပ်ချက် များဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ' အတွင်း TWG-SES အဖွဲ့ဝင်များနှင့် အခြားအကျိုး ဆက်စပ်သက်ဆိုင်သူများထံ တင်ပြခဲ့သည် (အောက်တွင် ကြည့် ပါ)။ ထို့ပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာ-နိုဝင်ဘာအတွင်းတွင် အများပြည်သူထံမှ မှတ်ချက်များ တောင်းခံရန်အတွက် မြန်မာနိုင်ငံ REDD+ ဝက်ဆိုက်ပေါ်တွင် အွန်လိုင်းမှ မျှဝေပေးခဲ့သည်။ အမိပ္ပါယ်ဖွင့်ဆိုရှင်းလင်း ချက်နှင့်စပ်လျဉ်း၍ ထွက်ပေါ်လာသော သီးခြားမေးခွန်းနှင့်ကိစ္စရပ်အချို့ကိုလည်း ပြည်ထောင်စု ရှေ့နေချုပ်ရုံး (UAGO) နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာန (MOEA) ကဲ့သို့သော အဖွဲ့အစည်းများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ချင်းလူ့ အခွင့်အရေးအဖွဲ့ (CHRO) မှလည်း ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ချင်းပြည်နယ်၌ ၎င်းတို့ စီစဉ်ကျင်းပသည့် REDD+ တိုင်ပင်ဆွေးနွေးပွဲတစ်ခုအတွင်း အကြံပြု ချက်များ ရယူပေးခဲ့သည်။

ထပ်ဆောင်းရရှိသော အကြံပြုချက်များနှင့် မှတ်ချက်များကို ထည့်သွင်း၍ ပြင်ဆင်ထားသော အမိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက် နောက်ဆုံးမူကြမ်းကို ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် နိုင်ငံ အဆင့် အထူးလုပ်ငန်းအဖွဲ့ထံ တင်ပြခဲ့ပြီး သစ်တောဦးစီးဌာနအမှုဆောင်ကော်မတီသို့ မျှဝေပေးခဲ့ သည်။ ထို့နောက်တွင် ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အမိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်ကို အပြီးသတ်ပြုစု၍ ထုတ်ပြန်နိုင်ခဲ့ပါသည်။

## ရလဒ်များ - ကာကွယ်စောင့်ရှောက်မှုများကို မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီသော အမိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်

မြန်မာနိုင်ငံ၏ ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အမိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်ကို ၂၀၁၉ ခုနှစ် ဇွန်လတွင် [မြန်မာဘာသာ] နှင့် [အင်္ဂလိပ် ဘာသာ]တို့ဖြင့်

[29] အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာကို ဤနေရာတွင် ရရှိနိုင်သည် - https://unredd.net/documents/global-programme-191/safeguards-multiple-benefits-297/studies-reports-and-publications-1/16956-report-on-myanmar-national-clarification-workshop-june-2018.html

ထုတ်ဝေခဲ့သည်။ ထိုအမိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်တွင် (ခန့်ခွန်းကာကွယ် စောင့်ရှောက်မှု ခုနစ်ခုနှင့်အညီ) အခြေခံစည်းမျဉ်း ခုနစ်ခုနှင့် စံသတ်မှတ်ချက် စုစုပေါင်း ၂၉ ခု ပါဝင်ပါသည်။ စံသတ်မှတ်ချက်များသည် အခြေခံစည်းမျဉ်းများကို အသေးစိတ်ပြန်လည်ဖွင့်ဆို ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် REDD+ PaM များကို ကာကွယ်စောင့်ရှောက်မှုများနှင့်အညီ မည်သို့ ဒီဇိုင်းရေးဆွဲ၊ အကောင်အထည်ဖော်သင့်ကြောင်း အသေးစိတ် ဖော်ပြပေးထားပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်၏ မြန်မာဗားရှင်းကို ဤစာတမ်း၏ နောက်ဆက်တွဲ (၁) တွင် ဖော်ပြပေးထားပါသည်။

## ၄.၆။ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် (SIS)အတွက် သတင်းလိုအပ်ချက်များ နှင့် အသုံးပြုနိုင်ခြေရှိသည့် ညွှန်ကိန်းများကို သတ်မှတ်ဖော်ထုတ်ခြင်း

မြန်မာနိုင်ငံ၏ SIS စနစ်ထူထောင်ရေး လုပ်ငန်းများကို များပြားလှစွာသော အကျိုးသက်ဆိုင်သူများ ၏ ကြိုးကြပ်မှု၊ အကြံပြုချက်၊ ကူညီပံ့ပိုးမှုများနှင့်အတူ ၂၀၁၈ ခုနှစ်တွင် စတင် ခဲ့သည်။

အများသဘောတူချမှတ်ထားသည့် SIS စနစ်၏ **ရည်ရွယ်ချက်များ**မှာ -

- ရလဒ်များပေါ်အခြေခံသော ရန်ပုံငွေများ ရရှိနိုင်ရေးအတွက် UNFCCC ၏ ကာကွယ် စောင့်ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီစေရန်၊
- အစိုးရ၊ ပုဂ္ဂလိကနှင့် အခြားရင်းမြစ်များမှ REDD+ အကောင်အထည်ဖော်မှုအတွက် ရန်ပုံငွေဖြည့်ဆည်းနိုင်ရေး ကူညီပံ့ပိုးမှုများအား ဆွဲဆောင်ရန်၊
- အခြား သင့်လျော်သည့် နိုင်ငံအဆင့် သတင်းစနစ်များ၊ သတင်းအချက်အလက် မျှဝေမှု များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန်၊
- သစ်တော၊ စိုက်ပျိုးရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးကဲ့သို့ သင့်လျော် သည့် ကဏ္ဍများရှိ သက်သေအထောက်အထား အခြေခံသော မူဝါဒချမှတ်မှုနှင့် အကောင်အထည်ဖော်မှုများတွင် ပါဝင်ကူညီပေးရန်တို့ ဖြစ်သည်။

SIS စနစ် တည်ထောင်ရေး ပထမဆုံးဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်များအနက် တစ်ခုမှာ မြန်မာနိုင်ငံတွင် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်နေကြောင်း၊ လေးစားလိုက်နာလျက်ရှိကြောင်း လက်တွေ့ပြသနိုင်ရန် မည်သည့် သတင်းအချက် အလက်များ လိုအပ်မည်ဆိုသည်ကို ဆန်းစစ်အကဲဖြတ်ခြင်းပင် ဖြစ်ပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုသည် သတင်းအချက်အလက် ရရှိနိုင်သော ရင်းမြစ်များကို ကနဦးသုံးသပ်လေ့လာခြင်း နှင့် SIS စနစ် တွင် ထည့်သွင်းနိုင်မည်ဟု အဆိုပြုသော ညွှန်ကိန်းများ စာရင်းကို စုစည်းခြင်း တို့အတွက် အခြေခံပင်

ဖြစ်ပါသည်။ UNFCCC ၏ ဆုံးဖြတ်ချက်များတွင် SIS စနစ်တစ်ခုအတွက် ညွှန်ကိန်းများကို အသုံးပြုရန် အတိအလင်း သတ်မှတ်ထားခြင်း မရှိသော်လည်း ညွှန်ကိန်း များသည် SIS စနစ်မှ ပံ့ပိုးသော သတင်းအချက်အလက်များသည် ပွင့်လင်းမြင်သာမှုနှင့် အချိန် ကာလ ရွေ့လျားလာချိန်တွင် ရှေ့နောက်ညီညွတ်၍ တစ်သမတ်တည်းရှိကြောင်း သေချာစေရန် အသုံးဝင်သော အထောက်အကူ တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားကြောင်း UNFCCC ဆုံးဖြတ်ချက်အမှတ် 12/CP.17 တွင် ဖော်ပြထားပါသည်။ TWG-SES အဖွဲ့ဝင်များ၊ အခြားအကျိုး ဆက်စပ်သက်ဆိုင် သူများနှင့် ဆွေးနွေးမှုများအတွင်း မြန်မာနိုင်ငံ၏ SIS စနစ်ကို (ကာကွယ်စောင့်ရှောက်မှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်မှ) အခြေခံစည်းမျဉ်းများ၊ စံသတ်မှတ်ချက်များဖြင့် ဖွဲ့စည်းတည် ဆောက်ပြီး ရှင်းလင်းတင်ပြချက်စာသားများဖြင့် အားဖြည့်ထောက်ပံ့ပေးထားသည့် ညွှန်ကိန်းများ ထည့်သွင်းရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

## သတင်းလိုအပ်ချက်များနှင့် အသုံးပြုနိုင်ခြေရှိသော ညွှန်ကိန်းများကို သတ်မှတ်ဖော်ထုတ်ရန် အသုံးပြုသော နည်းစနစ်

မြန်မာနိုင်ငံ၏ SIS စနစ်အတွက် သတင်းလိုအပ်ချက်များကို ခန်ခွန်းကာကွယ်စောင့်ရှောက်မှု များအား နိုင်ငံအခြေအနေနှင့်ကိုက်ညီသော အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်ပေါ် အခြေခံ၍ သတ်မှတ် ဖော်ထုတ်ခဲ့သည်။ အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်၏ စံသတ်မှတ်ချက်တစ်ခုချင်းစီ အတွက် သတင်း လိုအပ်ချက် အမျိုးအစားနှစ်ခုကို ဆန်းစစ်လေ့လာခဲ့သည် - စံသတ်မှတ်ချက် အတွက် 'ကိုင်တွယ် ဆောင်ရွက်ပေးနေကြောင်း' ပြသရန် လိုအပ်သည့် သတင်းအချက်အလက်များ (ဥပမာ စံသတ်မှတ် ချက်နှင့် သက်ဆိုင်ရာ ဥပဒေစည်းကမ်းချက်များ သို့မဟုတ် ပြဋ္ဌာန်းချက်များအကြောင်း ဖော်ပြချက်) နှင့် စံသတ်မှတ်ချက်အား 'လေးစားလိုက်နာနေကြောင်း' ပြသရန် လိုအပ်သည့် သတင်းအချက် အလက်များ (ဥပမာ REDD+ အတွက် သဘောတူညီထားသော လုပ်ထုံးလုပ်နည်းများကို လက်တွေ့ ကျင့်သုံးနေပုံနှင့် စံသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ REDD+ ၏ သက်ရောက်မှုများဆိုင်ရာ သတင်း အချက်အလက်များ) ဖြစ်သည်။

သတင်းလိုအပ်ချက်များစာရင်း ပထမမူကြမ်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ သော 'မြန်မာနိုင်ငံတွင် REDD+ သတင်းစနစ်တစ်ခု တည်ထောင်ရန်အတွက် သတင်းလိုအပ်ချက်များ ဆိုင်ရာ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲ'[30] တွင် TWG အဖွဲ့ဝင်များနှင့် အခြားအကျိုး ဆက်စပ် သက်

[30] အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာကို ဤလင့်ခ်တွင် ရရှိနိုင်သည် - https://www.unredd.net/index.php?option=com_docman&view=download&alias=17072-workshop-report-

ဆိုင်သူများထံ တင်ပြခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးသည့်နောက်တွင် တက်ရောက်လာသူများထံမှ လက်ခံရရှိသော အကြံပြုချက်များနှင့် မှတ်ချက်များကို ထည့်သွင်း၍ သတင်းလိုအပ်ချက်များ စာရင်းကို ပြန်လည်ပြင်ဆင်ပြုစုခဲ့သည်။

အသုံးဝင်နိုင်ခြေရှိသည့် မြန်မာနိုင်ငံတွင် ရှိသော သတင်းစနစ်များနှင့် သတင်းရင်းမြစ်များကို ကနဦး ဆန်းစစ်မှုတစ်ခုအား ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည်။ ရှေ့ပိုင်းတွင် ဖော်ထုတ်ထားသော သတင်းလိုအပ်ချက်များကို အခြေခံအဖြစ် အသုံးပြု၍ အဓိကကျသည့် သတင်းစနစ်နှင့် သတင်း ရင်းမြစ်များကို ဆန်းစစ်လေ့လာခဲ့ရာ ဗဟိုစာရင်းအင်းအဖွဲ့အောက်ရှိ အချက်အလက်စနစ်များ (databases) မှစ၍ နိုင်ငံတကာကွန်ဗင်းရှင်းများအတွက် အစီရင်ခံစာ တင်သွင်းမှုလုပ်ငန်းစဉ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) ကဲ့သို့သော အဖွဲ့အစည်းများမှ စီမံခန့်ခွဲသည့် နိုင်ငံအဆင့် အစီရင်ခံစာတင်သွင်းမှုလုပ်ငန်းစဉ်များအထိ အမျိုးမျိုး ပါဝင်ခဲ့သည်။ ထို့ပြင် လေ့လာဆန်းစစ်မှုတွင် အမျိုးသားသစ်တောသယံဇာတစောင့် ကြည့်စစ်ဆေး ခြင်း (NFMS) စနစ်ကဲ့သို့ လက်ရှိ ဆောင်ရွက်နေဆဲ သတင်းစနစ်များနှင့် အနာဂတ် REDD+ အကောင် အထည်ဖော်မှုအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (M&E) လုပ်ငန်းစဉ်များ နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာများကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။

သတင်းလိုအပ်ချက်များစာရင်းနှင့် ရရှိနိုင်သော သတင်းရင်းမြစ်များအား ကနဦးဆန်းစစ်မှု ရလဒ်များပေါ်တွင် အခြေခံ၍ အဆိုပြုညွှန်ကိန်းများကို ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြုစုခဲ့ပါသည်။ ညွှန်ကိန်း များ ကို ရွေးချယ်ရာတွင် စံသတ်မှတ်ချက် (criteria) အများစုအတွက် အနည်းဆုံး ညွှန်းကိန်းတစ်ခု သို့မဟုတ် နှစ်ခု ရရှိအောင် ရည်ရွယ်ရွေးချယ်ခဲ့သော်လည်း ညွှန်ကိန်းများ၏ စုစုပေါင်းအရေအတွက်ကို စီမံခန့်ခွဲနိုင်လောက်သည့် အရေအတွက်သာ ရှိစေ ရန်လည်း ဆောင်ရွက်ခဲ့သည်။ မူကြမ်းအနေဖြင့် ပြုစုထားသော ညွှန်ကိန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု၊ ကျားမရေးရာ လိုအပ်ချက် တို့နှင့် သက်ဆိုင်သည့် ညွှန်ကိန်းများကဲ့သို့ ကျားမရေးရာ ထည့်သွင်စဉ်းစားချက်များ၊ တိုင်းရင်းသား လူမျိုးအလိုက်နှင့် အသက်အုပ်စုအလိုက် ခွဲခြားကောက်ခံရမည့် အချက်အလက်များ ပါဝင်ပါသည်။ ညွှန်ကိန်းတစ်ခုချင်းစီကို စီမံဆောင်ရွက်ရန် လိုအပ်မည့် အားထုတ်မှုများကိုလည်း ထည့်သွင်းစဉ်းစား ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော 'မြန်မာနိုင်ငံရှိ ကာကွယ်စောင့်ရှောက်မှု သတင်း စနစ် ဒီဇိုင်းဆိုင်ရာ

national-workshop-on-information-needs-for-development-of-a-redd-safeguards-information-system-in-myanmar&category_slug=workshops-and-events-1316&Itemid=134

နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ'[31] တွင် ညွှန်ကိန်းများနှင့်စပ်လျဉ်း၍ အကျိုး ဆက်စပ်သက်ဆိုင်သူများ၏ အကြံပြုချက်များကို ရယူခဲ့ပြီး လက်ခံရရှိသည့် အချက်အလက်များ ပေါ်တွင် မူတည်၍ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ SIS စနစ်ကို လည်ပတ်ဆောင်ရွက်နေစဉ်အတွင်း ညွှန်ကိန်းများစာရင်းကို ပြင်ဆင်မွမ်းမံမှုများ ထပ်မံပြုလုပ်ခြင်း (အပိုင်း ၅.၄ ကို ကြည့်ပါ) ၊ ညွှန်ကိန်းများ ထည့်သွင်း ခြင်းတို့ကို တစ်ဆင့်ချင်းစီ ဆောင်ရွက်သွားမည်ဟု မျှော်မှန်းထားပြီး ပထမအကြိမ် ပြင်ဆင်မွမ်းမံပြီးချိန်တွင် ညွှန်ကိန်းအရေအတွက် ပိုမိုနည်းပါးသွားနိုင်ပါသည်။

**ထွက်ပေါ်လာသော ရလဒ်များ**

ဖြစ်နိုင်ခြေရှိသော ညွှန်ကိန်းများနှင့် နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းထားသည့် ကာကွယ်စောင့်ရှောက်မှုများ၏ စံသတ်မှတ်ချက် (criterion) တစ်ခုချင်းစီ အတွက် စာဖြင့် ရေးသား၍ ရှင်းလင်းတင်ပြရန် အကြံပြုထားသော အကြောင်းအရာများ အပါအဝင် မြန်မာနိုင်ငံ SIS စနစ်အတွက် သတင်းလိုအပ်ချက်များနှင့် အဆိုပြုထားသော သတင်း ဖွဲ့စည်းပုံတို့ကို တင်ပြထားသော ဇယားတစ်ခုအား မြန်မာနိုင်ငံ SIS စနစ်ဒီဇိုင်းအကြောင်း အစီရင်ခံစာ[32]တွင် ထည့်သွင်းတင်ပြထားပါသည်။ ညွှန်ကိန်းများစာရင်းတွင် အဆိုပြုထားသော ညွှန်ကိန်းစုစုပေါင်း ၉၁ ခု ပါဝင်ပြီး အချို့သည် စံသတ်မှတ်ချက် တစ်ခုထက်မကနှင့် သက်ဆိုင် ပါသည်။ SIS စနစ် လည်ပတ်ဆောင်ရွက် နိုင်ရေး လုပ်ဆောင်နေသော လုပ်ငန်းများ၏ တစ်စိတ် တစ်ဒေသအဖြစ် ညွှန်ကိန်းများကို ဦးစားပေး အဆင့် သတ်မှတ်ရွေးချယ်ခြင်းအား လက်ရှိဆောင်ရွက်လျက်ရှိပါသည် (အပိုင်း ၅.၄ ကို ကြည့်ပါ)။

## ၄.၇။ SIS စနစ်အတွက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ လုပ်ငန်းဆောင်တာများနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း

SIS စနစ်တစ်ခု တည်ထောင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အချက်အလက်များ တောင်းခံခြင်းမှသည် အချက်အလက်များအား စီမံဆောင်ရွက်ခြင်း၊ စိစစ်လေ့လာခြင်းနှင့် အကျိုးသက်ဆိုင်သူများထံ သတင်းအချက်အလက်များ မျှဝေခြင်းအထိ လုပ်ငန်းများ၊ အခန်းကဏ္ဍများနှင့် တာဝန်များ အမျိုး

[31] အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာကို ဤလင့်ခ်တွင် ရရှိနိုင်ပါသည် - http://www.myanmar-redd.org/wp-content/uploads/2018/10/Myanmar-SIS-Workshop-Report_final-190815.pdf

[32] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၉ - မြန်မာနိုင်ငံ၏ REDD+ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်ဒီဇိုင်း၊ နောက်ဆုံး မူကြမ်း၊ ၂၀၁၉ နိုဝင်ဘာလ။ https://www.unredd.net/documents/un-redd-partner-countries-181/asia-the-pacific-333/17348-design-of-myanmars-redd-safeguards-information-system-myanmar-version.html

မျိုး ထမ်းဆောင်ရန် ရှိပါသည်။ SIS စနစ် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် မည်သို့သော အစီအမံ များသည် သင့်လျော်/မသင့်လျော်ဟူသည်မှာ သက်ဆိုင်ရာ အဖွဲ့အစည်း များ၏ စွမ်းဆောင်ရည်များ နှင့် လုပ်ပိုင်ခွင့်များ၊ တာဝန်များအပါအဝင် နိုင်ငံ၏ အခြေအနေများ ပေါ်တွင် မူတည်ပါသည်။ မြန်မာ နိုင်ငံ SIS စနစ်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို တင်ပြထားသော အဆိုပြုလွှာတစ်ခုအား ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်းက ပြုစုခဲ့ပါသည်။

**အခန်းကဏ္ဍများ၊ လုပ်ငန်းတာဝန်များနှင့် ဝတ္တရားများကို သတ်မှတ်ရန် အသုံးပြုသော နည်းလမ်း**

မြန်မာနိုင်ငံ SIS စနစ် ဒီဇိုင်းအတွက် ရွေးချယ်အသုံးပြုနိုင်သည့် ယေဘုယျပုံစံများနှင့် အဓိက ဖြေရှင်းရမည့် ကိစ္စများ (မေးခွန်းများ) ပါရှိသည့် စာတမ်းတစ်စောင်ကို ပထမဆုံးအကြိမ် အဖြစ် ၂၀၁၈ ခုနှစ် ဒီဇိုင်ဘာလတွင် ပြုစုခဲ့ပြီး ပြည်တွင်းပြည်ပပညာရှင်များနှင့် ပြန်လည်သုံး သပ်ဆွေးနွေးရန် မျှဝေပေးခဲ့သည်။ ထို့နောက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော 'မြန်မာနိုင်ငံ၏ REDD+ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် တည်ထောင်ခြင်းဆိုင်ရာ နိုင်ငံ အဆင့်အလုပ်ရုံဆွေးနွေးပွဲ'[33] တွင် TWG အဖွဲ့ဝင်များ၊ အခြားအကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးခဲ့သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ၎င်းတို့တွင် ရှိသည့် အချက်အလက်များ၊ အချက်အလက်စီမံခန့်ခွဲမှု စွမ်းရည်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းမှုများ ပြုလုပ်၍ အချက်အလက်များ ထပ်မံရယူစုဆောင်း ခဲ့သည်။

အဆိုပါအချက်အလက်များပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံ၏ SIS စနစ်ဒီဇိုင်း အစီရင်ခံစာ ပထမမူ ကြမ်းကို ပြုစုခဲ့သည်။ ထိုအစီရင်ခံစာထဲတွင် အဆိုပြုထားသော အဖွဲ့အစည်းဆိုင်ရာ အစီအမံများ သည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အချက်အလက်စီမံခန့်ခွဲမှု၊ အစီရင်ခံစာ တင်သွင်းမှုနှင့် REDD+ အကောင်အထည်ဖော်မှုတို့အတွက် လက်ရှိ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ၊ မြန်မာနိုင်ငံ SIS အတွက် သတင်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ လက်ရှိ စွမ်းဆောင်ရည်များနှင့် အချက်အလက်ထိန်း သိမ်းထားမှုများပေါ်တွင် အခြေခံပါသည်။ ပွင့်လင်းမြင်သာမှုနှင့် အကျိုးသက် ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှု လိုအပ်ချက်များကဲ့သို့ SIS စနစ်အတွက် အခြားလိုအပ် ချက်များကို လည်း ထည့်သွင်းစဉ်းစားခဲ့သည်။

---

[33] အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာကို အောက်ပါလင့်ခ်တွင် ရရှိနိုင်သည် - https://www.unredd.net/documents/un-redd-partner-countries-181/asia-the-pacific-333/a-p-partner-countries/myanmar-713/implementation-technical-including-tors-1563/safeguards-1768/17341-report-of-the-qnational-workshop-on-development-of-a-redd-safeguards-information-system-in-myanmarq.html

SIS ဒီဇိုင်းအစီရင်ခံစာမူကြမ်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော ''မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်ဒီဇိုင်းဆိုင်ရာ နိုင်ငံ အဆင့်အလုပ်ရုံဆွေးနွေးပွဲ'[34] တွင် TWG အဖွဲ့ဝင်များနှင့် အခြားအကျိုးသက်ဆိုင်သူများထံ တင်ပြခဲ့ပြီး ၎င်းတို့ထံမှ မှတ်ချက်များ တောင်းခံခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသောအချက်များကို အစီရင်ခံစာတွင် ထည့်သွင်းခဲ့သည်။ ထိုနှစ်၏နောက်ပိုင်းလများအတွင်း အစိုးရကိုယ်စားလှယ်များနှင့် ဆက်လက်ဆွေးနွေး မှုများမှ ရလဒ်များ (SIS စနစ်ကို တာဝန်ယူဆောင်ရွက်ပေးနိုင်ရေး အစီအမံများ အပါအဝင်) ကို အစီရင်ခံစာတွင် ဆက်လက် ဖြည့်စွက်ပြင်ဆင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အစီရင်ခံစာကို အပြီးသတ်ပြုစုထုတ်ပြန်ခဲ့ သည်။

## ထွက်ပေါ်လာသော ရလဒ်များ

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ SIS စနစ်ကို စီမံအုပ်ချုပ်ရေးအတွက် အဆိုပြုထားသော **အဓိကအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်များ** မှာ အောက်ပါအတိုင်း ဖြစ်သည် -

- နိုင်ငံအဆင့် REDD+ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (NCU) ကို ဖွဲ့စည်းရန် စီစဉ်ထားပြီး ထိုအဖွဲ့သည် SIS စနစ်အား တာဝန်ယူစီမံဆောင်ရွက်ပေးမည့် အဖွဲ့အစည်း (host) အား ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက်များအား စိစစ်လေ့လာခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့အတွက် ကူညီပံ့ပိုးပေးခြင်း အပါအဝင် ကာကွယ်စောင့်ရှောက်မှုများ နှင့် SIS စနစ်ဆိုင်ရာ အလုံးစုံသော လုပ်ငန်းများကို ဦးဆောင်မှုပေးရန် မျှော်မှန်းထားပါသည်။
- SIS အချက်အလက်စနစ် (database) နှင့် ဝက်ဆိုက်စာမျက်နှာတို့ကို တာဝန်ယူစီမံဆောင်ရွက်ပေးရန် ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ကို အဆိုပြုပါသည်။ CSO သည် လက်ရှိတွင် အဖွဲ့အစည်းများထံမှ အချက်အလက်များကို ရယူစုဆောင်းရန် တာဝန်နှင့် လုပ်ပိုင်ခွင့် ရှိပါသည်။
- SIS အတွက် အချက်အလက်များ ပံ့ပိုးပေးနိုင်ခြေရှိသည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအမျိုးမျိုးကိုလည်း ဖော်ထုတ်သတ်မှတ်ထားပါသည်။ SIS စနစ်၏ ပထမကာလအပိုင်းအခြားတွင် အဓိကကျသည့်အဖွဲ့အစည်းအနည်းငယ် (MONREC၊ MOALI၊ GAD၊

[34] အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာကို အောက်ပါလင့်ခ်တွင် ရရှိနိုင်သည် - http://www.myanmar-redd.org/wp-content/uploads/2018/10/Myanmar-SIS-Workshop-Report_final-190815.pdf

CSO နှင့် MoEA) ထံမှ အချက်အလက်များကိုသာ အဓိကထား၍ ရယူသွားမည်ဟု ဆုံးဖြတ်ထားပါ သည်။

- အချက်အလက်များ၏ အရည်အသွေးနှင့် တစ်ပြေးညီဖြစ်မှုတို့ကို သုံးသပ်အကဲဖြတ်ပေး ရန်အတွက် အစိုးရနှင့် အစိုးရမဟုတ်သော ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော SIS လုပ်ငန်းအဖွဲ့ကို အဆိုပြုထားပါသည်။ ထိုအဖွဲ့သည် အနာဂတ်တွင် တင်သွင်းမည့် သတင်း အချက်အလက်အနှစ်ချုပ်အစီရင်ခံစာများ ပြုစုရာတွင်လည်း ပါဝင်ဆောင်ရွက် ပေးကောင်း ပေးနိုင်မည်ဖြစ်သည်။
- အနာဂတ်တွင် ဖွဲ့စည်းမည့် REDD+ NCU သည် SoI များ ပြုစုခြင်း၊ နှစ်နှစ်တစ်ကြိမ် တင်သွင်း ရသည့် အစီရင်ခံစာများ (Biennial Update Reports - BURs) အတွက် သတင်းအချက် အလက်များ စုဆောင်းခြင်းနှင့် REDD+ အကောင်အထည်ဖော်မှုများကို ပုံမှန် အစီရင်ခံခြင်း အပါအဝင် အစီရင်ခံတင်ပြခြင်းဆိုင်ရာ ကိစ္စများကို ပေါင်းစပ်ညှိနှိုင်း ပေးသွားရမည်ဖြစ်သည်။
- MONREC သည် ထုတ်ပြန်မည့် SIS သတင်းအချက်အလက်များကို အပြီးသတ် အတည် ပြုပေးရန်နှင့် UNFCCC သို့ သတင်းအချက်အလက်အနှစ်ချုပ်အစီရင်ခံများ တင်သွင်းရန် တာဝန်ရှိပါသည်။

ပိုမိုအသေးစိတ်သော အချက်အလက်များကို SIS စနစ် ဒီဇိုင်းအစီရင်ခံစာတွင် ဖတ်ရှုလေ့လာ နိုင်ပါ သည်။[35]

# ၅။ ဆောင်ရွက်ဆဲလုပ်ငန်းများ

မြန်မာနိုင်ငံသည် ၎င်း၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင် ရွက်မှု နည်းလမ်း ရေးဆွဲချမှတ်မှုတွင် ကြီးမားသည့် တိုးတက်မှုများ ရရှိထားပြီးဖြစ်သော်လည်း အပြည့်အဝ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် အဓိကကျသော အပိုင်းကဏ္ဍအချို့ကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေပါသေးသည်။ ဤသည်ကို တစ်ဆင့်ချင်းစီ တိုးမြှင့်ဆောင်ရွက် သွားသည့် လုပ်ငန်းစဉ်ကို အသုံးပြုနေခြင်းဖြစ်သည်နှင့်အညီ ကာကွယ်စောင့်ရှောက်မှုများကို လွှမ်းခြုံဆောင်ရွက်မှုတွင် ဖြစ်ပေါ် နေသည့် ကွာဟချက် ဖြည့်ဆည်းရန်နှင့် ရရှိလာသော

[35] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၉ - မြန်မာနိုင်ငံ၏ REDD+ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်ဒီဇိုင်း၊ နောက်ဆုံး မူကြမ်း၊ ၂၀၁၉ နိုဝင်ဘာလ။ https://www.unredd.net/documents/un-redd-partner-countries-181/asia-the-pacific-333/17348-design-of-myanmars-redd-safeguards-information-system-myanmar-version.html

သင်ခန်းစာများပေါ် အခြေခံ၍ လုပ်ထုံး လုပ်နည်းများကို ညှိနှိုင်းပြင်ဆင်ရန်အတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတွင် အသေးစိတ် ညှိနှိုင်းပြင်ဆင်မှုများ သို့မဟုတ် ဖြည့်စွက်ထည့်သွင်းမှုများကို အနာဂတ် ဆက်လက်ပြုလုပ်သွားရန် မျှော်မှန်းထားပါသည်။

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို အပြီးသတ်ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ဆဲ လုပ်ငန်းများ၏ အဓိကလုပ်ငန်းနယ် ပယ်များတွင် အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

## ၅.၁။ ကာကွယ်စောင့်ရှောက်မှုများအား လေးစားလိုက်နာကြောင်း သေချာစေရန် အစီအမံများ

REDD+ အကောင်အထည်ဖော်စဉ်ကာလအတွင်း မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ကျင့်သုံးရန် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို သတ်မှတ်ပေးအပ်နိုင်ရေးအတွက် အသေးစိတ်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။ ယခုအချိန်အထိ ဆွေးနွေးညှိနှိုင်းခဲ့မှုများအရ အဓိက အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ဖော်ထုတ်ထားပါသည် -

- REDD+အကောင်အထည်ဖော်မှုများအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းကို ဦးဆောင်ပေးရန် နိုင်ငံအဆင့် REDD+ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (NCU) ကို ဖွဲ့စည်းရန် NRS မဟာဗျူဟာ တွင် အဆိုပြုထားပါသည်။ NCU သည် ကာကွယ်စောင့်ရှောက်မှုများကို အလုံးစုံကျင့်သုံး အကောင် အထည်ဖော်မှုအတွက်လည်း တာဝန်ယူပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ ဥပမာ REDD+ အကောင်အထည်ဖော်နေသော အဖွဲ့အစည်းများအတွက် လမ်း ညွှန်ချက်များ ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများကို ကျင့်သုံးရာတွင် ဖော်ထုတ်တွေ့ရှိသည့် အားနည်းချက်များကို တုံ့ပြန်ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။
- NRS ပါ PaM အမျိုးမျိုးကို သက်ဆိုင်ရာကဏ္ဍအလိုက် သစ်တောဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန (MOPFI)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာန (MOALI) ကဲ့သို့ မြန်မာနိုင်ငံအစိုးရ အဖွဲ့အစည်းအသီးသီးမှ တာဝန်ယူဆောင်ရွက် သွားမည် ဖြစ်သည်။ ၎င်းတို့၏ သက်ဆိုင်ရာ PaM များအတွက် အစီအစဉ်ရေးဆွဲ အကောင် အထည်ဖော်ရာတွင် ကာကွယ်စောင့်ရှောက်မှု

စံသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးရန် လတ်တလောတာဝန်ရှိသူများမှာ PaM များကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ ဖြစ်သည့် အဆိုပါဦးစီးဌာနများပင် ဖြစ်သည်။

- အနာဂတ်တွင် မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းအား ကျင့်သုံးရာတွင် အထူးသက်ဆိုင်မှုရှိမည့် PLR အချို့ကို သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်ပါသည်။ ဥပမာ အမျိုးသားမြေအသုံးမှုမူဝါဒ၊ EIA ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှု ဥပဒေ၊ VFV မြေများ စီမံခန့်ခွဲရေးဥပဒေတို့ ဖြစ်ပါသည် (အထက်ပါ အပိုင်း ၄.၃ ကို ကြည့်ပါ)။ ထို့ကြောင့် အဆိုပါ PLR များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာန အသီးသီးသည်လည်း ကာကွယ်စောင့်ရှောက်မှုများအတွက် ကိုင်တွယ် ဆောင်ရွက်ရန်နှင့် လေးစားလိုက်နာရန် လိုအပ်သည့် အခြေအနေများကို ဖန်တီးပေးရန် တာဝန်ရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက် အနှစ်ချုပ် အစီရင်ခံစာမူကြမ်း[36] တွင် ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း လက်တွေ့ကျင့်သုံးမှုအားကောင်းစေရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များနှင့်စပ်လျဉ်း၍ အကြံပြုချက်အချို့ ပါဝင်ပါသည်။ ဥပမာ REDD+ PaM များအတွက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခံရသော ဌာန အဖွဲ့အစည်းများမှ အစိုးရဝန်ထမ်းများအတွက် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လမ်းညွှန် များ ပြုစုခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းတို့ ဖြစ်ပြီး အကျိုးသက်ဆိုင်သူများ ကိုယ်တိုင် ပါဝင် ဆောင်ရွက်သော စီမံကိန်း ရေးဆွဲမှုနှင့် ထိခိုက်မှုဆန်းစစ်ခြင်းကဲ့သို့ အဓိကကျသော အကြောင်း အရာများနှင့် စပ်လျဉ်းသည့် တာဝန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အလေ့အကျင့်ကောင်း များလည်း ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ကာကွယ်စောင့်ရှောက်မှုများနှင့်သက်ဆိုင်သည့် PLR မူဘောင်အတွင်းရှိ ကွာဟချက်များ ကို ဖြည့်ဆည်းရန် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကိုလည်း အကြံပြုထားပါသည်။ မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ရေးဆွဲချမှတ် ရန် ယခုအချိန်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ (ဥပမာ ရရှိနိုင်သည့် အကျိုး ကျေးဇူးများနှင့် ထိခိုက် ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်ခြင်း၊ PLR များကို သုံးသပ်လေ့လာခြင်း၊ ကာကွယ်စောင့်ရှောက်မှုများ နိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်း ခြင်း) အရ

[36] အွန်လိုင်းတွင် ရရှိနိုင်ပါသည် - http://www.myanmar-redd.org/mm/final-draft-soi-is-ready-to-submit-myanmar-and-english-versions-are-available-here.html

ပေါ်လွင်ထင်ရှားသည့် အချက်မှာ မြန်မာနိုင်ငံ၏ တည်ဆဲ PLR မူဘောင်သည် ကာကွယ်စောင့်ရှောက်မှုများအတွက် အပြည့် အဝကိုင်တွယ်ဆောင်ရွက်ပေးရန် လုံလောက်မည် မဟုတ်ဟူသော အချက် ဖြစ်ပါသည်။ REDD+ ကို အကောင်အထည်ဖော်သည့် နိုင်ငံအချို့တွင် လည်း အလားတူအခြေအနေကို ကြုံတွေ့ရခြင်းသဖြင့် မြန်မာနိုင်ငံအနေဖြင့် ဖော်ထုတ်တွေ့ရှိ ထားသော ကွာဟချက်များကို ဖြည့်ဆည်းရာတွင် အထောက် အကူဖြစ်စေမည့် REDD+ အတွက် သီးသန့်ဖြစ်သည့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လုပ်ထုံး လုပ်နည်း သို့မဟုတ် နည်းလမ်း အထောက်အကူအချို့ကို ရှာဖွေကျင့်သုံးရန် အကြံပြုအပ်ပါသည်။

အဓိကကျသည့် လုပ်ထုံးလုပ်နည်းနှင့် နည်းလမ်းအထောက်အကူနှစ်ခုဖြစ်သော ကြောင်းစွာကြို တင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC) နှင့် နစ်နာမှုများအတွက် တရား သဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ် (GRM) တို့ကို မြန်မာနိုင်ငံ UN-REDD အစီအစဉ်အောက်တွင် ရေးဆွဲနေပြီဖြစ်ပြီး အောက်ပါအပိုင်းများတွင် တင်ပြထားပါသည်။ အချို့ လုပ်ငန်းစဉ်များကို သီးခြား PaM များမှတစ်ဆင့်လည်း ချမှတ်ဆောင်ရွက် သွားနိုင်မည်ဖြစ်ပြီး အချို့အတွက်မူ သစ်တောကဏ္ဍနှင့် REDD+ အစီအစဉ်အောက်တွင် ဆောင်ရွက်နိုင်မည်မဟုတ်သည့် လုပ်ဆောင်မှုများလည်း လိုအပ်နိုင်ပါသည်။ အနာဂတ်တွင် ဖြည့်ဆည်းပေးသင့်သည်ဟု ဖော်ထုတ် တွေ့ရှိထားသည့် ကွာဟချက်နမူနာများသည် အောက်ပါ တို့နှင့် ဆက်နွှယ်ပတ်သက်နေပါသည် -

- မြေယာနှင့် သစ်တောသယံဇာများနှင့်စပ်လျဉ်းသော မိရိုးဖလာအခွင့်အရေးများကို ဖော်ထုတ်ခြင်းနှင့် လေးစားလိုက်နာမှုရှိစေခြင်းအတွက် အများသဘောတူချမှတ်ထား သော ရှင်းလင်းတိကျသည့် နည်းစနစ်တစ်ခု (ထိုအတွက် FPIC လုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းဆောင်ရွက်နိုင်မည့် အလားအလာရှိပါသည်)၊
- သဘာဝတောများ၊ အခြားသစ်တောဧရိယာများ၊ ဒေသခံအစုအဖွဲ့ပိုင်မြေများ၊ စသည် တို့ကို ဖော်ထုတ်ခြင်း နှင့်/သို့မဟုတ် မြေပုံထုတ်ခြင်းတို့ကို ယင်းတို့အား ထိခိုက်စေနိုင် သည့် PaM များအား အကောင်အထည်ဖော်ခြင်း မပြုမီ ဆောင်ရွက်စေမည့် လုပ်ငန်း စဉ်တစ်ခု၊
- PaM များအား အကောင်အထည်ဖော်သူများအနေဖြင့် ကာကွယ်စောင့်ရှောက်မှုများ ဆိုင်ရာ သတ်မှတ်ချက်များကို ပြည့်မီစေရန်အတွက် လိုက်နာကျင့်သုံးရန် လိုအပ်မည့် လုပ်ထုံး လုပ်နည်းများကို ချမှတ်ပေးခြင်းနှင့် မှတ်တမ်းမှတ်ရာများ ထားရှိခြင်း၊ ဥပမာ ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း၊ သတင်းအချက်အလက် မျှဝေခြင်းနှင့်

ပွင့်လင်းမြင်သာမှု၊ အကျိုးသက်ဆိုင်သူများ၏ ပါဝင်ဆောင်ရွက်မှု၊ စွမ်းရည်မြှင့်တင်မှု တို့နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊

- မြေအသုံးချမှု ဘက်စုံစီမံကိန်းရေးဆွဲခြင်းအတွက် အကောင်းဆုံးကျင့်သုံးမှုများဆိုင်ရာ လမ်းညွှန်၊
- REDD+ PaM များအတွက် အနာဂတ်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ် ခြင်း မူဘောင်တွင် ရွေးချယ်ထားသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းလို အပ်ချက်များကို ပေါင်းစပ်ထည့်သွင်းခြင်း (မြေပြင်မှ လုပ်ဆောင်မှုများနှင့် သက်ဆိုင်သည့် သတင်း လိုအပ်ချက်များနှင့် အခြား သတင်းရင်းမြစ်များမှ ရရှိနိုင်ခြင်း မရှိသေးသည့် သတင်း လိုအပ် ချက်များကို အဓိကထား၍) ၊

အသစ်ရေးဆွဲချမှတ်လိုက်သော လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းအထောက်အကူများကို ရှင်းလင်းတိကျစွာ မှတ်တမ်းတင်ထားသင့်သည်။ သို့မှသာ က) PaM များအတွက် စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်နေသူများသည် ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ကောင်းစွာ သိရှိနိုင်မည်ဖြစ်သည်။ ခ) ၎င်းတို့၏ အကောင်အထည်ဖော်မှုများကို စောင့်ကြည့် စစ်ဆေးရန်အတွက် ညွှန်ကိန်းများအား SIS နှင့် REDD+ စောင့်ကြည့်စစ်ဆေးမှု မူဘောင်ထဲတွင် ထည့်သွင်းနိုင်မည် ဖြစ် သည်။

## ၅.၂။ ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း

ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သောသဘောထားတောင်းခံခြင်း (FPIC) သည် အကျိုး သက်ဆိုင်သူများနှင့် ထိရောက်စွာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှု၏ အဓိကကျသော အစိတ် အပိုင်းတစ်ခု ဖြစ်သည်။[37] REDD+ သည် သယံဇာတအရင်းအမြစ်များအား လက်လှမ်းမီ အသုံးပြုနိုင် မှုတွင် အပြောင်းအလဲများ ဖြစ်ပေါ်စေပြီး ဒေသခံပြည်သူများကြားနှင့် ဌာနေတိုင်းရင်း သားများ/တိုင်းရင်းသားလူမျိုးစုများအတွင်းရှိ အမျိုးသမီးများ၊ အမျိုးသားများနှင့် လူငယ်များ ၏ အခွင့်အရေးများအပေါ် ထိခိုက်နိုင်ခြေ ရှိသဖြင့် ၎င်းတို့၏ သဘောတူညီချက် ပေးနိုင်သည့် သို့မဟုတ် သဘောတူခွင့်ပြုပေးရန် ငြင်းဆန်နိုင်သည့် အခွင့်အရေးကို မြန်မာနိုင်ငံရှိ REDD+ အတွက် စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများတွင် လေးစားလိုက်နာဆောင်ရွက်သွားရမည် ဖြစ် သည်။ ဤအခြေအနေများအရ နိုင်ငံတကာလူ့အခွင့်အရေး သဘောတူညီချက် များ၊ ဥပဒေများ၊

[37] UN-REDD အစီအစဉ် (၂၀၁၂) - ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်းဆိုင်ရာ လမ်းညွှန်များ၊ အောက်ပါလင့်ခ်တွင် ရရှိနိုင်သည် - https://www.unredd.net/documents/fpic-repository-1/guidelienes-1/16837-guidelines-on-free-prior-and-informed-consent.html

အခြားသော သဘောတူစာချုပ်ဆိုင်ရာ တာဝန်များနှင့်အညီ ထိခိုက်ခံစားရနိုင် ခြေရှိသောသူများတွင် အဆိုပြုလာသော လုပ်ဆောင်မှုတစ်ခုအတွင်း ပါဝင်ဆောင်ရွက်ရန်နှင့် သဘောတူညီချက်ပေးရန် သို့မဟုတ် သဘောမတူဘဲ ငြင်းဆန်ရန် အခွင့်အရေးရှိပါသည်။ REDD+ လုပ်ငန်းများနှင့် ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးနိုင်စေရန် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၊ အထူးသဖြင့် အမျိုး သမီးများနှင့်လူငယ်များကဲ့သို့ ၎င်းတို့ကြားရှိ ပစ်ပယ်ခံထားရနိုင်ခြေပိုများသော အုပ်စုများသည် ၎င်းတို့၏ အခွင့်အရေးများကို နားလည်သိရှိရန်နှင့် အဆိုပါ အခွင့်အရေးများကို အစိုးရနှင့် အခြားလုပ်ဆောင်သူများမှ အသိအမှတ်ပြုလေးစားလာအောင် အကြံပြုတိုက်တွန်းဆွေးနွေးမှု များ ပြုလုပ်နိုင်ရန် အကူအညီများ လိုအပ်နိုင်ပါသည်။

UN-REDD အစီအစဉ်မှ ချမှတ်ပေးထားသော ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်[38] (မြန်မာဘာသာဖြင့်လည်း ရရှိနိုင်) တွင် အစိုးရများအနေဖြင့် FPIC ကို လေးစားလိုက်နာနိုင်ရန် ဖြေရှင်းရမည့် ကိစ္စများ၊ လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် တာဝန်များကို ဖော်ပြထား ပါသည်။ FPIC လုပ်ငန်း စဉ်တစ်ခုကို အကောင်အထည်ဖော်သောအခါတွင် အောက်ပါလုပ်ငန်း အဆင့် ငါးခုကို ဆောင်ရွက်ရန် ဖြစ်ပါသည် -

(၁) သင့်လျော်သည့် ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊

(၂) စီမံချက်စက်ဝန်းအတွင်း သဘောထားတောင်းခံရယူရန် လုပ်ငန်းစဉ်တစ်ခုအတွက် အစီအစဉ် ရေးဆွဲခြင်း၊

(၃) သဘောတူညီမှု အပြောင်းအလဲ ရှိ/မရှိ စောင့်ကြည့်လေ့လာခြင်း/ သဘောတူညီမှု ပြောင်းလဲသွားခြင်း မရှိစေရန် လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း/ အကူအညီပေးခြင်း

(၄) အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် (နစ်နာမှုဖြေရှင်းပေးရေး လုပ်ငန်းစဉ်) တစ်ခု တည်ထောင်ခြင်းနှင့်၊

(၅) သဘောတူညီမှုကို စိစစ်အတည်ပြုခြင်း၊

[38] Ibid.

## မြန်မာနိုင်ငံအခြေအနေနှင့် FPIC

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းသည့် PLR များကို သုံးသပ်လေ့လာမှု[39] အရ FPIC နှင့် သက်ဆိုင်သည့် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းအချို့ ရှိသည်ကို တွေ့ရပါသည်။ အနှစ်ချုပ်အားဖြင့် မြန်မာနိုင်ငံ၏ PLR မူဘောင်တွင် တရားဝင်အသိအမှတ်ပြုထားသော မြေလုပ်ပိုင်ခွင့်များအတွက် ကာကွယ်စောင့်ရှောက်မှု ပေးထားပြီး အချို့အခြေအနေများတွင် FPIC လုပ်ငန်းစဉ်များအတွက်လည်း ပြဋ္ဌာန်းပေးထားပါသည် -

- အများပြည်သူအကျိုးငှာ (ဥပမာ သစ်တောကြိုးဝိုင်း သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာခြင်း) သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် မြေသိမ်းဆည်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိပါသည် (ဥပမာ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် ၂၀၁၇ ခုနှစ် ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ)။ မြေသိမ်းအက်ဥပဒေနှင့် ၂၀၁၂ လယ်ယာမြေနည်းဥပဒေများတွင် သိမ်းဆည်းလိုက်သည့် မြေနှင့် အကျိုးဆက်စပ်သက်ဆိုင်မှုရှိသူများအတွက် လျော်ကြေးပေးအပ်ရန် နည်းလမ်းများ၊ လယ်ယာမြေနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို တိုင်ကြားမှုများ၊ လယ်ယာမြေကို သိမ်းဆည်းပါက ပေးအပ် ရမည့် လျှော်ကြေးများ၊ စသည်တို့အတွက် ပြဋ္ဌာန်းချက်အချို့ ပါရှိပါသည်။
- ၂၀၁၅ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏ဒေသများတွင် ဆောင်ရွက်မည့် အကြီးစားစီမံကိန်းများအကြောင်း အသိပေးရန်နှင့် အဆိုပါစီမံကိန်းများအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ သို့သော် ဤဥပဒေကို ကျင့်သုံးရန်အတွက် နည်းဥပဒေများ ရေးဆွဲထားခြင်း မရှိသေးပါ။
- ၂၀၁၇ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံသူများအားလုံးသည် တိုင်းရင်းသားလူမျိုးများ၏ ထုံးတမ်းစဉ်လာများ၊ ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှုအစဉ်အလာများကို လေးစားလိုက်နာကြရမည်ဟု ဖော်ပြပါရှိသည်။

[39] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၉၊ မြန်မာနိုင်ငံရှိ REDD+ အတွက် ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်အထောက်အကူပြုနိုင်သည့် မူဝါဒများ၊ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများ (ကာကွယ်စောင့်ရှောက်မှုအလိုက်အနှစ်ချုပ်တင်ပြချက်) [Policies, Laws and Regulations (PLRs) that can help to address the Cancun safeguards for REDD+ in Myanmar (Summary by safeguard)] http://www.myanmar-redd.org/wp-content/uploads/2018/10/PLR-Review-Safeguards-Summary-Report-May-2019-final.pdf

- ၂၀၁၅ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် စီမံကိန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သီးခြားထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရမည်။ ယင်းသို့ သီးခြားလုပ်ထုံးလုပ်နည်းများမရှိလျှင် ကမ္ဘာ့ဘဏ်အုပ်စု၊ အာရှဖွံ့ဖြိုးရေးဘဏ်အပါအဝင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ မူဝါဒတွင် မြေသိမ်းဆည်းရန် လိုအပ်သည့် သို့မဟုတ် ဌာနေတိုင်းရင်းသားများကို နေရပ်စွန့်ခွာရွှေ့ပြောင်းရစေသော နှင့်/သို့မဟုတ် ယဉ်ကျေးမှုအရ ထိခိုက်နှစ်နာစေသော လုပ်ငန်းများအားလုံးအတွက် ဌာနေတိုင်းရင်းသားများထံမှ FPIC ကို တောင်းခံရမည်ဟု သတ်မှတ်ထားသည်။

FPIC အတွက် နိုင်ငံအဆင့် လမ်းညွှန်အချို့ကိုလည်း ပြုစုခဲ့ပါသည်။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံ UN-REDD အစီအစဉ်၏ ကူညီပံ့ပိုးမှုဖြင့် ပြုစုခဲ့သည့် သစ်တောများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် REDD+ အတွက် မူဝါဒများနှင့် အစီအစဉ်များတွင် အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ[40] တွင် FPIC ဆိုင်ရာ သတင်းအချက်အလက်များ နှင့် 'FPIC အတွက် အကဲဖြတ်ရန်အချက်များစာရင်း' တစ်ခု ပါဝင်ပါသည်။ အဆိုပါ FPIC လမ်းညွှန်ချက်များကို ရွေ့ပြေးစမ်းသပ်သုံးစွဲမှုအား ၂၀၁၉ ခုနှစ်က မွန်ပြည်နယ်တွင် ဆောင်ရွက်ခဲ့ပြီး ထိုစမ်းသပ်မှုမှ ရလဒ်များကို အခြေခံ၍ မြန်မာနိုင်ငံအတွက် သီးသန့်လမ်းညွှန်တစ်ခုကို ပြင်ဆင်မွမ်းမံပြုစုနိုင်မည်ဖြစ်သည်။ သစ်တောဦးစီးဌာန (MONREC) မှလည်း FPIC လမ်းညွှန်ချက်များကို ပြုစုခဲ့ပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နှင့်အတူ သဘာဝထိန်းသိမ်းရေးနယ်မြေသစ်များ တည်ထောင်ရာတွင် အသုံးပြုရန် FPIC အတွက် စံလုပ်ငန်းလမ်းညွှန်တစ်ခုကို ပြုစုနေပါသည်။

---

[40] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ ၂၀၁၆၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံ အုပ်ချုပ်လုပ်ကိုင်မှုနှင့် REDD+ အတွက် မူဝါဒများနှင့် အစီအစဉ်များတွင် အကျိုးဆက်စပ် သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန် ချက်များ (Guidelines for Stakeholder Engagement in Policies and Programmes for Sustainable Forest Management and REDD+). https://www.unredd.net/documents/fpic-repository-1/guidelienes-1/16842-guidelines-for-stakeholder-engagement-in-policies-and-programmes-for-sustainable-forest-management-and-redd.html

## ၅.၃။ REDD+ အတွက် နစ်နာမှုများ တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေး သည့် လုပ်ငန်းစဉ် (GRM) တစ်ခု ဒီဇိုင်းရေးဆွဲခြင်း

FCPF/UN-REDD ပူးတွဲအစီအစဉ်၏ GRM လမ်းညွှန်မှတ်စု[41] တွင် GRM များဆိုသည်မှာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှ (သို့မဟုတ် သင့်လျော်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် မြူနီစီပယ်အဖွဲ့အစည်းများမှ) ၎င်းတို့၏ မူဝါဒများ၊ အစီအစဉ်များနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှ ပြင်ပရှိ အကျိုးသက်ဆိုင်သူများအပေါ် ထိခိုက်စေမှုများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်သည့် အရေးကိစ္စများကို တိုင်ကြားမှုများအား လက်ခံရန်နှင့် ကိုင်တွယ်ဖြေရှင်း ပေးရန် တည်ထောင်ထားသော အဖွဲ့အစည်းစနစ်များနှင့် အရင်းအမြစ်များဟု အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ အဆိုပါစနစ်များနှင့် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းပေးသည့် အကျိုးဆက်စပ်သက်ဆိုင်သူများထံမှ လက်ခံရရှိသော အချက်အလက်များကို "နစ်နာမှုများ (grievances)"၊ "တိုင်ကြားမှုများ (complaints)"၊ "အကြံပြုချက်များ (feedback)" သို့မဟုတ် အခြားအလားတူ အသုံးအနှုန်းများဖြင့် သုံးနှုန်းခေါ်ဝေါ် နိုင်ပါသည်။

### မြန်မာနိုင်ငံတွင် ရှိသည့် GRM လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံတွင် REDD+ ကို စတင်မိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် သစ်တောဧရိယာများအတွင်း ရှိသစ်၊ မြေနှင့် အခြားအဖိုးတန်သယံဇာတများ အပြန်အလှန် လဲလှယ်မှုနှင့် ပဋိပက္ခ ဖြစ်ပေါ်မှုအခြေအနေများအပေါ် သက်ရောက်မှုများ ရှိလာမည်ဖြစ်သောကြောင့် REDD+ အတွက် နိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို ချမှတ်ရာတွင် နိုင်ငံအဆင့် GRM လုပ်ငန်းစဉ်တစ်ခုရရှိ အောင်လည်း ထည့်သွင်းဆောင်ရွက်သင့်ပါသည်။ REDD+ အား စတင်အကောင်အထည်ဖော် သည့် အစောပိုင်းအဆင့်များကတည်းက အကျိုးသက်ဆိုင်သူများအတွက် ထိုကဲ့သို့သော လုပ်ငန်းစဉ်တစ်ခု ကို ရရှိအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးသင့်ပြီး ထိုလုပ်ငန်းစဉ်သည် နေရာဒေသအလိုက်၊ ယဉ်ကျေးမှုအလိုက် နှင့်/သို့မဟုတ် စီးပွားရေးအရ တစ်သီးတစ်ခြား ဖြစ်နေသော သို့မဟုတ် ပစ်ပယ် ခံထားရသော အုပ်စုများလည်း လက်လှမ်းမီအသုံးပြုနိုင်သည့် လုပ်ငန်းစဉ်မျိုးလည်း ဖြစ်သင့်သည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် PLR သုံးသပ်လေ့လာမှု လုပ်ငန်းစဉ်အတွင်း နိုင်ငံတွင် ရှိပြီးသား GRM လုပ်ငန်းစဉ်များနှင့် GRM ဒီဇိုင်းနှင့် စပ်လျဉ်းသော

---

[41] REDD+ နိုင်ငံများအတွက် FCPF/UN-REDD ပူးတွဲအစီအစဉ်၏ GRM လမ်းညွှန်မှတ်စု - နစ်နာမှုများအတွက် တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းစဉ်များ တည်ထောင်ခြင်းနှင့် အားကောင်းစေခြင်း (Joint FCPF/UN-REDD Programme Guidance Note for REDD+ Countries: Establishing and Strengthening Grievance Redress Mechanisms)၊ ၂၀၁၅ ဇွန်လ။

အဆိုပြုချက်များ သုံးသပ်လေ့လာမှုကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ပါသည် (အောက်တွင် ကြည့်ပါ)။

မြန်မာနိုင်ငံတွင် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များအတွက် ဆက်သွယ်ရေးနှင့် ဖြေရှင်းဆောင်ရွက်ပေးရေးကို အားပေးသော လုပ်ငန်းစဉ်များ လိုအပ်မှုကို တစ်နည်းနည်းဖြင့် ပြဋ္ဌာန်းပေးထားသည့် တည်ဆဲ PLR ပေါင်း ၂၂ ခုခန့် ရှိပါသည်။ ၂၀၁၇ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ၂၀၁၆ မြေအသုံးချမှုမူဝါဒ၊ ၂၀၁၂ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ စသည်တို့မှ ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။ သို့သော် သစ်တောနှင့် မြေယာတို့နှင့်စပ်လျဉ်းသော နစ်နာမှုများအတွက် ဥပဒေသတ်မှတ်ချက်များမှာ ရှင်းလင်းမှု မရှိလှပါ။ ထို့ပြင် ဥပဒေ မူဘောင်တွင် 'နစ်နာမှု' ဆိုသည်ကို ရှင်းလင်းတိကျစွာ ဖွင့်ဆိုထားသည့် တရားဝင်ဖွင့်ဆိုချက် မရှိဘဲ ပဋိပက္ခများအား တရားရေးစနစ်ဖြင့် ဖြေရှင်းသင့်သည်ဟု အဆိုပြုကြပါသည်။[42]

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများတွင် အလွတ်သဘော အငြင်းပွားမှုဖြေရှင်းသည့် လုပ်ငန်းစဉ်များနှင့် အလေ့အထများရှိကြကြောင်း ထင်ရှားပြီး ခိုင်မာအားကောင်းသည့် မိရိုးဖလာအစဉ် အလာများ ရှိသည့် ဒေသများတွင် ဒေသခံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ သတင်း အချက်အလက်များ ရရှိပိုင်ခွင့်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင် ဆောင်ရွက်ပိုင်ခွင့်တို့ကို ကာကွယ်စောင့်ရှောက်ပေးရန် အထောက်အကူပြုကြောင်း တွေ့ရှိရ ပါသည်။ ရလဒ်အနေဖြင့် ကြားဝင်ဖျန်ဖြေသူတစ်ဦးမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းမှုများကို အားပေးသော ဒေသခံဥပဒေများ ရှိနေပါသည်။ အဆိုပါ အလွတ်သဘောဆန်သော လုပ်ငန်း စဉ်များကို နိုင်ငံအဆင့်တွင် အသိအမှတ်ပြုခြင်း မရှိသော်လည်း ထိုလုပ်ငန်းစဉ်များသည် လက်လှမ်းမီအသုံးပြုနိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ အများ လက်ခံယုံကြည်မှုနှင့် ကြိုတင်ခန့်မှန်း တွက်ဆနိုင်မှုအပါအဝင် GRM အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိပါသည်။

ဖွံ့ဖြိုးရေးစီမံကိန်းအချို့ (ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသော လူထုအခြေပြုဖွံ့ဖြိုးရေးအမျိုးသား စီမံကိန်းကဲ့သို့) နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီအချို့သည်လည်း GRM လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။ သို့သော် ကဏ္ဍအလိုက် ပုံစံများမှ အမျိုးမျိုး

[42] မြန်မာနိုင်ငံ UN-REDD အစီအစဉ်၊ REDD+ (သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း) အတွက် ဥပဒေနှင့် မူဝါဒမူဘောင်များကို သုံးသပ်လေ့လာခြင်းနှင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရန် နစ်နာမှုများအတွက် တရားသဖြင့်ဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးသင့် လုပ်ငန်းစဉ်များ တည်ထောင်ခြင်း- အစီရင်ခံစာ - http://www.myanmar-redd.org/wp-content/uploads/2018/10/Report-on-PLR-review.pdf

ကွဲပြားပါသည်။ ဆိုလိုသည်မှာ IFC လုပ်ငန်းစွမ်းဆောင်ရည်စံနှုန်းများမှစ၍ ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့် အရေးများဆိုင်ရာ အခြေခံစည်းမျဉ်းများအထိ မူဘောင်နှင့် လမ်းညွှန်ချက်အမျိုးမျိုးကို အသုံးပြုခဲ့ ကြပါသည်။ GRM လုပ်ငန်းစဉ်များကို ကျင့်သုံးသော ကုမ္ပဏီများထဲတွင် Myanmar Petroleum Resources Limited Energy & Petroleum၊ KBZ၊ ရွှေတောင်နှင့် ဩဘာတို့ ပါဝင်ပါသည်။

## မြန်မာနိုင်ငံအတွက် အဆိုပြုသော GRM လုပ်ငန်းစဉ်ဒီဇိုင်း

မြန်မာနိုင်ငံရှိ အစိုးရနှင့် အစိုးရမဟုတ်သော အကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးမှုများ[43] အရ REDD+ နှင့်ဆက်နွှယ်၍ ပဋိပက္ခနှင့်အငြင်းပွားမှုအမျိုးမျိုး ရှိနေပြီး နောက်ထပ်ဖြစ်ပွားလာနိုင်သည့် အလားအလာများလည်း ရှိကြောင်း တွေ့ရှိထားပါသည်။ ဥပမာ -

- မြေယာလုပ်ပိုင်ခွင့်နှင့် လက်မှတ်များ - ဥပမာ သစ်တောကြိုးဝိုင်းများအတွင်းရှိ မြေများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ၊ ရှင်းလင်းမှုမရှိသော မြေယာပိုင်ဆိုင်ခွင့်၊ အချို့လူမှုအသိုင်းအဝိုင်းများအတွက် တရားဝင်အသိအမှတ်ပြုထားသော မြေယာလုပ်ပိုင်ခွင့်များ မရှိမှု၊ သစ်တောဦးစီးဌာနနှင့် အခြားဌာနများကြား အငြင်းပွားမှုများ၊ လျော်ကြေးပေးရန် ရှင်းလင်း တိကျသည့် မူဘောင်တစ်ခု မရှိမှု၊ ခွင့်ပြုချက်များနှင့် ပါမစ်များအတွက် ရှင်းလင်းမှုမရှိသော လုပ်ငန်းစဉ်များ၊ သစ်တော၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူအစု အဖွဲ့ပိုင် မြေများတို့ကြား ရှင်းလင်းတိကျသည့် နယ်နိမိတ်သတ်မှတ်ချက်များ မရှိခြင်း၊ စသည်၊
- REDD+ အား အကောင်အထည်ဖော်ခြင်း - ဥပမာ အစိုးရအရာရှိများနှင့် ဩဇာအာဏာကြီးမားသော အကျိုးသက်ဆိုင်သူများကြား ပဋိပက္ခဖြစ်မှုများ၊ အကျိုးခံစားခွင့် ခွဲဝေ ပေးမှုမရှိခြင်း၊ ဒေသခံများ/လူပုဂ္ဂိုလ်များနှင့် တရားဥပဒေ အာဏာသက်ရောက်ရေး ဆောင်ရွက်သော အဖွဲ့အစည်းများကြား ပဋိပက္ခများ၊ တရားမဝင်သစ်ရောင်းဝယ်မှုများတွင် ကြားဝင်ဆောင်ရွက်ပါက လူများအပေါ် ထိခိုက်နိုင်သော အန္တရာယ်များ၊ မြေယာအခွင့်အရေးများဆိုင် ရာ အငြင်းပွားမှုများ၊ စသည်၊

မြန်မာနိုင်ငံတွင် REDD+ အတွက် GRM လုပ်ငန်းစဉ်တစ်ခုကို အဆိုပြုထားပြီး REDD+ နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော စိုးရိမ်ပူပန်မှုများကို နှောင့်နှေးခြင်းမရှိဘဲ တရားမျှတစွာကိုင်တွယ်ဖြေရှင်း ပေးရန် ရည်ရွယ်ပါသည်။ GRM သည် ထိရောက်သော FPIC လုပ်ငန်းစဉ် တစ်ခု၏

[43] ဥပမာ ၂၀၁၈ ခုနှစ် မတ်လနှင့် ဩဂုတ်လအတွင်း ကျင်းပသော PLR သုံးသပ်လေ့လာမှုနှင့် GRM ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ များအတွင်း၊ အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာ ကို ကြည့်ပါ။

အစိတ်အပိုင်း တစ်ခု အဖြစ်လည်းကောင်း၊ REDD+ အကောင်အထည်ဖော်မှု သို့မဟုတ် စီမံအုပ်ချုပ်မှုများ တိုးတက် ကောင်းမွန်စေရန်အတွက် အကြံပြုချက်များကို တင်ပြနိုင်သည့် လုပ်ငန်းစဉ်တစ်ခု အဖြစ်လည်း ကောင်း ယူဆပါသည်။ အဆိုပြုထားသော GRM သည် ရေးဆွဲနေဆဲဖြစ် သော်လည်း ထိုလုပ်ငန်းစဉ် အတွက် အခြေခံစည်းမျဉ်းနှင့် သွင်ပြင်လက္ခဏာအချို့ကိုမူ သတ်မှတ်ထားပြီး ဖြစ်ပါသည်။ GRM အတွက် အဓိကကျသော အခြေခံစည်းမျဉ်းအချို့တွင် အောက်ပါတို့ ပါဝင်ပါသည် -

- နစ်နာမှုများကို တတ်နိုင်သမျှ အောက်ဆုံးအဆင့်တွင် ကိုင်တွယ်ဖြေရှင်းပေးရန်၊
- ရာထူးအဆင့်/အခွင့်အာဏာ ကွာခြားသော ဆက်စပ်ပတ်သက်သူများကြား ပေါ်ပေါက်လာသည့် နစ်နာမှုများကို ဓမ္မဓိဋ္ဌာန်ကျစွာနှင့် တရားမျှတစွာ ဖြေရှင်းပေးရန်၊
- မြန်ဆန်စွာ စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်မှုနှင့် အစီရင်ခံတင်ပြမှု ရှိစေပြီး တစ်ဖက်တွင်လည်း ကုန်ကျစရိတ် ထိရောက်သက်သာမှုရှိအောင် ဆောင်ရွက်ရန်၊
- ဆက်သွယ်ရေးအထောက်အကူပစ္စည်းများ/သတင်းအချက်အလက်များကို ဒေသခံပြည်သူများ နားလည်သည့် ဘာသာစကားများဖြင့် ပံ့ပိုးပေးရန်၊
- ဒေသခံပြည်သူများထံမှ အချက်အလက်များ၊ အကြံပြုချက်များနှင့်အတူ လျာထား ရည်မှန်းချက်များ/ အဓိကစွမ်းဆောင်ရည်ညွှန်ကိန်းများကို ဆက်လက်ချမှတ်ရန်တို့ ဖြစ်သည်။

အဆိုပြုထားသော REDD+ GRM ဒီဇိုင်းတွင် အောက်ပါတို့ကဲ့သို့သော သွင်ပြင်လက္ခဏာများ ပါဝင်ပါသည် - နစ်နာမှုဖြေရှင်းပေးရေးအရာရှိများ၊ ထိုအရာရှိများနှင့် PaM များ အကောင်အထည်ဖော်သော အဖွဲ့အစည်းများအား GRM ဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း၊ ဒေသခံပြည်သူများကို အသိပညာဖြန့်ဝေမြှင့်တင်ပေးခြင်း၊ နစ်နာမှုကိစ္စများဆိုင်ရာ အချက်အလက်စနစ် (grievance database) တစ်ခု ထားရှိခြင်းတို့ ဖြစ်သည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှ အကြံပြုချက်များအရ FPIC နှင့် GRM ကို ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ရန် ကျေးရွာအုပ်စုအဆင့်ကို ရွေးချယ်ခဲ့ပြီး မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၀ ခုတွင် စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုရှေ့ပြေးစမ်းသပ်မှုမှ ရလဒ်များကို အပြီးသတ်ရေးဆွဲမည့် REDD+ GRM ဒီဇိုင်း[44] နှင့် သက်ဆိုင်ရာ လမ်းညွှန်ချက်များ/ အထောက်အကူစာရွက်စာတမ်းများ ရေးဆွဲရာ တွင် ထည့်သွင်းသွားမည်ဖြစ်သည်။

[44] ၂၀၁၉ ဒီဇင်ဘာလတွင် ပြုစုခဲ့သည့် GRM လုပ်ငန်းစဉ်မူကြမ်းကို ဖတ်ရှုလေ့လာပါ - http://www.myanmar-redd.org/wp-content/uploads/2018/10/REDD-GRM-Draft-Outline.docx

## ၅.၄။ အကျိုးဆက်စပ်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အားကောင်းစေခြင်းနှင့် ကျားမတန်းတူညီမျှရေး တုံ့ပြန်ဆောင်ရွက်မှုများကို အားပေးမြှင့်တင်ခြင်း

ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့သော စိစစ်လေ့လာမှုများနှင့် လုပ်ငန်းများ (အပိုင်း ၄.၅ ကို ကြည့်ပါ) သည် REDD+ အတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုနှင့် ကာကွယ်စောင့် ရှောက်မှုများ အတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတို့တွင် အကျိုးဆက်စပ် သက်ဆိုင်သူများကို ထိရောက်၍ ပြည့်ဝစွာ ပါဝင်ညှိနှိုင်းဆွေးနွေးနိုင်စေရေးနှင့် ကျားမတန်းတူညီမျှရေး တုံ့ပြန်ဆောင် ရွက်မှုများကို အားပေးမြှင့်တင်နိုင်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်သော လုပ်ငန်းများဖြစ်သလို လက်ရှိ ဆောင်ရွက်နေဆဲ လုပ်ငန်းများသည် ထိုအတွက် အရေး ပါမည်ဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ကျင့်သုံး နိုင်ရေးနှင့် FPIC နှင့် GRM (အပိုင်း ၅.၁ မှ ၅.၃) ကဲ့သို့သော အထောက်အကူများ အသုံးပြုနိုင် ရေး လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများသည် အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်မှုနှင့် ကျားမတန်းတူညီမျှရေးတို့အတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။ ထို့ပြင် SOI လုပ်ငန်းစဉ်နှင့် REDD+ အထူးလုပ်ငန်းအဖွဲ့နှင့်တိုင်ပင်ဆွေးနွေးမှုများမှ အကြံပြုချက် အချို့လည်း ရရှိခဲ့ပါသည် -

- REDD+ PaM များကို စီမံကိန်းရေးဆွဲအကောင်အထည်ဖော်သော အဖွဲ့အစည်းများ အတွက် အသေးစိတ်လမ်းညွှန်ချက်များ ပြုစုရန် အဆိုပြုထားမှုတွင် ထိခိုက်လွယ်သော/ ပစ်ပယ်ခံ အကျိုးသက်ဆိုင်သူအုပ်စုများ (အထူးသဖြင့် အမျိုးသမီးများ) အတွက် REDD+ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများ သာတူညီမျှပေးခြင်း၊ ပါဝင်ဆောင်ရွက်နိုင် ရန် စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို ထည့်သွင်းရေးဆွဲသင့်သည်။
- အားလုံးကိုယ်စားပြုပါဝင်နိုင်မှု ရှိစေရန်အလို့ငှာ REDD+ PaM တစ်ခုချင်းစီအတွက် REDD+ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း များနှင့် ဆက်စပ်မှုရှိသည့် အကျိုးသက်ဆိုင်သူများကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်သတ်မှတ် ထားရန် လိုအပ်ပါသည်။ အကျိုးသက်ဆိုင်သူများ သို့မဟုတ် အကျိုးသက်ဆိုင်သူ အုပ်စု များသည် ၎င်းတို့ကိုယ်၎င်းတို့ မည်သူမည်ဝါ၊ မည်သည့်အုပ်စုဝင် ဖြစ်သည်ကို 'ကိုယ်တိုင်သတ်မှတ်နိုင်သည့်' နည်းလမ်းတစ်ခု ရှိသင့်သည်။

- အနာဂတ် REDD+ စီမံကိန်းရေးဆွဲခြင်း/ အကောင်အထည်ဖော်ခြင်းတို့တွင် တိုင်ပင်ဆွေးနွေးညှိနှိုင်းရန် သို့မဟုတ် ပါဝင်ဆောင်ရွက်ရန်အတွက် အကျိုးသက်ဆိုင်သူအုပ်စုများကိုယ်တိုင်မှ ၎င်းတို့ကို ကိုယ်စားပြုဆောင်ရွက်ပေးမည့်သူများကို ပွင့်လင်းမြင်သာ စွာ ရွေးချယ်နိုင်ရေး အားပေးသည့် လုပ်ငန်းစဉ်/လမ်းညွှန်တစ်ခုကို မှတ်တမ်းတင်ပြုစုထားသင့်သည်။
- အနာဂတ် REDD+ အထူးလုပ်ငန်းအဖွဲ့နှင့် နည်းပညာလုပ်ငန်းအဖွဲ့များ (ကာကွယ်စောင့်ရှောက်မှုများ/ SIS အတွက် အပါအဝင်) ကဲ့သို့ REDD+ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ အတွင်း အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု သို့မဟုတ် အမျိုးသမီးကိုယ်စားလှယ်များ တိုးတက်များပြားလာအောင် ဆောင်ရွက်သင့်သည်။ အနာဂတ်တွင် ဖွဲ့စည်းမည့် TWG များထဲမှ တစ်ခုအောက်တွင် ကျားမရေးရာလုပ်ငန်းအဖွဲ့ခွဲတစ်ခု ဖွဲ့စည်းနိုင်မည့် အခွင့်အလမ်းကိုလည်း ရှာဖွေသင့်သည်။
- အဓိကကျသည့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ နှင့်/သို့မဟုတ် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် လျာထားရည်မှန်းချက်များ (ဥပမာ ၃၀%) ချမှတ်ထားရန် စဉ်းစားသင့်သည်။[45]
- REDD+ အတွင်း ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းပကားမြင့်မားလာ အောင် ဆောင်ရွက်ပေးရေးဆိုင်ရာ သဘောတရားများကို ပေါင်းစပ်ထည့်သွင်းရန် အရေးကြီးကြောင်း နားလည်သိရှိရန်နှင့် REDD+ လုပ်ငန်းစဉ်အမျိုးမျိုးအတွင်း ကျားမရေးရာရှုထောင့်တစ်ခုကို ထည့်သွင်းနိုင်ရေး ခိုင်မာသည့် လမ်းညွှန်များ ပေးနိုင်ရန် အတွက် စွမ်းရည်မြှင့်တင်ပေးခြင်းကို အဓိကအလေးပေး၍ ကျားမရေးရာနှင့် REDD+ သင်တန်းများကို (ဥပမာ အကောင်အထည် ဖော်သည့်အဆင့်အတွင်း ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်သစ်များအတွက်) ပို့ချပေးသင့်သည်။
- REDD+ အကောင်အထည်ဖော်သည့် အဆင့်အတွက် ကျွမ်းကျင်မှုမူဘောင် (competency framework) နှင့် ယင်းနှင့်စပ်လျဉ်းသော စွမ်းရည်မြှင့်တင်မှုအစီအစဉ်များအတွင်း ကျားမရေး ရာအတွက် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုကို ပေါင်းစပ်ထည့်သွင်းပေး သင့် သည်။

---

[45]ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီမှ ထောက်ခံအတည်ပြုထားသော လျာထားသတ်မှတ်ချက်နှင့်အညီ မည်သည့်ဆုံးဖြတ်ချက်ချမှတ်မှုအဖွဲ့၊ ကော်မတီ၊ တိုင်ပင်ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စသည် မဆို၌ အနိမ့်ဆုံးအနေဖြင့် အမျိုးသမီး ၃၀% ပါဝင်ရမည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။

- REDD+ တွင် ကျားမရေးရာ ရှုထောင့်နှင့် အမျိုးသမီးများ၏ တက်ကြွသော အခန်းကဏ္ဍတို့ကို မည်သို့ ဆက်လက်အားပေးမြှင့်တင်ရမည်၊ မြန်မာနိုင်ငံတွင် အောင်မြင် အောင် မည်သို့ ဆောင်ရွက်ရမည်ဟူသည်တို့နှင့်စပ်လျဉ်း၍ အကြံပြုချက်ကောင်းများ ရရှိနိုင်ရန် ပိုမိုကျယ်ပြန့်ပြီး ပိုမိုအသေးစိတ်သော ကျားမရေးနှင့် REDD+ ဆိုင်ရာ ဆန်းစစ်လေ့လာမှုနှင့် နောက်ဆက်တွဲ ကျားမရေးရာ လုပ်ငန်းစီမံချက်တို့ကို နိုင်ငံအဆင့်နှင့် တိုင်းဒေသ ကြီး/ပြည်နယ်အဆင့်တို့တွင် ဆောင်ရွက်ရန် စဉ်းစားနိုင်သည်။

## ၅.၅။ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ် လည်ပတ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ခြင်း

အပိုင်း ၄.၅ နှင့် ၄.၆ တို့တွင် ဖော်ပြပါရှိသည့်အတိုင်း မြန်မာနိုင်ငံ၏ SIS စနစ်အတွက် သတင်းလိုအပ်ချက်များနှင့် ဖြစ်နိုင်ခြေရှိသော ညွှန်ကိန်းများ ဖော်ထုတ်ခြင်းတွင် ကြီးမားသည့် တိုးတက်မှုများ ရရှိထားပြီးဖြစ်ပါသည်။ သို့သော် SIS စနစ်ကို အပြည့်အဝလည်ပတ်ဆောင်ရွက် နိုင်ရေးတွင် အောက်ပါတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည် -

- သင့်လျော်သည့် လုပ်ပိုင်ခွင့်နှင့်တာဝန်များအပါအဝင် အဖွဲ့အစည်းဆိုင်ရာ အစီအမံများ ကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်း၊
- ညွှန်ကိန်းများအား ဦးစားပေးရွေးချယ်ခြင်းနှင့် ထိုညွှန်ကိန်းများကို တိုင်းတာရန်အတွက် (ဖြစ်နိုင်လျှင် အချက်အလက်များကို အမျိုးအစားအုပ်စုအလိုက် ခွဲခြားကောက်ယူခြင်း အပါအဝင်) လိုအပ်သည့် dataset များနှင့် အသုံးပြုရမည့် နည်းစနစ်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊
- သက်ဆိုင်ရာ သတင်းအချက်အလက်များကို ပိုင်ဆိုင်သော အဖွဲ့အစည်းများနှင့် SIS စနစ် ကို တာဝန်ယူစီမံဆောင်ရွက်ပေးမည့် အဖွဲ့အစည်း (host) ကြား အချက်အလက်များ မျှဝေခြင်းဆိုင်ရာ သဘောတူညီချက်များ ပြုလုပ်ခြင်း၊
- ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စွမ်းရည်မြှင့် တင်ပေးခြင်း၊
- SIS စနစ် ဆောင်ရွက်နိုင်ရေး လိုအပ်သည့် hardware နှင့် software များကို ဖြည့်ဆည်းခြင်း၊

မြန်မာနိုင်ငံ၏ SIS စနစ် ဒီဇိုင်းအတွက် ဆွေးနွေးညှိနှိုင်းမှုများအတွင်း SIS စနစ်ကို ကာလအပိုင်းအခြားနှစ်ခု/အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်သင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။ အဆင့် (၁) (၂၀၁၉-၂၀၂၁) အတွင်းတွင် UNFCCC ၏ အနိမ့်ဆုံးသတ်မှတ်ချက်များ ပြည့်မီနိုင်

ရန်အလို့ငှာ ကာကွယ်စောင့်ရှောက်မှုများအားလုံးအတွက် ကနဦးသတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည့် SIS စနစ်တစ်ခု လည်ပတ်နိုင်ရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ နည်းပညာပိုင်းနှင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ အစီအမံများနှင့်စပ်လျဉ်း၍ TWG-SES အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ SIS စနစ် ပထမဗားရှင်းတွင် ဝက်ဆိုက်စာမျက်နှာနှင့်အတူ အွန်လိုင်း database တစ်ခု ပါဝင်စေလိုကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ အဆင့် (၂) (၂၀၂၂-၂၀၂၅) တွင် SIS စနစ်အတွင်းရှိ သတင်းအချက်အလက်များ တိုးတက်ကောင်းမွန်လာစေရေး အဓိကထား ဆောင်ရွက်မည်ဖြစ်သည်။ ဥပမာ ညွှန်ကိန်းအသစ်များ ထပ်မံထည့်သွင်းခြင်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ dataset အသစ်များကို ထပ်ဆောင်းဖြည့်သွင်းခြင်း နည်းလမ်းများဖြင့် ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ SIS စနစ် လည်ပတ်ဆောင်ရွက်နိုင်ရေး စီမံကိန်းတစ်ခုအား ခန့်မှန်းကုန်ကျစရိတ်များနှင့်အတူ ရေးဆွဲလျက်ရှိပါသည်။

# ၆။ နိဂုံးနှင့် ရှေ့လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းသည် အမျိုးသားအဆင့် ပန်းတိုင်များ၊ နိုင်ငံတွင်းရှိ အခြေအနေများနှင့် အညီ နိုင်ငံတွင် ရှိနှင့်ပြီးဖြစ်သည့် စနစ်များကို အပြည့်အဝအသုံးပြုလျက် UNFCCC ၏ ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထိုနည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်း REDD+ ကို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကူညီနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းကို အားပြုနိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်မှုများအား ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရန်နှင့် လေးစားလိုက်နာနိုင်ရန် ဦးစားပေးလုပ်ဆောင်သွားရမည့် ရှေ့လုပ်ငန်းစဉ်များထဲတွင် အောက်ပါတို့ ပါဝင်ပါသည် -

- REDD+ PaM များ အကောင်အထည်ဖော်စဉ်အတွင်း ကာကွယ်စောင့်ရှောက်မှုများအား ကျင့်သုံးနိုင်ရေး ကူညီပံ့ပိုးပေးရန်အတွက် အဓိကကျသည်ဟု သတ်မှတ်ဖော်ထုတ်ထားသော မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများအား တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်း၊

- REDD+ စီမံကိန်းရေးဆွဲ၊ အကောင်အထည်ဖော်သည့် ဌာနအဖွဲ့အစည်းများသည် ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို လိုက်နာဆောင်ရွက်သွားနိုင်ရန် (ထိခိုက်လွယ်သော အကျိုးသက်ဆိုင်သူအုပ်စုများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းအပါအဝင်) REDD+ အတွက် သီးသန့်ဖြစ်သော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နည်းလမ်း အထောက်အကူများနှင့် လမ်းညွှန်များကို ဆက်လက်ရေးဆွဲပြုစုခြင်း၊ စမ်းသပ်ဆောင်ရွက် ခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်း၊
- မြန်မာနိုင်ငံ၏ SIS စနစ်ကို လည်ပတ်ဆောင်ရွက်ခြင်း (ဦးစားပေးသတင်းရင်းမြစ် အချို့မှ သတင်းအချက်အလက်များကို ပေါင်းစပ်ထည့်သွင်းထားသော အွန်လိုင်း database တစ်ခု တည်ထောင်ခြင်းနှင့် SIS လုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခြင်းတို့ အပါ အဝင်) ၊
- ကာကွယ်စောင့်ရှောက်မှုများ၏ အချို့အစိတ်အပိုင်းများနှင့် SIS စနစ် လည်ပတ် ဆောင်ရွက်ခြင်းတို့ကို ရှေ့ပြေးစမ်းသပ်နိုင်မည့် အခွင့်အလမ်းများအား ရှာဖွေခြင်း (ဥပမာ အကောင် အထည်ဖော်သော အဖွဲ့အစည်းများအတွက် ပြုစုထားသော ကာကွယ်စောင့် ရှောက်မှုများ ဆိုင်ရာ လမ်းညွှန်ကို စမ်းသပ်သုံးစွဲကြည့်ခြင်းနှင့် SIS စနစ်အတွက် အချက်အလက်များ စုဆောင်းမှုကို စတင်ဆောင်ရွက်ခြင်း) ၊
- မြန်မာနိုင်ငံ၏ ပထမဆုံးသော အနှစ်ချုပ်အစီရင်ခံစာပြုစုခြင်း လုပ်ငန်းစဉ် (၂၀၁၉-၂၀၂၀ ခုနှစ်အတွင်းဆောင်ရွက်ခဲ့) မှ ရရှိသည့် သင်ခန်းစာများကို အခြေခံ၍ အနာဂတ်တွင် တင်သွင်းမည့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက် အလက်အနှစ်ချုပ် အစီရင်ခံစာများ ပြုစုရေး လုပ်ငန်းစဉ်များကို အတည်ပြုခြင်း၊
- ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ထိရောက် မြန်ဆန်၍ ကုန်ကျစရိတ်သက်သာစွာ စုဆောင်းနိုင်ရေးအတွက် REDD+ M&E မူဘောင် ပြုစုရာတွင် ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သော အချက်များအား ထည့်သွင်း စဉ်းစားပြုစုခြင်း၊
- NRS မဟာဗျူဟာအား အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် အကျိုးဆက်စပ်သက်ဆိုင် သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ တည် ထောင်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းတို့ကို (အထူးသဖြင့်) REDD+ အကောင်အထည် ဖော်မှု အတွက် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

## နောက်ဆက်တွဲ (၁) - မြန်မာနိုင်ငံအတွက် UNFCCC REDD+ ကာကွယ်စောင့်ရှောက်မှုများ (ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများ) ကို နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်၊ ၂၀၁၉ ခုနှစ် မေလ

### အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းမှု အခြေခံစည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များ

**အခြေခံစည်းမျဉ်း က** - မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများ (Policies and Measures – PaMs) သည် နိုင်ငံအဆင့် သစ်တောအစီအစဉ်များနှင့် သက်ဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း များနှင့် သဘောတူညီချက်များ၏ ရည်ရွယ်ချက်များကို အထောက်အပံ့ပြုခြင်း သို့မဟုတ် ကိုက်ညီ ခြင်း ရှိသင့်ပါသည်။

**စံသတ်မှတ်ချက် က-၁။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများ နှင့် နည်းလမ်းများ (PaMs) အား ဒီဇိုင်း ရေးဆွဲ အကောင်အထည်ဖော်ရာတွင် သစ်တောလုပ်ငန်း၊ ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင် ဆိုင်ရာ စီမံအုပ်ချုပ်မှု၊ မြေအသုံးချမှု၊ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်မှု၊ ဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့် အရေး၊ အလုပ်သမားအခွင့်အရေး၊ ပွင့်လင်းမြင်သာမှုနှင့် ကျားမတန်းတူညီမျှမှုတို့အပါအဝင် သက်ဆိုင်ရာ နိုင်ငံအဆင့် မူဝါဒများ၊ အစီအစဉ်များနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲဆောင်ရွက်သင့်ပါ သည်။ နိုင်ငံအဆင့်မူဝါဒများနှင့် အစီအစဉ်များ၏ ရည်ရွယ်ချက်များနှင့် REDD+ PaM များကြား ပဋိပက္ခဖြစ်နိုင်ခြေများကို ရှာဖွေဖော်ထုတ်ကာ ဖြေရှင်းသင့်ပါသည်။

**စံသတ်မှတ်ချက် က-၂။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများ နှင့် နည်းလမ်းများကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် CBD၊ UNCCD၊ UNFCCC၊ CITES ၊ ရမ်ဆာ ကွန်ဗင်းရှင်း၊ CEDAW ၊ UNDRIP၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ UN ကွန်ဗင်းရှင်းကဲ့သို့သော သက်ဆိုင်ရာ နိုင်ငံ တကာ ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ SDG ပန်းတိုင်များနှင့် FLEGT ကဲ့သို့သော နိုင်ငံမူဝါဒများနှင့် ဆောင်ရွက်ချက်များ၊ အဆိုပါကတိကဝတ်များကို အကောင်အထည်ဖော်ရန် အတွက် ရေးဆွဲထားသော နိုင်ငံအဆင့် မဟာဗျူဟာများ၊ စီမံကိန်းများနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲ ဆောင် ရွက်သင့်ပါသည်။

**အခြေခံစည်းမျဉ်း ခ။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများသည် နိုင်ငံရှိ ဥပဒေ များနှင့် နိုင်ငံ၏ အချုပ်အချာအာဏာကို ထည့်သွင်းစဉ်းစားကာ ပွင့်လင်းမြင်သာ ရှိပြီး ထိရောက်သည့် နိုင်ငံ

အဆင့် သစ်တောအုပ်ချုပ်ရေး ဖွဲ့စည်းပုံများကို ပံ့ပိုးပေးသည့် မူဝါဒများနှင့် နည်းလမ်းများ ဖြစ်သင့်ပါသည်။

**စံသတ်မှတ်ချက် ခ-၁။** မြန်မာနိုင်ငံရှိ REDD+ မူဝဒါများနှင့် နည်းလမ်းများအား ပွင့်လင်းမြင်သာမှုရှိစွာ အကောင်အထည် ဖော်သင့်ပါသည်။ ဆိုလိုသည်မှာ လုပ်ဆောင်မည့် လုပ်ငန်းများ နှင့် နေရာဒေသ များကို ရွေးချယ်ခြင်း၊ အကျိုးသက်ဆိုင်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက် ခြင်း၊ အကျိုးကျေး ဇူးများနှင့် တာဝန်များကို ခွဲဝေပေးခြင်းတို့နှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက် များသည် ရှင်းလင်းစွာ ချမှတ်ထားသော စံသတ်မှတ်ချက်များပေါ်တွင် အခြေခံသင့်ပြီး မှတ် တမ်းမှတ်ရာဖြင့် စနစ်တကျ မှတ်တမ်းတင်ထားရှိသင့်ပါသည်။ ငွေရေးကြေးရေးအရ တာဝန်ခံ မှုရှိကြောင်း သေချာအောင် ဆောင်ရွက်သင့်ပြီး စီမံကိန်းရေးဆွဲစဉ်နှင့် အကောင်အထည်ဖော်စဉ်အတွင်းတွင် အကျိုးသက်ဆိုင် သူများအတွက် ပြည့်စုံသော သတင်းအချက်အလက်များ သင့်လျော်သည့်ပုံစံဖြင့် ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။ မျှဝေပေးသင့်သည့် သတင်း အချက်အလက်များတွင် အောက်ပါတို့ ပါဝင်ပါသည် - အစီအစဉ်ရေးဆွဲထားသော နည်းလမ်း များ (ရည်ရွယ်ချက်၊ မျှော်မှန်းသော အကျိုးရ လဒ်များ၊ ရရှိမည့်အကျိုးကျေးဇူးများ၊ ရန်ပုံငွေများ၊ ဆောင်ရွက်မည့် လုပ်ငန်းများ၊ ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချမည့် နည်းလမ်းများ၊ စသည်)၊ လက်ရှိမြေအသုံးချမှုနှင့် မျှော်မှန်းထားသော အပြောင်းအလဲ၊ သက်ဆိုင်ရာ PLR များ၊ REDD+ သဘောတရားဆိုင်ရာ အထွေထွေသတင်း အချက် အလက်များ၊ တိုင်ကြားမှုနှင့် အကြံပြုမှု ယန္တရား/ လုပ်ငန်းစဉ်များဆိုင်ရာ သတင်းအချက်အလက်များ ဖြစ်ပါသည်။ သတင်းအချက် အလက်များအား အများပြည်သူ ရရှိနိုင်အောင် ဆောင်ရွက်ပေးရန်မှာ REDD+ မူဝါဒ သို့မဟုတ် နည်းလမ်းကို တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်း၏ တာဝန် ဖြစ်ပါသည်။

**စံသတ်မှတ်ချက် ခ-၂။** ဖြစ်နိုင်သည့်နေရာများတွင် REDD+ မူဝါဒများနှင့် နည်းလမ်းများ၌ အောက်ပါတို့နှင့် ဆက်စပ်သည့် လုပ်ငန်းများအပါအဝင် သစ်တောအုပ်ချုပ်ရေး လုပ်ငန်းစဉ် အတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေး တို့ကို အားကောင်းစေမည့် လုပ်ငန်းများကို ထည့်သွင်းသင့်ပါသည် - သစ်တောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေအသုံးချ မှုစီမံကိန်းရေးဆွဲခြင်းနှင့် စီမံအုပ်ချုပ်မှုစီမံကိန်း ရေးဆွဲခြင်း၊ လုပ်ကိုင်ခွင့်များ ချပေးခြင်း၊ EIA နှင့် SEA ကဲ့သို့ ဥပဒေအရ ဆောင်ရွက်ရန် လိုအပ်သည့် သတ်မှတ်ချက်များကို ဆောင်ရွက်ခြင်း၊

**စံသတ်မှတ်ချက် ခ-၃။** REDD+ မူဝါဒများနှင့် နည်းလမ်းများသည် မြေအသုံးချမှုနှင့် ဆက်နွယ် သော မူဝါဒများနှင့်စီမံကိန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍများကြား၊ အစိုးရအဆင့်အမျိုးမျိုးကြားနှင့်

နယ်ပယ်များကြား ပေါင်းစပ်ညှိနှိုင်းမှုများ/ EAO များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ အားကောင်းစေ ရန်အတွက် (လက်ရှိပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များကို အပြည့်အဝလည်ပတ်နိုင်အောင် ပံ့ပိုးပေးခြင်း နည်းလမ်းဖြင့်အပါအဝင်) ဆောင်ရွက်ပေးသင့်ပြီး ထိုလုပ်ငန်းစဉ်အတွင်း တွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကို အလေးထားဆောင်ရွက်မှု လုံလောက်စွာ ရှိသင့်ပါသည်။

**စံသတ်မှတ်ချက် ခ-၅။** REDD+ မူဝါဒများနှင့် နည်းလမ်းများကို ရေးဆွဲသောအခါတွင် အချက်အလက်များ ရရှိနိုင်မှုနှင့် အဖွဲ့အစည်းများ/အကျိုးသက်ဆိုင်သူများ၏ မူဝါဒများနှင့် နည်းလမ်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စွမ်းတို့ကို ထည့်သွင်းစဉ်းစားသင့်ပြီး ဖော်ထုတ်တွေ့ရှိသော အားနည်းချက်များ/လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးသင့်ပါသည်။

**အခြေခံစည်းမျဉ်း ဂ -** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများအား ဒီဇိုင်းရေးဆွဲ အကောင် အထည်ဖော်ရာတွင် ဌာနေတိုင်းရင်းသားလူမျိုးများ[46] နှင့် ဒေသခံလူထု၏ အသိပညာ ဗဟုသုတနှင့် အခွင့်အရေးများကို လေးစားလိုက်နာကြစေရန်အတွက် လုပ်ဆောင်သင့်ပါ သည်။[47]

**စံသတ်မှတ်ချက် ဂ-၁။** REDD+ မူဝါဒများနှင့် နည်းလမ်းများတွင် ဆန္ဒမပါဘဲ ပြန်လည်နေရာချထားမှုများကို ရှောင်ရှား၍ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံပြည်သူများ၏ မြေယာ နှင့် အရင်းအမြစ်များကို အသုံးချနိုင်သည့် အခွင့်အရေးများအား လေးစားရပါမည်။

**စံသတ်မှတ်ချက် ဂ-၂။** REDD+ မူဝါဒများနှင့် နည်းလမ်းများတွင် လက်ရှိ မြေအသုံးချမှုများကို ထည့်သွင်းစဉ်းစားသင့်ပြီး မြေယာနှင့် အရင်းအမြစ်များကို အသုံးချခွင့်ပြုသည့် တရားဝင်စာရွက်စာတမ်းများ ပိုင်ဆိုင်ထားခြင်းမရှိသော ထိခိုက်လွယ်သည့် အကျိုးသက်ဆိုင်သူအုပ်စု များ (ဥပမာ မိရိုးဖလာမြေယာလုပ်ကိုင်ခွင့်သာရှိသော လူမှုအသိုင်းအဝိုင်းများ) အပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိရလေအောင် ရှောင်ရှားသင့်ပါသည်။ ထို့ပြင် ဖြစ်နိုင်လျှင် သြဇာအာဏာ

---

[46] ရှင်းလင်း၍တိကျသည့် 'ဌာနေတိုင်းရင်းသားလူမျိုးများ' ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား အဓိကကျသော အစိုးရဌာနများနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များပါဝင်သော၊ အကျိုးသက်ဆိုင်သူများနှင့် ဘက်စုံထောင့်စုံမှ ဆွေးနွေးဖလှယ်မှုလုပ်ငန်းစဉ်တစ်ခုမှ တစ်ဆင့် သဘောတူသတ်မှတ်ရန် လိုအပ်ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် စေ့စေ့စပ်စပ် ဆန်းစစ်လေ့လာမှုနှင့် သုံးသပ်မှုများကို အခြေခံသင့်ပြီး သဘာဝပတ်ဝန်းကျင်နှင့်၊ ယဉ်ကျေးမှုနှင့် ဆက်နွယ်မှုများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ သဘောချင်းမတိုက်မှုများ ရှိပါက ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်ခွင့်ဟူသော စံကို အလေးသာသင့်ပါသည်။

[47] 'ဒေသခံလူထုများ' အား အဓိပ္ပါယ်ဖွင့်ဆိုသောအခါတွင် ပဋိပက္ခ သို့မဟုတ် သဘာဝဘေးကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြရသူများကို ထည့်မတွက်မိခြင်းမရှိအောင် ဂရုပြုသင့်ပါသည်။

ကြီးမားသူတစ်စုမှ လက်ဝါးကြီးအုပ်မှုများကို ရှောင်ရှားနိုင်ရန်အတွက် အသုံးချပိုင်ခွင့်များအား တရားမျှတ၍ ပွင့်လင်းမြင်သာစွာ ဖွင့်ဆိုရှင်းလင်းသတ်မှတ်မှုများ ပြုနိုင်အောင် ပံ့ပိုးကူညီသင့် ပါသည်။ သင့်လျော်သည့် နေရာများတွင် REDD+ PaM များအတွက် EIA/SIA များကို ဆောင်ရွက်သင့် ပါသည်။

**စံသတ်မှတ်ချက် ဂ-၃။** REDD+ မူဝါဒများနှင့် နည်းလမ်းများအား ဒီဇိုင်းရေးဆွဲအကောင်အထည် ဖော်ရာတွင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံပြည်သူများ၏ ယဉ်ကျေးမှုအမွေအနှစ် များ[48] နှင့် မိရိုးဖလာအစဉ် အလာကျင့်သုံးမှုများကို လေးစားမှုဖြင့် ဆောင်ရွက်ရပါမည်။

**စံသတ်မှတ်ချက် ဂ-၄။** မူဝါဒတစ်ခု သို့မဟုတ် နည်းလမ်းတစ်ခုအား အောင်မြင်စွာ ဆောင်ရွက် နိုင်ရန်အတွက် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေးများအပေါ် သက် ရောက်မှုများကို မရှောင်ရှားနိုင်ပါက သင့်လျော်သည့်ပုံစံဖြင့် လျော်ကြေးများကို ကမ်းလှမ်း၍ ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်သည့် သဘောထားရယူသော FPIC လုပ်ငန်းစဉ်များ အား ထိရောက်စွာ ကျင့်သုံးကာ သဘောတူညီမှုများ ရယူလျက် ပေးလျော်ခြင်းများကို ဆောင်ရွက်ရ ပါမည်။

**စံသတ်မှတ်ချက် ဂ-၅။** ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံ ပြည်သူများသည် REDD+ မူဝါဒ များနှင့် နည်းလမ်းများ အား အကောင်အထည်ဖော်ရာတွင် ပါဝင်ကူညီပါက သို့မဟုတ် REDD+ မူဝါဒများနှင့် နည်းလမ်းများသည် ၎င်းတို့၏ နယ်မြေဒေသများအပေါ် သက်ရောက်မှု တစ်စုံတစ်ရာ ရှိပါက ၎င်းတို့အား ရရှိလာသည့် အကျိုးကျေးဇူးများကို တရားမျှတသော လုပ်ငန်းစဉ်များဖြင့် ခွဲဝေပေးသင့်ပါသည်။

**စံသတ်မှတ်ချက် ဂ-၆။** REDD+ မူဝါဒများနှင့် နည်းလမ်းများကြောင့် ဌာနေတိုင်းရင်းသားလူမျိုး များနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေးများအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်းသည့် အရေး ကိစ္စမှန်သမျှအား ကိုင်တွယ်ဖြေရှင်းပေးရန်အတွက် နစ်နာမှုများကို ဖြေရှင်းပေးသည့် လက်တွေ့အသုံးချနိုင်သော လုပ်ငန်းစဉ်တစ်ခုအား ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံ ပြည်သူများ၏ သဘောတူညီချက်ဖြင့် ချမှတ်ထားရှိပေးသင့်ပါသည်။

**အခြေခံစည်းမျဉ်း ဃ။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများအား ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပတ်သက်သော အကျိုးသက်ဆိုင်သူများ၊ အထူးသဖြင့်

---

[48] ဒြပ်ရှိနှင့် ဒြပ်မဲ့ အမွေအနှစ်များ၊ နေရာအခြေပြု၊ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော အမွေအနှစ်များနှင့် ယုံကြည်ချက်များ အပါအဝင်

ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံပြည်သူများ၏ ထိရောက်သော အပြည့်အဝ ပါဝင်ဆောင်ရွက်မှုဖြင့် ရေးဆွဲဆောင်ရွက်သင့်ပါသည်။ မူဝါဒများနှင့် နည်းလမ်းများကြောင့် ထိခိုက်နိုင်သော အုပ်စုများအားလုံးကို ဆက်စပ်ပတ်သက်သောအကျိုးသက်ဆိုင်သူများအဖြစ် ယူဆရန်သင့်ပါသည်။

**စံသတ်မှတ်ချက် ဃ-၁။** မူဝါဒများနှင့် နည်းလမ်းများအား အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းတွင် အကျိုးသက်ဆိုင်သူများ ပါဝင်ဆောင်ရွက်လာအောင် တက်ကြွစွာလုပ်ဆောင်သင့်ပြီး ပါဝင်ဆောင်ရွက်နိုင်စွမ်း နည်းပါးသော အကျိုးသက်ဆိုင်သူအုပ်စုများ (ဥပမာ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ တိုင်းရင်းသား လူမျိုးစုငယ်များ၊ မြေယာအသုံးချခွင့် တရားဝင် စာရွက်စာတမ်း မရှိသူများ) ကို သင့်လျော်သည့် အစီအမံများ (ဥပမာ စွမ်းရည်မြှင့်တင်ပေးခြင်း၊ သင့်လျော် သော ဆက်သွယ်ရေးပုံစံနည်းလမ်းများ ရွေးချယ်ခြင်း၊ ဘာသာစကား လိုအပ်ချက်များနှင့် ဓလေ့ထုံးတမ်း များကို ထည့်သွင်းစဉ်းစားခြင်း) ဖြင့် ကူညီပံ့ပိုးပေး သင့်ပါသည်။

**စံသတ်မှတ်ချက် ဃ-၂။** မူဝါဒ သို့မဟုတ် နည်းလမ်းတစ်ခုအား အစီအစဉ်ရေးဆွဲရာတွင် အကျိုးသက်ဆိုင်သူများ တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိသောနေရာများ (ဥပမာ PaM ကို အကောင်အထည်ဖော်မည့် ဧရိယာကြီးမားခြင်းကြောင့်) သက်ဆိုင်ရာအုပ်စုများမှ ၎င်းတို့အား ကိုယ်စားပြုရန်အတွက် သင့်လျော်သည့် နည်းလမ်းဖြင့် ရွေးချယ်ခန့်အပ်ပေးသော၊ လိုအပ်သည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိသော အကျိုးသက်ဆိုင်သူ ကိုယ်စားလှယ်များ၏ အချိုးကျ၊ တန်းတူညီမျှ ပါဝင်ဆောင်ရွက်မှုကို ရရှိအောင် ဆောင်ရွက်သင့်ပြီး ထိုကိုယ်စားလှယ်များ၏ ၎င်းတို့နှင့် သက်ဆိုင်သည့် အကျိုးသက်ဆိုင်သူအုပ်စုအပေါ် ကျေပြွန်ရမည့် တာဝန်ဝတ္တရားများ ကို သတ်မှတ်ပေးသင့်ပါသည်။ အကျိုးသက်ဆိုင်သူကိုယ်စားလှယ်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို ကောင်းစွာ သိရှိနေအောင် ဆောင်ရွက်ပေးသင့်ပါသည်။ ၎င်းတို့သည် ၎င်းတို့၏ အကျိုးသက်ဆိုင်သူအုပ်စုများအား သတင်းအချက်အလက်များ မျှဝေပေးပြီး ၎င်းတို့ထံမှ တုံ့ပြန် အကြံပြုမှုများကိုလည်း ရယူပေးသင့်ပါသည်။

**စံသတ်မှတ်ချက် ဃ-၃။** အကျိုးသက်ဆိုင်သူများ၊ အထူးသဖြင့် ဒေသခံပြည်သူများသည် မူဝါဒများနှင့် နည်းလမ်းများကို အကောင်အထည်ဖော်ခြင်း နှင့်/သို့မဟုတ် စောင့်ကြည့်လေ့လာခြင်းတို့တွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သည်ဆိုပါက (မူဝါဒများနှင့် နည်းလမ်းများ၏ သဘာဝကို ထည့်သွင်းစဉ်းစားကာ) ၎င်းတို့အား ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အရေး ပေးသင့် ပါသည် (ယင်းအတွက် ဘာသာစကားလိုအပ်ချက်များနှင့် ဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစား ကာ

စွမ်းရည်မြှင့်တင်မှု၊ အထောက်အကူပြု လုပ်ထုံးလုပ်နည်းယန္တရားများ၊ ကွန်ရက်များ၊ စသည် တည်ထောင်မှုတို့ လိုအပ်နိုင်ပါသည်)။

**အခြေခံစည်းမျဉ်း င။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများသည် သဘာဝ သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများနှင့် ဆီလျော် ကိုက်ညီမှု ရှိသင့်ပြီး သဘာဝသစ်တောများအား ပြောင်း လဲအသုံးချခြင်းများ မဖြစ်ပေါ်အောင် ဆောင်ရွက်သင့်ပါသည်။ အဆိုပါမူဝါဒများနှင့် နည်းလမ်းများကို အသုံးချ၍ သဘာဝသစ်တော များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအား ကာကွယ်ထိန်းသိမ်းချင်လာအောင် ဆွဲဆောင်အားပေး မှုများ ပြုလုပ်ပေးသင့်ပြီး အခြားသော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ တိုးမြှင့်ရရှိ အောင် လုပ်ဆောင်သင့်ပါသည်။

**စံသတ်မှတ်ချက် င-၁။** သဘာဝသစ်တောများအပေါ် သက်ရောက်မှုရှိနိုင်သော REDD+ မူဝါဒများနှင့် နည်းလမ်းများကို အကောင်အထည်မဖော်မီ PaM ကို ဆောင်ရွက်မည့် နေရာ ဒေသအတွင်းရှိ သဘာဝသစ်တောများ ပျံ့နှံ့ပေါက်ရောက်နေမှု ကို (အမြဲတမ်းသစ်တော ဧရိယာ များ ပြင်ပရှိ သစ်တောများအား အထူးအလေးပေးကာ) ယုံကြည်ကိုးစားနိုင်မည့် လေ့လာ မှတ်တမ်းတင်မှုများကို ပြုလုပ်သင့်ပါသည်။ အဆိုပါသစ်တောများအား အခြားသော မြေအသုံး ချမှုများ (စိုက်ခင်းများအဖြစ် ပြောင်းလဲအသုံးပြုခြင်းအပါအဝင်) သို့ ပြောင်းလဲခြင်းကို လုံးဝခွင့် မပြုသင့်ပါ။ သွယ်ဝိုက်ပြောင်းလဲ ပစ်ခြင်းများ (ဥပမာ မြေအသုံးချမှုများကို နေရာရွှေ့ပြောင်း ပြုလုပ်ခြင်းမှတစ်ဆင့်) ကို လည်း နည်းနိုင်သမျှနည်းအောင် လျှော့ချသင့်ပါသည်။

**စံသတ်မှတ်ချက် င-၂။** (REDD+ မဟာဗျူဟာများ သို့မဟုတ် အစီအစဉ်များအဆင့်နှင့် မူဝါဒ သို့မဟုတ် နည်းလမ်း တစ်ခုချင်းစီအဆင့်တို့တွင်) REDD+ မူဝါဒများနှင့် နည်းလမ်းများအား အစီအစဉ် ရေးဆွဲရာ တွင် (ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများအတွက် အရေး ကြီးသော နေရာဒေသများ အပေါ် သက်ရောက်မှုများအပါအဝင်) ၎င်းတို့၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးသက်ရောက်နိုင်မှုများ[49]နှင့် စပ်လျဉ်းသည့် မှန်ကန်သော သတင်း အချက်အလက် များပေါ်တွင် အခြေခံကာ ရေးဆွဲသင့်ပါသည်။ ထိုအတွက် အချက်အလက်များ ဆန်းစစ်လေ့လာ ခြင်းနှင့် အချက်အလက်အသစ်များကို စုဆောင်ခြင်းတို့

[49] 4 (အချို့သော) REDD+မူဝါဒများနှင့် နည်းလမ်းများ သို့မဟုတ် နည်းဗျူဟာများအတွက် EIA နှင့် SEA လုပ်ထုံးလုပ်နည်း များ အသုံးပြုနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် သက်ရောက်မှုများကို ဆန်းစစ်အကဲဖြတ် ရန်အတွက် အခြားလုပ်ထုံးလုပ်နည်း များကို အသုံးပြုသင့်/ မသင့် ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤကိစ္စသည် စံသတ် မှတ်ချက် စ-၁၊ ဆ-၁ တို့နှင့်လည်း သက်ဆိုင်မှု ရှိပါသည်။

လိုအပ်နိုင်ပါသည်။ ဆန်းစစ်လေ့လာမှုများ တွင် ပေါင်းစုအကျိုးသက်ရောက်မှုများ (Cumulative effects)၊ landscape တစ်ခုလုံး အတိုင်းအတာ ဖြင့် သက်ရောက်မှုများနှင့် သွယ်ဝိုက်သက်ရောက်မှုများကို ထည့်သွင်း ဆန်းစစ်သင့်ပါသည်။

**စံသတ်မှတ်ချက် ၈-၃။** REDD+ မူဝါဒများနှင့် နည်းလမ်းများအား ရွေးချယ်ခြင်း၊ ဒီဇိုင်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ဆိုးကျိုးများကို ရှောင်ရှားနိုင်မည့် သို့မဟုတ် အနည်းဆုံးဖြစ်စေနိုင်မည့်အပြင် ကောင်းကျိုးများ တိုးပွားရရှိစေနိုင်မည့် နည်းလမ်းဖြင့် ဆောင်ရွက်သင့်ပါသည်။ ထိုအတွက် အချို့ PaM များကို အခြား PaM များထက် ပို၍ဦးစား ပေးရခြင်းများ ရှိနိုင်ပါသည်။ သို့မဟုတ် PaM များကို အပြန်အလှန်ဖြည့်စွက်ထောက်ပံ့ပေးနိုင် ရန် ပေါင်းစပ်ဆောင်ရွက်ရခြင်းများ ရှိနိုင်ပါသည်။ REDD+ ၏ ကောင်းကျိုးသက်ရောက်မှုများ ကို တိုးပွားစေနိုင်မည့် အကောင်းဆုံးနည်း လမ်းများအား ရှာဖွေဖော်ထုတ်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများအားလုံးမှ အကျိုးသက်ဆိုင် သူများကို ပါဝင်ဆောင်ရွက်စေသင့်ပါသည်။

**စံသတ်မှတ်ချက် ၈-၄။** REDD+ မူဝါဒများနှင့် နည်းလမ်းများအား သင့်လျော်စွာ ရွေးချယ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့မှတစ်ဆင့် ခံစားခွင့်ရရှိအောင် ဦးစားပေး ပံ့ပိုးအောင်ရွက်ရမည့် အကျိုးကျေးဇူးများထဲတွင် မြေယာအခွင့်အရေးများကို အားပေးမြှင့် တင်ခြင်း၊ ဆင်းရဲသော၊ ထိခိုက်လွယ်သော နှင့်/သို့မဟုတ် ပစ်ပယ်ခံရသော အုပ်စုများ၏ဘဝ အဆင်ပြေသာယာ မှုရှိအောင် မြှင့်တင်ပေးခြင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံ ပြည်သူများအတွက် ရေရှည် လုပ်ကိုင် စားသောက်နိုင်သော အသက်မွေးမှုလုပ်ငန်းများကို ပံ့ပိုး ပေးခြင်း၊ ကျားမတန်းတူညီမျှမှုကို အားပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း အေးချမ်းတည်ငြိမ် ရေး အားပေးခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုများအတွက် တန်ဖိုးမြင့်မားသော ဒေသများကို ကာကွယ် စောင့် ရှောက်ခြင်း (အထူးသဖြင့် မြေနှင့်ရေသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း)၊ နေရင်း ဒေသများ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ် တည်းရှိမှု တိုးတက်စေခြင်း၊ ကုန်းမြေ ထိခိုက်ပျက်စီးမှု လျှော့ချခြင်း သို့မဟုတ် ပြန်လည်ကောင်းမွန်စေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချခြင်း၊ အစိုးရဝန်ထမ်းများနှင့် ဒေသခံ အကျိုးသက်ဆိုင်သူများအား (ဥပမာ တည်ဆဲဥပဒေများကို အကောင် အထည်ဖော်ရန်/ လိုက်နာ ရန်၊ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်နိုင်ရန်နှင့် ရေရှည်တည်တံ့စေမည့် မြေအသုံးချမှု အလေ့အထများကို ကျင့်သုံးနိုင်ရန်) စွမ်းရည်မြှင့်တင်ပေးခြင်းတို့ ပါဝင်မည် ဖြစ်သည်။

**စံသတ်မှတ်ချက် င-၅။** မြေအသုံးချမှု သို့မဟုတ် စီမံအုပ်ချုပ်မှု စီမံကိန်းများ ရေးဆွဲခြင်း နှင့် သက်ဆိုင်သော REDD+ မူဝါဒများနှင့် နည်းလမ်းများအား စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ပွင့်လင်းမြင်သာမှုကို အားပေးခြင်းတို့ဖြင့် ပံ့ပိုးကူညီပေးသင့်ပါသည်။ သို့မှသာ ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ရည်ရွယ်ချက်များကို သင့်လျော်သလို ထည့်သွင်းစဉ်းစားနိုင်အောင် ကူညီပေးရာရောက်မည်ဖြစ်ပြီး အချက်အလက်များ၊ အသိပညာဗဟုသုတများ သို့မဟုတ် နားလည် သဘောပေါက်မှုများ မရှိခြင်း သို့မဟုတ် ရေတိုစီးပွားရေး အကျိုးကျေးဇူးများကို ဦစားပေးကာ ထိုရည်ရွယ်ချက်များကို လျှစ်လျူရှုထားခြင်းများ မဖြစ်ရအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

**စံသတ်မှတ်ချက် င-၆။** REDD+ ဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများအား စဉ်ဆက်မပြတ် တိုးတက်စေမည့် အခြေခံတစ်ခုအဖြစ် REDD+ မူဝါဒများနှင့် နည်းလမ်းများကို စောင့်ကြည့် လေ့လာရာ တွင် စီမံချက်အကောင်အထည်မဖော်မီ မူလက ရှိနေသော အခြေအနေများနှင့် နှိုင်းယှဉ်ကာ၊ စီမံကိန်း ရေးဆွဲသည့်အဆင့်တွင် သတ်မှတ်ဖော်ထုတ်ထားခဲ့သည့် ရရှိနိုင်ခြေရှိသော အကျိုး ကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ထည့်သွင်းစဉ်းစားကာ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ပုံမှန်စောင့်ကြည့်ခြင်းလုပ်ငန်း ပါဝင်သင့်ပါသည်။

**အခြေခံစည်းမျဉ်း စ။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် reversal များ ဖြစ်နိုင်ခြေကို ရှောင်ရှားနိုင်ရန် သို့မဟုတ် အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန် ရေးဆွဲဆောင်ရွက်သင့်ပါသည်။ 'reversal' ဟူသည်မှာ REDD+ PaM တစ်ခုသည် ကနဦးတွင် အောင်မြင်မှု ရရှိသော်လည်း နောက်ပိုင်းတွင် မူလအခြေအနေသို့ ပြန်ရောက်ကာ ကာဗွန်ထုတ်လွှတ်မှုများ နဂိုအတိုင်း ပြန်လည်ဖြစ်ပေါ်သည့် အခြေအနေ တစ်ခု ကို ဖော်ညွှန်းပါသည်။ ထိုအခြေအနေကို ဖြစ်ပေါ်စေနိုင်သော အရာတစ်ခုကို ဥပမာပြရ လျှင် REDD+ နည်းလမ်းတစ်ခုဖြင့် ထိန်းသိမ်းထားသော သို့မဟုတ် မူလအခြေအနေသို့ ပြန်လည် ရောက်ရှိအောင် ပြုစုပျိုးထောင်ထားသော သစ်တောတစ်ခု နောက်ဆုံးတွင် ပျက်စီးသွားခြင်း မျိုး ဖြစ်ပါသည်။ REDD+ PaM များ၏ အောင်မြင်မှုကို ပြောင်းပြန်ပြန်ဖြစ်စေသော reversal များ သည် ပြင်ပပယောဂများ (ဥပမာ လူဦးရေတိုးခြင်း သို့မဟုတ် ရာသီဥတုပြောင်းလဲမှု) ကြောင့် သို့မဟုတ် PaM များ၏ ဒီဇိုင်းတွင် အားနည်းချက်များ ပါရှိနေခြင်းကြောင့် (ဥပမာ လုပ်ဆောင်ချက်အား ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်မည့် ဘဏ္ဍာရေးအခြေအနေ မရှိခြင်း) ဖြစ်နိုင်ပါသည်။

**စံသတ်မှတ်ချက် စ-၁။** အဆိုပြုထားသော REDD+ မူဝါဒများနှင့် နည်းလမ်းများ၏ ဖြစ်နိုင်ခြေရှိမှုနှင့် အကျိုးသက်ရောက် နိုင်ခြေများကို လေ့လာဆန်းစစ်သောအခါတွင် ကောင်းကျိုးများ

ရေရှည်မခံဘဲ ဆိုးကျိုးများ ပြန်လည်ဖြစ်ပေါ်နိုင်သည့် (non-permanence) အန္တရာယ်များကိုလည်း ထည့်သွင်း ဆန်းစစ်သင့်ပါသည်။

ထိုသို့ဆန်းစစ်ရာတွင် မရည်ရွယ်ဘဲ ဖြစ်ပေါ်လာနိုင်ခြေရှိသော ဆွဲဆောင်အားပေးမှုများ (ဥပမာ မြေအသုံးချမှုမှ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာခြင်း) အပြင် ရေရှည်တွင် ရန်ပုံငွေရရှိနိုင်မှု၊ ဥပဒေအရ အာမခံချက်ရှိမှု သို့မဟုတ် ရာသီဥတု ပြောင်းလဲခြင်း သို့မဟုတ် လူမှုစီးပွားဆိုင်ရာ အပြောင်းအလဲများ ကဲ့သို့သော ပြင်ပပယောဂများနှင့် စပ်လျဉ်းသည့် အန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစား သင့်ပါ သည်။

**စံသတ်မှတ်ချက် စ-၂။** Non-permanence ဖြစ်နိုင်ခြေအန္တရာယ်ကို ဖော်ထုတ်တွေ့ရှိသော နေရာများတွင် မူဝါဒများနှင့် နည်းလမ်းများအား သင့်လျော်သည့် ပုံစံဖြင့် ရွေးချယ်ခြင်း၊ ဒီဇိုင်းရေး ဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့မှတစ်ဆင့် ထိုအန္တရာယ်များအား ကိုင်တွယ်ဖြေရှင်း သင့်ပါသည်။

**စံသတ်မှတ်ချက် စ-၃။** စီမံကိုင်တွယ်နိုင်အောင် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာမှုစနစ်အား ဒီဇိုင်းရေးဆွဲရာတွင် Reversal များကို ဖော်ထုတ်သိရှိနိုင်သည့် ဒီဇိုင်းမျိုး ရေးဆွဲသင့်ပါသည်။

**စံသတ်မှတ်ချက် စ-၄။** Reversal များကို ဖော်ထုတ်တွေ့ရှိရာမှ ရရှိခဲ့သော သင်ခန်းစာများအား အနာဂတ် မူဝါဒများနှင့် နည်းလမ်းများကို ဒီဇိုင်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားကာ ရေးဆွဲသင့်ပါသည်။

**အခြေခံစည်းမျဉ်း ဆ။** မြန်မာနိုင်ငံရှိ REDD+ မူဝါဒများနှင့် နည်းလမ်းများအား ဒီဇိုင်းရေးဆွဲအကောင်အထည်ဖော်ရာတွင် ကာဗွန်ထုတ်လွှတ်မှုများ နေရာရွှေ့ပြောင်း ဖြစ်ပေါ်မှုကို ရှောင်ရှားနိုင်ရန် သို့မဟုတ် အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန် ရေးဆဲဆောင်ရွက်သင့်ပါသည်။ ကာဗွန်ထုတ်လွှတ်မှုများ နေရာရွှေ့ပြောင်းဖြစ်ပေါ်ခြင်း (Displacement of emissions) ဆိုသည်မှာ REDD+ PaM တစ်ခုသည် ရင်းမြစ်တစ်ခု သို့မဟုတ် နေရာတစ်နေရာမှ ကာဗွန် ထုတ်လွှတ်မှုများကို အောင် မြင်စွာလျှော့ချနိုင်သော်လည်း တစ်ချိန်တည်းတွင် အခြားရင်းမြစ် တစ်ခု သို့မဟုတ် နေရာတစ်နေရာမှ ကာဗွန်ထုတ်လွှတ်မှုများ တိုးလာစေသည့် အခြေအနေ ဖြစ်ပါသည်။

**စံသတ်မှတ်ချက် ဆ-၁။** အဆိုပြုထားသော REDD+ မူဝါဒများနှင့် နည်းလမ်းများ၏ ဖြစ်နိုင်ခြေရှိမှုနှင့် အကျိုးသက်ရောက် နိုင်ခြေများကို လေ့လာဆန်းစစ်သောအခါတွင် displacement of emission များ ဖြစ်နိုင်ခြေကို ထည့်သွင်းဆန်းစစ်သင့်ပါသည်။ ထိုသို့ဆန်းစစ်ရာတွင် မြေအသုံး

ချမှုများ သွယ်ဝိုက်ပြောင်းလဲနိုင်ခြေ (ဥပမာ မြေအသုံးချမှုသည် နေရာတစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားခြင်း)နှင့် PaM တစ်ခု၏ မှန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုများအပေါ် အလုံးစုံသက်ရောက်မှု (ဥပမာ - သစ်တောပြုန်းတီးမှုအား အောင်မြင်စွာ လျှော့ချနိုင်သော PaM များပင်လျှင် မြေအသုံးချမှုသည် ကာဗွန်ကြွယ်ဝသော အခြားဂေဟစနစ်များသို့ ကူးပြောင်းသွားခြင်း မျိုးရှိပါက ကာဗွန်ထုတ်လွှတ်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်၊ ဥပမာ သစ်ဆွေးမြေ သို့မဟုတ် သစ်အခြေခံသော လောင်စာများ သို့မဟုတ် ထုတ်ကုန်ပစ္စည်းများကို အစားထိုးသော အရာများ ကိုယ်တိုင်က ကာဗွန်ထုတ်လွှတ်မှု မြင့်မားနေခြင်း) တို့ကို ထည့်သွင်း ဆန်းစစ်သင့်ပါသည်။

**စံသတ်မှတ်ချက် ဆ-၂။** ကာဗွန်ထုတ်လွှတ်မှုများ နေရာရွှေ့ပြောင်းဖြစ်နိုင်ခြေ အန္တရာယ်ကို ဖော်ထုတ်တွေ့ရှိသော နေရာများတွင် မူဝါဒများနှင့် နည်းလမ်းများအား သင့်လျော်သည့် ပုံစံဖြင့် ရွေးချယ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့မှတစ်ဆင့် ယင်းတို့အား ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။

**စံသတ်မှတ်ချက် ဆ-၃။** နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာမှုစနစ်အား ဒီဇိုင်းရေးဆွဲရာ တွင် မြေအသုံးချမှု သွယ်ဝိုက်ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော ကာဗွန်ထုတ်လွှတ်မှုများ နေရာရွှေ့ပြောင်းဖြစ်ပေါ်မှုကို ဖော်ထုတ်သိရှိကာ စီမံကိုင်တွယ်နိုင်သည့် ဒီဇိုင်းမျိုး ရေးဆွဲသင့် ပါသည်။

**စံသတ်မှတ်ချက် စ-၄။** ကာဗွန်ထုတ်လွှတ်မှုများ နေရာရွှေ့ပြောင်းဖြစ်ပေါ်မှုကို ဖော်ထုတ် တွေ့ရှိရာမှ ရရှိခဲ့သော သင်ခန်းစာများအား အနာဂတ် မူဝါဒများနှင့် နည်းလမ်းများကို ဒီဇိုင်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားကာ ရေးဆွဲသင့်ပါသည်။